www.burmeseclassic.com

# မောင်ညိုမှိုင်း(သန့်လျင်)

စီစဥ်သော


# ရင်ကွဲရရစ်

နှင့်

# လွှမ်းစေတီ

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ



BURMESE CLASSIC .com

(မော)င်ညိုမှိုင်း(သန့်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ ဟန်သစ်ပင်၊ အောင်သာမိုး၊ နှယ်ရှင်(ရွှေကျင်မြို့)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၈၆၀၄၁၀
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၈၀၀၀၇၁၀

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၀၊အောက်တိုဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်
အမှတ်(၁၂၁)၊ အလုံ
အလုံမြို့နယ်၊ ရန်ကုန်

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ကျပ်


၈၉၅ ・ ၈၃
မောင်ညိုမှိုင်း
ရင်ကွဲဇရပ်နှင့်လွမ်းစေတီအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ/မောင်ညိုမှိုင်း(သန်လျင်)။
– ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၂၀၀–စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁) ရင်ကွဲဇရပ်နှင့်လွမ်းစေတီအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

## မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် ကာယသိဒ္ဓိဖွတ်ကျား<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | ရင်ကွဲဇရပ်နှင့် လွမ်းစေတီ<br>*ထောင်မှူးကြီးသိန်းဝင်း* | ၃၂ |
| ၃။ | ကျားချောင်းက ကိုးလောင်းတစ္ဆေ<br>*ဟန်သစ်မင်း* | ၆၃ |
| ၄။ | မြသီး "မြစိုးရှင်" တောင်ပေါ်မှာရှိသည်<br>*အောင်သာမိုး* | ၁၂၁ |
| ၅။ | ရောင်ပြန်မေတ္တာ<br>*နွယ်ရှင် (ရွှေကျင်မြို့)* | ၁၄၂ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ကျွန်ုပ်တို့ ခေတ်မီသိပ္ပံသမားအုပ်စုသည် မိမိကိုယ်မိမိ လွန်စွာ အထင်ကြီးနေမိကြ၏။ သိပ္ပံပညာ ရူပဗေဒပညာ ဓာတုဗေဒပညာရပ်များအကြောင်း ကျွန်ုပ်တို့လောက်သိမည့်သူ မြန်မာပြည်မှာမရှိဟု စွဲယူထား၏။

ရူပဗေဒသိပ္ပံပညာရပ်များကို အင်္ဂလန်နိုင်ငံ တော်ဝင်သိပ္ပံတက္ကသိုလ်မှ ကျွန်ုပ်တို့ဆည်းပူးခဲ့၏။

အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့မှာ ကျင်းပပြုလုပ်သည့် နိုင်ငံတကာ သိပ္ပံရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲများမှာ ကျွန်ုပ်တို့ သိပ္ပံပညာရပ်ဆိုင်ရာစာတမ်းများ ဖတ်သွင်းဆွေးနွေးခဲ့၏။



BURMESE CLASSIC .com



သို့ဖြစ်၍ ကျွန်ုပ်တို့အုပ်စုသည် သိပ္ပံပညာ၏ တွေ့ရှိချက်များမှအပ ပရဝိဉာဉ်လောကကို သက်ဝင်ယုံကြည်မှုမရှိ။ ဂမ္ဘီရဆန်းကြယ်ပညာရပ်များကို လက်မခံ။

ဒါပေသည့် ကျွန်ုပ်တို့၏ဆရာဖြစ်သော အရှေ့တိုင်းစိတ်ပညာပါမောက္ခကြီး ဦးနေမင်းရောင်ထိန်ကမူ စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများကို စိတ်ဝင်စားသူ သုတေသနပြုနေသူ စာအုပ်များရေးသူဖြစ်ရကား ဆရာကြီးနှင့်တော့ ဝါစဉ်အရ တုဖက်မပြိုင်ရဲ။

ဆရာကြီး ဦးနေမင်းရောင်ထိန်ကတော့ . . .

"စိတ်ပညာကို မင်းတို့ မစူးစိုက်မိသေးလို့ သိပ္ပံပညာကို တစ်ဖက်စောင်းနင်း အထင်ကြီးနေကြတာ။ စိတ်ပညာမှာ စိတ်နယ်လွန်ဖြစ်ရပ်ဆန်းတွေ အများကြီးရှိတယ်။ ယူရီဂဲလားလို ပုဂ္ဂိုလ်မျိုးဆိုရင် စိတ်ဝင်စားစရာ သိပ်ကောင်းတယ်။ လက္ခဏာပညာရှင် ကိုင်ရိုလည်းပစ်ထားလို့မရဘူး။

တို့မြန်မာမှာ လူတစ်ယောက်ရဲ့ အတွင်းစိတ်သဘောကို ထိုးဖောက်သိမြင်တဲ့ စိန္တာမယဉာဏ်စဉ်၊ ဒိဗ္ဗစက္ခုဉာဏ်စဉ်၊ အတိတ်ဘဝကို ပြန်ပြောနိုင်သည့် လူဝင်စားခေါ် ဇာတိဿရဉာဏ်စဉ် ရင့်မာသူတွေ ရှိတယ်။

အိန္ဒိယနိုင်ငံ ဟိမဝန္တာခရီးလမ်းကြောင်းက ဖကီးတွေ၊ ဆာဒူးသူတော်စင်ကြီးတွေ၊ တို့မြန်မာနိုင်ငံက ရဟန္တာလို့ ကျော်စောထင်ရှားသည့် ပုဂ္ဂိုလ်ထူးတွေဟာ စိတ်ပညာရပ်အရပြောရရင် စိတ်စွမ်းအားမြင့်မားသူ ဝယ်လ်ပါဝါ(Will Power)တွေပဲ။ မတွေ့ဘူးရင် ယုံမှာမဟုတ်ဘူး။ တွေ့ဖူးကြုံဖူးသူများကတော့ အံ့သြဆန်းကြယ်ဖြစ်ရော။

ကမ္ဘာနဲ့မြန်မာ ဘယ်လိုကွာသလဲဆိုတော့ တို့မြန်မာနိုင်ငံက



www.burmeseclassic.com

www.burmeseclassic.com



စိတ်စွမ်းအားရှင် ပုဂ္ဂိုလ်ထူးများက သူတို့ရဲ့ စိတ်စွမ်းအား၊ ဂမ္ဘီရပညာရပ်များကို လူပုံအလယ်မှာ ထုတ်ပြလေ့မရှိဘူး။ ပြချင်ရင်လည်း အတုနဲ့အစစ် ရောထွေးမသွားရအောင် အရေးအကြောင်းရှိလို့ ကွဲပြားအောင် ပြဖို့လိုမှ မလွှဲမကင်းသာ ထုတ်ပြတာမျိုး။

လူတစ်ယောက်ရဲ့ဘဝကို ကယ်တင်ရမည့်အချိန်မျိုး အမှန်တကယ်လိုအပ်မှ သူတို့ရဲ့ စိတ်ပညာ ဂမ္ဘီရဆန်းကြယ်ကို အသုံးပြုလေ့ရှိတယ်။ အနောက်နိုင်ငံတို့၊ ဥရောပနိုင်ငံတို့ကျတော့ ဒီလိုမဟုတ်ဘူး။ သေ့ဝိဇ္ဇာဆရာကြီး ဟူဒီနီတို့၊ ယူရီဂဲလားတို့ကျတော့ သူတို့ရဲ့ စိတ်ပညာ ဆန်းကြယ်ပညာရပ်များကို နိုင်ငံတကာလှည့်ပြီး ပြသကြတယ်။ အခကြေးငွေယူကြတယ်။ ဒီလိုကွာခြားကြတယ်။

ဒီကနေ့ဆိုရင် ရုပ်ဝါဒနိုင်မာသည့် နိုင်ငံကြီးများကိုယ်တိုင် စိတ်ပညာနဲ့ စိတ်နယ်လွန် အသုံးချပညာရပ်ကို စပါယ်ရှယ်လေ့လာမှု ပြုနေကြတယ်။ သူတို့က စိတ်ပညာ၊ စိတ်ပါဝါကို တိုက်ချင်းပစ်ဒုံးပျံလိုမျိုး။ တိုက်ချင်းပစ် ဒုံးပျံကြားဖြတ်ဟန့်တား၊ စိတ်လက်နက်လိုမျိုး အသုံးပြုဖို့ အစွမ်းကုန် လေ့ကျင့်ကြိုးစားနေကြပြီ''

''အဲဒီလိုကြိုးစားတာ တကယ်ရော အောင်မြင်မှာလား ဆရာကြီး''

''အတန်အသင့် အောင်မြင်နေပါပြီ''

''ဘယ်လိုထူးခြားလာမလဲ ခင်ဗျာ''

''ဒီလို စိတ်ပညာရှင်မျိုး အဆင့်မြင့်ပညာရှင်များ ပေါ်ထွန်းလာရင် စစ်အသုံးစရိတ်သက်သာသွားပြီး လက်ဦးမှုကို ရယူနိုင်မယ်လို့ သူတို့ မျှော်မှန်းနေကြတာကိုး''

''စောင့်ကြည့်ရဦးမှာပေါ့ ဆရာကြီး''

စိတ်ကူးသစ်စာပေ



''ဒါပေါ့ စောင့်ကြည့်ရဦးမှာပေါ့။ ငါတို့မြန်မာက ငြိမ်းချမ်းခြင်းကို ရှေးရှုပြီး သူတို့က အကျိုးစီးပွားရှုထောင့်ကနေ ကြည့်တယ်။ ဒါပဲကွာတယ်။ ဆန်းကြယ်မှုကတော့ ဆန်းကြယ်မှုပဲ။ စိတ်ပညာရဲ့ ဆန်းကြယ်မှုကို သိပ္ပံပညာက တိကျစွာ ခွဲခြမ်းစိတ်ဖြာနိုင်ဖို့ကတော့ အချိန်အများကြီး လိုအပ်နေဦးမှာ''

အရှေ့တိုင်းစိတ်ပညာဌာနမှူး ပါမောက္ခကြီးရဲ့စကားကို ကျွန်တော်တို့ ငြင်းဆန်ချင်ပါသော်လည်း ကိုယ့်ဆရာသမားတစ်ဦး ပညာရှင်အကြီးအကဲတစ်ဦးဖြစ်နေ၍ ကဏ္ဍကောစမလုပ်ခဲ့တော့ . . .

စိတ်ထဲမှာတော့ လုံးဝလက်မခံနိုင်သေး။

သိပ္ပံပညာလောက် မြေလျှိုးမိုးပျံနိုင်တာ ဘယ်လိုလူမျိုးများ ရှိနေသေးလို့လဲ။

သို့ကလို ကိုယ်ယုံကြည်သည့် ပညာရပ်ဘက်မှ အနိုင်အမာ ရပ်တည်ဂုဏ်ယူနေချိန်မှာပဲ ကျွန်ုပ်တို့သည် ထူးဆန်းလှစွာသော ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။

www.burmeseclassic.com

[ ၂ ]

❑

ပြီးခဲ့သည့် လပေါင်းများစွာက ကျွန်ုပ်သည် ဂမ္ဘီရလောက မဂ္ဂဇင်း၊ သည်းထိတ်ရင်ဖိုမဂ္ဂဇင်းများမှာ လစဉ်နီးပါးရေးခဲ့သည့်အတိုင်း ဝိဇ္ဇာလိုလိုပုဂ္ဂိုလ်မျိုး၊ မှော်ဆရာလိုလိုပုဂ္ဂိုလ်မျိုး၊ အထက်လမ်းဆရာလိုလို၊ အောက်လမ်းဆရာလိုလို၊ ဘိုးတော်လုလုမှီ ယောက်ျားမိန်းမများကို ပညာစစ်မစစ်ဖော်ထုတ်ရင်း ထိုအတုအယောင် လူလိမ်လူညာများအား လူ့အဝန်းအဝိုင်းမှ ကျွန်ုပ်တို့ ဖယ်ထုတ်ဖော်ထုတ်ခဲ့ရကား ...

ကျွန်ုပ်နှင့် ကိုဓာတုဗေဒတို့ကို ပရလိုလို၊ ပရောက်လိုလို၊ ပလုံလိုလို အသိုင်းအဝိုင်းမှလူများက လွန်စွာ မုန်းတီးစက်ဆုပ်ကြလေ၏။





တစ်နေ့သောအခါ ကျွန်ုပ်တို့နှစ်ဦးသည် ဈေးရှေ့မှာပြနေသည့် မျက်လှည့်ဝိုင်းသို့ ဝင်ရောက်လေ့လာကြလေ၏။

မြေဝိုင်းမျက်လှည့်ပင်ဖြစ်သော်လည်း စိတ်ဝင်စားစွာ ကြည့်နေသည့်လူအုပ်ကြီးက မနည်းလှ။

မြေဝိုင်းစည်းဝိုင်းအတွင်းမှာ ဘင်တီးသူ လူငယ်တစ်ဦးနှင့် မျက်လှည့်ဆရာတစ်ဦးတို့ရှိနေကြ၏။ ဘင်သံကား ဆူညံနေ၏။

မျက်လှည့်ဆရာကိုယ်ပေါ်မှာ အင်းကွက်များပြည့်လုခမန်းရှိ၏။ ဆရာလုပ်သူက အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေးကျင်စွယ်၊ ဘောင်းဘီရှည်နှင့် ဘိုကေကို နောက်လှန်ဖြီးထားရကား လွန်စွာခံ့ညား လေးစားဖွယ်ရုပ်မျိုးဖြစ်၏။

နောက်ခံ သစ်သားဘုတ်မှာ သုံးကျွန်းပြန် 'ဆရာမိုး' ဟူ၏။

သူ့အနီးဝန်းကျင်မှာ မြွေဟောက်သေတ္တာနှင့် စပါးကြီးမြွေသေတ္တာနှစ်လုံးရှိ၏။ မြွေဟောက်ကား မြွေသေတ္တာထဲမှနေ၍ ပါးပျဉ်းခွက်ပြီး အရပ်လေးမျက်နှာကို ကြည့်နေ၏။

စပါးကြီးမြွေကြီးကမူ သေတ္တာထဲမှာ တစ်ပုံတစ်မကြီးခွေလို့။

"သုံးကျွန်းပြန် ဆရာမိုးဆိုတာ ကျွန်တော်ပါပဲ ပရိသတ်ကြီးခင်ဗျာ။ ကျွန်တော် ရာဇဝင်လူဆိုး၊ လူသတ်သမား ကျွန်းပြန်မဟုတ်ပါဘူး။ ကျွန်တော် ဂမ္ဘီရပညာရပ်များကို နယ်စုံအောင် လှည့်လည်လေ့လာရင်း ကိုကိုးကျွန်း၊ ကပ္ပလီကျွန်း၊ မုတ်ကျွန်း ကျွန်းသုံးကျွန်းက ဆရာခိုင်၊ ဆရာမြိုင်၊ ဆရာဆိုင် စသည့် ဂမ္ဘီရ ဂန္ဓာရီဆရာကြီးများထံမှာ ပညာရင်နို့သောက်စို့ခဲ့သူပါ။

စုန်း၊ တစ္ဆေ၊ ကဝေ၊ မြေဖုတ်၊ သရဲ၊ ကျတ်၊ အသူရကာယ ဘာကောင်မျှဂရုမစိုက်ပါဘူး။ ပညာပြိုင်ချင်ရင် ကျွန်တော့်ကို ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားလိုက်ပါ။ အခကြေးငွေ တစ်ပြားတစ်ချပ်မျှမယူဘဲ ရောဂါ ပျောက်အောင် နေရာတင်ကုပေးပါ့မယ်။ ပြုစားသူ ပညာသည့်ကိုယ်တိုင် ဒူးထောက်ခစားပြီး ကျွန်တော်ကျွန်မ မှားပါပြီလို့ မျက်ရည်ပေါက်ကြီး ငယ်ကျပြီး ငိုတောင်းပန်ရပါစေ့မယ်။

ပြောနေတာကြာပါတယ် . . . လိုရင်းပဲ ပြောပါတော့မယ်။ ဒီ အရပ်ဒီဒေသက ပွဲလမ်းသဘင် အပျော်အရွှင်များသည့်အရပ်ပါ။ ပွဲလမ်း သဘင်မှာ လူငယ်တွေ ခိုက်ရန်ဖြစ်ပွားလေ့ရှိတတ်ကြပါတယ်။ ကိုယ်ခံ သိုင်းပညာ ဗန်တိုဗန်ရှည် တတ်မထားရင် ကိုယ်ခံရဖို့များတာပဲ။ ကိုယ် ကောင်းလို့ ခေါင်းမရှောင်ပေမဲ့ သူများမကောင်းရင် ခေါင်းရှောင်ရတာပဲ မလိုသူ ရန်သူဆိုတာ အချိန်မရွေး အခါအခွင့်ချောင်းပြီး ကိုယ့်ကို ရန်မူမှာပဲ။

အဲဒီလို တုတ်ဓားလက်နက် သေနတ်များနဲ့ ရန်မူလာရင် ကိုယ်ခံဆေးလေး၊ အဆောင်လေးရှိနေမှ ခုတ်မရ ထိမရ လွဲချော်ပြီး အသက်ရှည်ရမှာကိုး။ လူဟာ အသက်ရှည်ကျန်းမာမှ စီးပွားရှာလို့ရ မယ်။ ချစ်သူနဲ့ ပျော်ရွှင်ကြည်နူးနိုင်မယ်။ အလိုရှိရာကို အန္တရာယ်ကင်း ဘေးရှင်း သွားလာနိုင်မှာပေါ့။ အဲဒါအတွက် ကျွန်တော့်မှာ ကာယသိဒ္ဓိ တစ်ပွဲတိုး အစီအရင်ဆေးစွမ်းများ ပါလာခဲ့ပါတယ်''

ဒီမှာ ဆရာသုံးကျွန်း ပြန့်ကြီးက သစ်သားဘူးတစ်ခုကို ဖွင့် လိုက်ပြီး ဖြူဖြူအလုံးလေးများကို လက်ဝါးထဲမှာဖြန့်ပြပြီး . . .

''ဟော . . . ဒါ ကာယသိဒ္ဓိထုံးမန်းပါ။ တစ်ပွဲတိုးထုံးမန်း၊ နှစ်ပွဲတိုးထုံးမန်းရယ်လို့ ရှိပါတယ်။ ဒီကာယသိဒ္ဓိဆေးထုံးမန်းကို ကျွန် တော်ရဲ့ဆရာများဖြစ်ကြတဲ့ သုံးကျွန်းသုံးဆရာ ဂမ္ဘီရဆရာကြီးများဖြစ် ကြတဲ့ ဆရာမြိုင်၊ ဆရာခိုင်၊ ဆရာဆိုင်တို့သုံးဦးကိုယ်တိုင် နာမည်





ကြီးသချိုင်းကိုးခုမှာ သန်းခေါင်ကိုးည အဓိဋ္ဌာန်ဝင်ပြီး နက္ခတ်နဲ့စီရင် မန်းမှုတ်ထားသည့် ကာယသိဒ္ဓိဆေးစွမ်းကောင်းများပါ''

''ခင်ဗျားက ပါးစပ်ပြောပဲရှိသေးတယ်၊ လက်တွေ့ပြမှ ယုံမှာ ပေါ့လို့ ပရိတ်သတ်ကြီးက ဆိုကြတယ်။ ကျွန်တော် လက်တွေ့ပြပါ့မယ်။ ဟော . . . ဒါငှက်ကြီးတောင် ဓားပါ။ ဘယ်လောက်ထက်သလဲဆိုတာ ကြည့်ပါခင်ဗျ''

ဒီမှာ သူက လက်ထဲက ငှက်ကြီးတောင်ဓားသွားနှင့် သစ်ကိုင်း တစ်ကိုင်းကို ခုတ်ပြသည်။ သစ်ကိုင်း တခါနဲ့ပြတ်သွား၏။

နှစ်တစ်လက်မ ကျွန်းချောင်းကို ခုတ်ပြ၏။ ပြတ်သွား၏။

''အားလုံး အမြင်ပါပဲ။ ကောင်းပြီ။ ကျွန်တော် လက်ဖျံကို ဟောဒီလို စင်းပေးထားမယ်။ ဒီဓားနဲ့ ဘယ်သူဝင်ခုတ်ရဲသလဲ။ ခုတ်ရဲ သူရှိရင် ဝင်ခဲ့ပါ။ လက်ပြတ်သွားရင် ကျွန်တော် ဘယ်သူ့မှ အရေး မယူပါဘူး။ အားလုံးရှေ့မှာ ကတိပေးတယ်။ ကိုင်း . . . ခုတ်ရဲသူရှိရင် ဝင်ခဲ့ပါ၊ ဝင်ခဲ့ကြပါ''

မည်သူမျှ ဝင်မခုတ်ရဲကြ။

''ရှုပ ဝင်ခုတ်မလား''

ကိုဓာတုက ကျွန်ုပ်ကိုလက်တို့၍ မေးလိုက်သည်။

''မတော်လို့ပြတ်သွားရင် ဘယ်လိုလုပ်မလဲ။ ဆေးရုံရောက် ရင် ရဲကအမှုဖွင့်မှာပဲ။ အသာနေစောင့်ကြည့်ကြစို့''

''ကျုပ်ခုတ်မယ်ဗျို့''

အလို အသံကြားလို့လှည့်ကြည့်လိုက်တော့ ကျုပ်တို့နောက် ကအသံ။ လူက ဗလကောင်းကောင်း၊ အသားမည်းမည်း။

''နောင်ကြီး ခုတ်မှာလား''



www.burmeseclassic.com

www.burmeseclassic.com



"ခုတ်မယ်။ ခင်ဗျားလက်ပြတ်ရင် ရဲမတိုင်ဘူးနော်"

"စိတ်ချ . . . ကိုင်း . . . အထဲကို ဝင်ခဲ့ပါ။ ဒါနဲ့ နောင်ကြီး နာမည် ဘယ်လိုခေါ်ပါသလဲ ခင်ဗျ"

မျက်လှည့်ဆရာ သုံးကျွန်းပြန်ဆရာမိုးက မေးလေရဲ့။

"ကိုမဲကြီးလို့ ခေါ်ပါတယ်"

"ကောင်းပြီ ကိုမဲကြီး၊ ခင်ဗျား ဘယ်နှစ်ချက်ခုတ်မှာလဲ ခင်ဗျ"

"နှစ်ချက်ပဲခုတ်ပါမယ်"

"ရော့ . . . ဓား . . ."

ဆရာမိုးက ပရိသတ်ထဲကဝင်လာသူ ကိုမဲကြီးရဲ့လက်ထဲကို ငှက်ကြီးတောင်ဓား လှမ်းပေးပြီး . . .

"ဟောဒါ . . . တစ်ပွဲထိုးကာယသိဒ္ဓိ ထုံးမန်းပါ။ ရေမကူဘဲ မျိုချလိုက်ပါမယ်။ ကြည့်ကြပါ"

ဆရာမိုးဆိုသူက သစ်သားဘူးထဲမှ ဖြူဖြူအလုံးတစ်လုံးကို ထုတ်ယူလိုက်ပြီး အာမထိလျှာမထိ မျိုချလိုက်သည်။ သုံးကြိမ်ခန့် မျိုချမှ အထဲကိုဝင်သွားပုံရ၏။

"ကိုင်း . . . ကိုမဲကြီး ခုတ်တော့"

ဆရာမိုးက ညာလက်ဖျံကို ဆန့်ပေးထား၏။ ပရိသတ်ကား တုန်လှုပ်ချောက်ချားမျက်နှာများနှင့် ကြည့်နေကြ၏။ ဒီမှာ ကိုမဲကြီးက ဓားကိုလက်စုံကိုင်၍ ခုတ်ချလိုက်သည်။

"ဒုတ်"

"ဟာ"

"ဟယ်"

"မပြတ်ဘူးဟ"





"စွမ်းလှချည်လားဟ"

ဓားခုတ်သူ ကိုမဲကြီးရဲ့မျက်မှာမှာ အံ့သြရိပ်များ ဖြာသွားသန်းသွား၏။ ဆရာမိုးကား ကိုမဲကြီးကို ပြုံးပြုံးကြီးစိုက်ကြည့်ရင်းမှ . . .

"နောက်တစ်ချက် ခုတ်လိုက်ပါဦး ကိုမဲကြီး"

ကိုမဲကြီးက ဒီတစ်ခါအားသွင်း၍ ဓားကိုမြှောက်ကိုင်လိုက်၏။ လက်မောင်းကြွက်သားများ တဖြောင်းဖြောင်း ထသွား၏။

"ဗိုး"

"ဒုတ်"

လက်ဖျံမြောက်တတ်သလို ဓားလည်း ခုန်သွားလေ၏။

"ဟာ"

"ဟယ်"

"မပြတ်ပါလားဟ"

"အားကျလိုက်ပါဘိကွာ"

ပရိတ်သတ်များရဲ့မျက်နှာပေါ်မှာ အံ့သြစိတ်များ ဖုံးလွှမ်းသွား၏။ 'ဟာ . . . ဟယ်' အာမေဍိတ်သံများ ဆူညံသွား၏။ ကိုမဲကြီးကား ငှက်ကြီးတောင်ဓားကိုကိုင်ပြီး ဆရာမိုးကို လေးစားစွာကြည့်နေလေ၏။

ကျွန်ုပ်တို့လည်း မျက်စိရှေ့မှောက်မှာမို့ အံ့အားသင့်နေကြ၏။

"ကိုမဲကြီး ထပ်ခုတ်ချင်ပါသေးလား"

"မခုတ်ချင်တော့ပါဘူးဆရာ"

"ဘာဖြစ်လို့လဲ"

"ဆရာရဲ့ ကာယသိဒ္ဓိဆေးအစွမ်းကို ယုံလို့ပါ"

"သိုင်းကျူး . . . ကိုမဲကြီး၊ ခင်ဗျားကို ကျွန်တော်အရမ်း ကျေးဇူးတင်ပါတယ်။ ခင်ဗျားရဲ့ဓားခုတ်ချက်က ပြင်းလွန်းအားကြီးပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဖက်ကိုခုတ်လိုက်ရင် ခေါင်းတခြားကိုယ်တခြား ဖြစ်သွားမှာ ဧကန်ပါ။

ရော့ ... ကိုမဲကြီး ဒါခင်ဗျားကို ကျွန်တော်ကျေးဇူးပြုတာပါ။ ဒီကာယသိဒ္ဓိထုံးမန်းကို ဆောင်ထားပါ။ အရေးအကြောင်းရှိရင် အာမထိလျှာမထိ မျိုချပါ။ အနန္တော၊ အနန္တငါးပါးကို ရိုသေလေးစားပါ။ အရက်မသောက်ပါနဲ့။ လင်ရှိမယား ကာမဂုဏ်မကျူးလွန်ပါနဲ့။ ကျွဲသားနွားသား မစားပါနဲ့။ ရော့ ...''

ကိုမဲကြီးကား ဝမ်းသာအားရမျက်နှာနှင့် ကာယသိဒ္ဓိထုံးမန်းငါးလုံးကိုယူပြီး ပရိသတ်အတွင်းသို့ ပြန်ဝင်သွားလေ၏။

''ပရိသတ်ကြီးခင်ဗျား ... ခုဆိုရင် ကျွန်တော်ရဲ့ ကာယသိဒ္ဓိထုံးမန်းစားပြီးတာကို ပရိသတ်ကြီး လက်တွေ့မြင်ပါပြီ။ နောက်တစ်မျိုးပြီးစွမ်းပြပါဦးမယ်။ ဟောဒါ ... အုတ်ခဲငါးလုံးပါ။ ဒီအုတ်ခဲငါးလုံးအနက် ကြိုက်ရာအုတ်ခဲနဲ့ ကျွန်တော့်ဦးခေါင်းကို ထုပါ။ လုံးဝမကွဲစေရပါဘူး။ အဲဒီတော့ မေးကြမယ်။ အုတ်ခဲကရော အုတ်ခဲစစ်ရဲ့လား။ ပေါင်မုန့်ကြွပ်အုတ်ခဲများလားလို့။ ကျေးဇူးပြုပြီး ပရိသတ်ထဲက လူကြီးသက်ကြီးတစ်ယောက် ခဏလေးဝင်ခဲ့ပါ။ အုတ်ခဲစစ်မစစ် ဝင်စစ်ဆေးပါ။ အဘ ဝင်ကူညီပါခင်ဗျာ''

ဒီမှာ ရှေ့ဆုံးကနေကြည့်နေသည့် အသက် (၅၀)ခန့် လူကြီးတစ်ဦးက စည်းဝိုင်းအတွင်းဝင်သွားပြီး အုတ်ခဲများကို စစ်ဆေးကြည့်လေ၏။

ဦးစွာ တစ်ချပ်ချင်း မ,ကြည့်၏။
ခေါက်ကြည့်၏။ ဆ,ကြည့်၏။
''ဘယ့်နှယ်လဲ အဘ''





''စစ်ပါတယ် ဆရာ''

''ကိုင်း ... အုတ်အကြောင်းနားလည်သည့် ဟောဒီဘကြီးက အုတ်ခဲအစစ်ပါလို့ ပြောနေပါပြီ။ နောက်ထပ် စစ်ဆေးကြည့်ချင်သူရှိရင် ဝင်ခဲ့ပါ''

မည်သူမျှ ဝင်မလာကြတော့ပါ။ လူကြီးက သူ့နံဘေးကလူကို အုတ်ခဲစစ်မှန်ပါကြောင်း ပြောပြနေ၏။

''အုတ်ခဲ စစ်မစစ် ဒီမှာကြည့်ပါ ခင်ဗျာ''

ဆရာမိုးက အပေါ်ဆုံးက အုတ်တစ်ချပ်ကိုယူ၍ တူနှင့်ထုခွဲလိုက်၏။ ထန်ခနဲအသံမြည်ပြီး အုတ်ခဲကျိုးသွား၏။

''ကိုင်း ... ဒီအုတ်ခဲနဲ့ ကျွန်တော့်ဦးခေါင်းကို အထုခံပါမယ်။ ကြိုက်တဲ့လူ ဝင်ထုပါ။ ကျေးဇူးပြုလို့ ထုမည့်သူတစ်ဦး ဝင်ခဲ့ပေးပါခင်ဗျာ''

ဒီမှာပဲ ဂင်တိုတို ဗလကောင်းကောင်းနှင့် လူတစ်ဦးဝင်လာ၏။

''နောင်ကြီး ထုမှာလားခင်ဗျား''

''ဟုတ်ကဲ့''

''နောင်ကြီး အမည်ဘယ်လိုခေါ်ပါသလဲ ခင်ဗျ''

''ကိုသံခဲလို့ခေါ်ပါတယ်''

''ဟုတ်ကဲ့ ... နာမည်နဲ့လိုက်အောင် သန်မာပုံပါပဲခင်ဗျား။ ကိုင်း ... ကိုသံခဲခင်ဗျား အဲဒီကျန်အုတ်ခဲ လေးလုံးအနက်က ကြိုက်ရာအုတ်ခဲနဲ့ ကျွန်တော့်ခေါင်းကိုထုပါ''

ဒီမှာကိုသံခဲဆိုသူက အုတ်ခဲလေးလုံးအနက်မှ သူကြိုက်ရာအုတ်ခဲကို ဆ,လိုက်၊ မြှောက်လိုက်၊ ခေါက်ကြည့်လိုက်လုပ်ပြီးနောက်-



www.burmeseclassic.com

www.burmeseclassic.com



"ဒီအုတ်ခဲနဲ့ ထုပါမယ်"

"ဟုတ်ပါပြီ၊ ကြိုက်ရာအုတ်ခဲနဲ့ထုပါ။ ခဏလေး . . . ခင်ဗျ အုတ်ခဲနဲ့ အထုမခံခင် ကျွန်တော်ဦးခေါင်းဆံပင်ကြားမှာ ကြားခံပစ္စည် ဘာမှမရှိဘူးဆိုတာကို ပရိသတ်များယုံကြည်အောင် စမ်းကြည့်ကြ ခင်ဗျား"

ဆရာမိုးကပြောရင်း ပရိသတ်များသို့ သူ့ဦးခေါင်းကို ထိုးပေ ၏။ ယောက်ျားကြီးလေးငါးဦးက ဆံပင်ကို စမ်းကြ၏။ ကျွန်ုပ်အနီးသ ရောက်လာသောအခါ ကျွန်ုပ်ကလည်း သူ့ဆံပင်ကြား လက်ငါးချော ထိုး၍ စမ်းကြည့်၏။ ဟုတ်ပေ၏။ ကြားခံပစ္စည်း အခုအခံ ဘာဆိုဘာ မရှိ။

"ကိုင်း . . . အားလုံးကို ကျွန်တော်ယုံကြည်မှုရှိအောင် ပြ ပါပြီ။ ကိုင်း . . . ကိုသံခဲခင်ဗျာ . . . ရဲရဲသာထုပါတော့ ခင်ဗျာ"

သူက ကိုသံခဲဆိုသူရှေ့မှာ လက်ပိုက်လို့ ထိုင်ပြီး ခေါင်း မတ်ပေးထား၏။ ဒီမှာ ဗလကြီးကိုသံခဲက အုတ်ခဲကို လက်နှစ်ဖက်နှ စုံကိုင်ပြီး မျက်စိမှိတ်အာရုံပြုနေသည့် ဆရာမိုးခေါင်းကို အားကုန်ထု လိုက်သည်။

"ခွပ်"

"ဟာ"

"ဟယ်"

"ဟာ . . . မိုက်လှချည်လားကွာ"

"ရှားပါပေ့ ဆရာမိုးရာ . . . အံ့ရော"

အံ့ဖွယ်ကောင်းလေစွ။ အုတ်ခဲသည် ဆရာမိုးဦးခေါင်းနှင့်ထိပြ ထက်ပိုင်းကျိုးရုံမက မွမွကြေသွား၏။ ကိုသံခဲအံ့သြနေ၏။





"ကိုသံခဲ"

"ခင် . . . ဗျာ"

"နောက်ထပ်ကြိုက်ရာအလုံးနဲ့ ထပ်ထုလိုက်ပါဦးခင်ဗျာ။ လုပ်ပါ အားမနာပါနဲ့။ ထပ်ထုစမ်းပါ"

ကိုသံခဲကလည်း စိတ်ကြိုက်အုတ်ခဲတစ်လုံးကို ထပ်ရွေးလိုက် ပြီး ဈာန်ဝင်သလိုလုပ်နေသည့် ဆရာမိုးရဲ့ဦးခေါင်းကို ထပ်ထုလိုက် ပြန်သည်။

"ဖောင်း"

"သွားပေါ့ အုတ်ခဲ"

"အလိုလေး . . . မာလိုက်တဲ့ ခေါင်းဗျာ"

"ခေါင်းမာတာမဟုတ်ဘူးဗျ။ ဆေးစွမ်းနေတာ"

"ကိုင်း . . . ကိုသံခဲ ကျေနပ်ပြီလား။ ထပ်ထုချင်သေးသလား"

"ကျေ . . . ကျေနပ်ပါပြီ ဆရာ"

"ကျေးဇူးတင်ပါတယ် ကိုသံခဲ။ အခုလို ဝင်ရောက်ကူညီသည့် အတွက် ရော့ . . . ခင်ဗျားလိုအပ်ရင်သုံးဖို့ ကာယသိဒ္ဓိထုံးမန်းငါးလုံး"

"ကျေး . . . ကျေးဇူးပါပဲ ဆ . . . ဆရာ"

"ရတယ် . . . ဩော် . . . ကိုသံခဲ၊ ခင်ဗျား ဒီဆေးလုံးတွေကို ရောင်းမစားရဘူးနော်"

"ဘာဖြစ်လို့ပါလဲ ဆရာ"

"ရောင်းစားရင် စည်းပေါက်ရော။ စည်းပေါက်ရင် လုံးဝမစွမ်း တော့ဘူး။ အဲဒီကျရင် ခင်ဗျား ဘယ်လိုပစ္စည်းနဲ့မှ အရိုက်အထုမခံ နဲ့။ ပွဲချင်းပြီးသေရော၊ နားလည်လား"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ရိုရိုသေသေ သိမ်းထားပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာ''

''ကိုင်း . . . အားလုံး မျက်မြင်ကိုယ်တွေ့ပါပဲ။ ခုနေ သေနတ် ရှိရင်၊ အသုံးပြုလို့ရရင် သေနတ်နဲ့စမ်းပြချင်ပါတယ်။ ဒါပေမဲ့ ဥပဒေ နဲ့အကြိုးမဝင်လို့ မစမ်းပြပါရစေနဲ့။ ဒါကြောင့် အလိုရှိသူများ လက်ဝ ဖြန့်ထားပါ။ တစ်ယောက်ကို သုံးလုံးဝေပေးပါ့မယ်ခင်ဗျာ''

ဒီလိုလည်း ဆရာမိုးကပြောလိုက်ရော ပရိသတ်အားလုံးနီးပ လက်ဝါးကိုယ်စီဖြန့်၍ အသင့်ပြုကုန်ကြ၏။ ဆရာမိုးက တစ်ယော သုံးလုံး ဖြန့်ဝေပေး၏။ လူစေ့တက်စေ့မရ၍ အော်ဟစ်တောင်းကြ

''ဆရာမိုး ကျွန်တော်တို့မရသေးဘူးခင်ဗျ''

''ဆရာမိုး ကျွန်တော့်ကို ပေးပါဦးခင်ဗျ''

''ဟုတ်ကဲ့ . . . ကုန်သွားပါပြီ။ နောက် ဗုဒ္ဓဟူးနေ့ ကျွန်တော် ဒီနေရာမှာပြန်ပြဖို့ လာခဲ့ပါဦးမယ်။ အဲဒီကျမှ လူစေ့အောင်ပေးဝေ ပါလိမ့်မယ်ခင်ဗျာ။ တစ်ဆက်တည်းပဲ ပြောပါရစေ။ ဒီကာယသိဒ္ဓိထုံးမ ရရှိထားသူများ သတိပြုဖို့က ဒီကာယသိဒ္ဓိထုံးမိန်းများကို သန့်သ နေရာမှာထားကြပါ။ ရေလုံးဝမစိုပါစေနဲ့။ ဆီလုံးဝမပေပါစေနဲ့။ အသု အိမ်၊ မီးနေအိမ် လုံးဝ ယူမသွားပါနဲ့၊ မဝင်ပါနဲ့။ ထုံးမန်းမှုံထားစ ကွမ်းမစားပါနဲ့။

အခု ထုံးမန်းရထားသူများ အလှူငွေတတ်အားသမျှ ပါဝ လှူဒါန်းကြပါ။ ဒီအလှူငွေက ကျွန်တော်စားဖို့သုံးဖို့ မဟုတ်ပါဘူး။ နော တစ်ခါ ကာယသိဒ္ဓိထုံးမန်းကို ရရှိဖို့အတွက် ကျွန်တော်ရဲ့ ဆရာသ သုံးဦးကို ထိုက်ထိုက်တန်တန် ကန်တော့ရမှာဖြစ်ပါတယ်။

ဒါဟာ လက်ခံရသူများလည်း အာစရိယဆရာသခင်များက ပူဇော်ကန်တော့ရာရောက်ပြီး သိဒ္ဓိပိုမြောက်မှာဖြစ်ပါတယ်။ တစ်ယော





ကို အနည်းဆုံး ငါးရာကျပ်လှူဒါန်းကြပါလို့ မေတ္တာရပ်ခံပါတယ်။ မလှူ ဘဲ ပြန်သွားသူများအဖို့တော့ စေတနာသိဒ္ဓိအားလျော့ပြီး သိဒ္ဓိပျက် သွားပါလိမ့်မယ်။ ကိုင်း . . . တပည့်မောင်ကျောက်ခဲရေ၊ အလှူငွေများ လက်ခံလိုက်ပါကွယ်။ ပြီးရင် မြွေဟောက်များနဲ့ ကစားပြပြီး ပွဲသိမ်းပါ မယ်ခင်ဗျာ''

မောင်ကျောက်ခဲဆိုသူ ဘင်တီးသည့်လူရွယ်က ဆရာမိုးစကား ဆုံးသည်နှင့် ငွေဖလားကြီးနှင့် အလှူခံရန်ထ,လိုက်စဉ်မှာပဲ . . .

''ခဏလေး ရပ်ပါဦးဟေ့''

အသံကျယ်ကျယ်ကြီးကြားလို့ လှည့်ကြည့်လိုက်တော့ ရသေ့ ကြီးတစ်ပါးရယ်။ အလိုလေး . . . ရပ်ရည်ကလည်း ပုံပျက်ပန်းပျက်ကြီး ပါလားခင်ဗျာ။

ကြည့်ကြစမ်းပါဦးခင်ဗျ။

ဒေါက်ခြာအကျိုးကြီးဆောင်းလို့။ ညာမျက်လုံးတစ်လုံးသာ ကောင်းပြီး ဘယ်ဘက်မျက်လုံးက ကျောက်မျက်လုံးကြီးနဲ့။ နဖူးမှာ လည်း အချိုင့်ကြီးနဲ့ခင်ဗျ။

ညာလက်က မျောက်ဝံလက်လိုရှည်ပြီး ဘယ်လက်က တစ်ပေ ခွဲခန့်သာရှိလေရဲ့။ အလိုလေး . . . သူ့ဘယ်ခြေကရှည်ပြီး ညာခြေက နိမ့်လို့ ထော့ကလိန် ထော့ကလိန်နဲ့ စည်းဝိုင်းထဲဝင်လာနေရဲ့။

သွားရေနွယ်လို လွယ်အိတ်ဖောင်းကားကြီးလွယ်လို့ . . .

''ရသေ့ကြီး ဘာအလိုရှိလို့လဲ''

ဆရာမိုးက အလှူခံခါနီးဝင်လာလို့ မျက်နှာထိမျက်နှာထား နဲ့မေးပါရော . . .

''အလှူမခံခင် ငါ့လူကို စမ်းကြည့်ချင်လို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... ရသေ့ကြီးက ဘာစမ်းချင်လို့လဲ"

"ငါ့လူက ဓားလည်းပြီးတယ်၊ အုတ်ခဲလည်းပြီးတယ်နော်"

"ရသေ့ကြီးရော၊ ပရိသတ်ရော အားလုံးအမြင်ပဲလေဗျာ"

"ငါစမ်းကြည့်ချင်လို့ ... ရမလား"

ရသေ့ကြီးရဲ့အမေးကြောင့် ပရိသတ်ရော၊ ပွဲကြည့်သူ ကျွန်ုပ်တို့ပါ ဝေခါနဲ့ ဆူညံသွားကြပါရောလားဗျာ။

"ပွဲသိမ်းပြီးမှ ရသေ့ကြီးစမ်းပါလားခင်ဗျာ။ အချိန်သိပ်မရလို့ပါ"

"မစောင့်နိုင်ဘူး ငါ့လူ။ အခုပဲ စမ်းကြည့်မယ်။ စမ်းကြည့်လို့ တကယ်စွမ်းရင် မင်းအခု ကာယသိဒ္ဓိဆေးလုံး ဘယ်နှစ်ရာဝေထားသတုံး ... ဆရာမှိုး"

"အလုံးသုံးရာ"

"တစ်ယောက်သုံးလုံးဆိုတော့ လူတစ်ရာရသွားကြပြီ။ လူတစ်ရာ၊ တစ်ယောက်ကို ငွေငါးရာကျပ် ဆရာကန်တော့ဖို့လှူရမယ်ဆိုတော့ အားလုံး ငါးသောင်းကျပ် ငါ့လူရမယ်။ ငါကိုယ်တိုင် မင်းရဲ့သိဒ္ဓိအစွမ်းကိုစမ်းလို့ အမှန်တကယ်စွမ်းရင် အဲဒီငွေငါးသောင်းကို အားလုံးကိုယ်စား ငါပေးမယ်"

"ဗျာ"

"ဟယ်"

"ဘယ်လို ရသေ့ကြီးပါလိမ့်ဟ"

"ဟ ... ဒါ ဟိုသချိုင်းကုန်းက ရသေ့ကြီးမဟုတ်လား"

"ဟုတ်တယ်ဗျ။ ပုံပျက်ပန်းပျက်ရသေ့ကြီးဆိုတာပေါ့ဗျာ"

"ငါ့လူ ... ဘယ်လိုလဲ စမ်းလို့ရမလား"

စိတ်ကူးသစ်စာပေ



"ပွဲပြီးမှ စမ်းပါလားဗျာ"

"အခုစမ်းပါ ရသေ့ကြီးခင်ဗျာ"

"ဆရာမှိုး အများရှေ့မှာ ထပ်စမ်းသပ်ပြပါဗျို့"

ဒီမှာပဲ ကျွန်ုပ်တို့နှစ်ဦးကလည်း ပွဲကြီးပွဲကောင်းတွေ့ပြီလို့ယူဆပြီး ဝင်အော်ကြရောဗျာ။

"ဟုတ်တယ် ... ကျုပ်တို့ ထပ်ကြည့်ချင်တယ်၊ လုပ်ပါပြပါ"

"ရသေ့ကြီးစမ်းပြပါဗျို့"

"ဆရာမှိုး ခင်ဗျားဆေးစွမ်းရင်ပြပါဗျ။ ရဲရဲပြလိုက်စမ်းပါဗျာ"

သုံးကျွန်းပြန် ဆရာမှိုး ပုံပျက်ပန်းပျက် ရသေ့ကြီးဆိုသူရဲ့မျက်နှာကိုကြည့်ပြီး ချွေးပြန်နေသည်။ သို့နှင့် ကာယသိဒ္ဓထုံးမန်းများအသီးသီးကိုင်ဆောင်ရယူသူများရဲ့ ထပ်ဆင့် တစ်ခဲနက်တောင်းဆိုတိုက်တွန်းသံများကို မလွန်ဆန်နိုင်သည့်အဆုံး ဆရာမှိုး မရဲတရဲနှင့် မေးရတော့သည်။

"ရသေ့ကြီးက ဘယ်လိုစမ်းချင်သေးလို့လဲ"

"မောင်ရင့်ကို ဓားနဲ့ခုတ်မစမ်းချင်ပါဘူး။ ဦးခေါင်းကို အုတ်ခဲနဲ့ထုကြည့်ရုံပါကွယ်။ အဟဲ ... ဟဲ ... ဟဲ"

"ဒါဆိုလည်း ဟိုမှာ အုတ်ငါးချပ်အနက်က တစ်ချပ်ကျန်သေးတယ် ... ထုဗျာ"

"ဝေး ... ဒါမှ သုံးကျွန်းပြန်ဆရာမှိုးကွ"

"ပညာစစ်ရင် ရဲရမှာဗျာ ဟုတ်ဘူးလား"

"ရသေ့ကြီး ထုပါတော့ဗျို့"

ဒီမှာ ပုံပျက်ပန်းပျက်ရသေ့ကြီးက ဆရာမှိုးကိုပြောပါရော –

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမိုး"

"ဘာတုံးရသေ့ကြီး"

"မောင်ရင့်မျက်လှည့်ပိုင်းထဲက အုတ်ခဲနဲ့မထုချင်ဘူး"

"ဒါဆို ဘယ်အုတ်ခဲနဲ့ထုချင်လို့တုံး"

ဒီမှာ ပုံပျက်ပန်းပျက်ရသေ့ကြီးက သူ့သားရေနွယ်လွယ်အိတ်ကို လက်နှိုက်လိုက်ပြီး ...

"ဒီအုတ်ပိုင်းကျိုးနဲ့ ..."

"ဗျာ ... အာ ... ဟာ ..."

သုံးကျွန်းပြန်ဆရာမိုး ရသေ့ကြီးလက်ထဲက ရေညှိတက်နေသည့် အုတ်ပိုင်းကျိုးကိုကြည့်ပြီး ဒူးရောလက်ရော တုန်နေလေရဲ့။

"ကိုင်း ... ငါ့လူ စောစောကလို ထိုင်လိုက်စမ်းကွာ"

"ရ ... ရသေ့ကြီး ... ခင် ... ခင်ဗျာ ..."

"ဟ ... ကာယသိဒ္ဓိဆရာကြီးရေ ဘာလို့အသံတုန်ပြီး ကြောက်နေရတာတုံးကွ ... ဟေ"

ဒီမှာ သုံးကျွန်းပြန်ဆရာမိုးက လက်အုပ်ချီပြီး ရသေ့ကြီး မျက်နှာနားတိုးကပ်လို့ ခပ်တိုးတိုးပြောလိုက်သည်။

"ဘရသေ့ ... မ ... မလုပ်ပါနဲ့ဗျာ၊ ထု ... ထုချင်ရင် ကျွန်တော်တို့အုတ်ခဲနဲ့ ထုချင်ထုပါ ... ဘရသေ့ရာ"

"ဟား ... ဟား ... ဟား ... ဟား"

"ဟီး ... ဟီး ... ဟီး ... ဟီး ... အဟစ် ... အဟစ်ဟစ်"

"ငမိုး"

"ခင်ဗျာ ... ဘရသေ့"





"မင်း ငါ့အကြောင်းရိပ်မိပြီလားကွ"

"သိ ... သိပါပြီ၊ ဘ ... ဘရသေ့ခင်ဗျာ။ ကျွန်တော့်ကို ကယ် ... ကယ်ပါဦး ... ဘရသေ့ရယ်။ ကျွန်တော့်ကို ညှာ ... ညှာပါနော် အဘ"

"ဒါဆို မင်း ငါခိုင်းတဲ့အတိုင်း အခုလုပ်"

"ဘာ ... ဘာလုပ်ရမှာ ... မှာလဲ ခင် ... ဗျ"

"ပရိသတ်တွေကိုဖြန့်ဝေထားတဲ့ ထုံးမန်းအားလုံး ပြန်တောင်းသိမ်းလိုက်"

"ဗျာ ... ဗျာ ... ဘ ... ဘ ရသေ့ရယ် ... ဟို ... ဟို"

"မင်းမသိမ်းရင် ငါသိမ်းသဟေ့။ ဒီမှာ ပရိသတ်တို့၊ ဒကာကြီးတို့ စောစောကရထားတဲ့ ကာယသိဒ္ဓိထုံးမန်းလုံးများအားလုံး ပြန်ပေးကြပါဗျာ"

"ဘာဖြစ်လို့တုံး ဘရသေ့ရ"

"ရှားရှားပါးပါး ပစ္စည်းဗျ"

"ရရင် ထပ်တောင်လိုချင်သေးဥစ္စာ ဘရသေ့ရ"

"ပြန်ပေးကြပါ"

"ဘာလို့ပြန်ပေးရမှာလည်း ပြောပါဦးဗျာ"

"ဒီလိုဟေ့ ...."

"ဒီမှာပဲ သုံးကျွန်းပြန်ဆရာမိုးက ပုံပျက်ပန်းပျက်ရသေ့ကြီးကို လက်အုပ်ချီပြီး မျက်နှာငယ်လေးကြည့်လို့ အသနားခံနေလေရဲ့ ခင်ဗျ။

"ဒီကောင်ဆရာမိုးက ကျုပ်အသိ မျက်လှည့်ဆရာပါ။ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကာယသိဒ္ဓိထုံးမန်းကို နောက်ဆုံးအဆင့် သိဒ္ဓိတင်ဖို့ကျန်နေသေးတယ်လို့ သူ့ဆရာများက ကျူပ်ထံ လူကြုံစကားအမှာပါးလိုက်လို့ အခုလို အချိန်မီ လာရောက်တားမြစ် ပြန်တောင်းရတာပါ။ သိဒ္ဓိဆုံးအောင်တင်မှ စွမ်းပါလိမ့်မယ်။ နောက်ဆုံး သိဒ္ဓိတင်ပြီးရင် ဆရာမိုးကိုယ်တိုင် ဒကာကြီးတို့ကို ပြန်ပေးပါလိမ့်မယ်ကွယ်''

''ဟူး ... တော်ပါသေးရဲ့''

ဒါက သုံးကျွန်းပြန်ဆရာမိုးရဲ့နှုတ်က ခပ်တိုးတိုးရေရွတ်လိုက်သည့် စကားသံ။

''ကိုင်း ... ဘင်သမားကောင်လေး အားလုံးပြန်သိမ်း''

ရသေ့ကြီးရဲ့ အမိန့်ပေးစကားဆုံးသောအခါ ဘင်သမားချာတိတ်က စောစောကဖြန့်ဝေထားသည့် ကာယသိဒ္ဓိထုံးမန်းများကို အမြန်ကြောင်ကြောင်နှင့် ပြန်သိမ်းလိုက်လေ၏။

''ငမိုး''

''ခဗျာ ဘ ... ဘ ရသေ့''

''မျက်လှည့်ဝိုင်းပြီးပြီလို့ ပြောလိုက်''

''ဟုတ် ... ဟုတ်ကဲ့၊ ပရိသတ်ကြီးခင်ဗျာ ကျွန်တော်တို့ ဆရာရသေ့ကြီးအမိန့်ရှိသလို သိဒ္ဓိပြန်တင်စရာရှိနေလို့ အခုမျက်လှည့်ဝိုင်းကို သိမ်းလိုက်ပါပြီ။ လာမည့် ဗုဒ္ဓဟူးနေ့ကျမှ ပြန်ဆုံကြပါစို့ခင်ဗျာ''

[ ၃ ]

ပရိသတ်လည်း ကုန်လုလုဖြစ်ချေပြီ။ မျက်လှည့်ဆရာရဲ့ အနီးဝန်းကျင်မှာ ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် မျက်နှာပျက်နေသော သချိုင်းမှ စဏ္ဍာလ ဦးဖျော့ဦးဆွဲဆိုသူရယ်၊ တားနှင့်ဝင်ခုတ်ပေးသူ ကိုမဲကြီးဆိုသူနှင့် အုတ်ခဲနှင့်ဝင်ထုပေးသူ ကိုသံခဲဆိုသူတို့သာ ကျန်ရစ်တော့၏။

ကျွန်ုပ်တို့ကလည်း အခြေအနေရုတ်ခြည်း ပြောင်းလဲသွားသည်ကိုမြင်၏။ ဆရာမိုး အလျှုခံခါနီးမှာ ပုံပျက်ပန်းပျက်ရသေ့ကြီးရောက်လာပြီး ပညာစမ်းရာမှ ပစ္စည်းပြန်သိမ်းရသည့် အခြေအနေ၊



www.burmeseclassic.com

www.burmeseclassic.com



မျက်လှည့်ဆရာ သုံးကျွန်းပြန် ဆရာမိုးက မားရှည်ကိုကိုင် ရင်း ပုံပျက်ပန်းပျက်ရသေ့ကြီးကို စားတော့ဝါးတော့မည့်မျက်လုံးနှင့် ကြည့်နေသည်။

ဒါ အကြောင်းထူးရှိရမည်။ လျှို့ဝှက်ချက်ရှိရမည်။

ပုံပျက်ပန်းပျက်ရသေ့ကြီးက သူတို့ဆရာလား …

ဘာလဲ …ဘယ်လိုလဲသိချင်၍ မခွာဘဲ အကဲခတ်နေစဉ် ဒေါသလည်းထွက်၊ မျက်နှာလည်းပျက်နေသော သုံးကျွန်းပြန်ဆရာမိုး နှင့်အဖွဲ့ကိုကြည့်ပြီး …

"ငမိုး"

"ဘာလဲဗျ"

"နောင် မင်းဒီအရပ်ကို လုံးဝခြေမချနဲ့"

"ဦးရသေ့"

"ဘာတုံး"

"ဦးရသေ့ကိုယ်နှိုက်ကရော တကယ်ပြီးလို့လား၊ ပြောပါဦး"

မေးပုံက မမေကျမနပ် မခန့်လေးစားလေသံနှင့်။

"မင်းထက်တော့ စွမ်းပါတယ် ငါ့လူရ"

"ဒါဆို သူစမ်းကိုယ်စမ်းပဲဗျာ။ ဦးရသေ့ ကျုပ်ပွဲကိုပျက်အောင် လုပ်ခဲ့တယ်။ ခင်ဗျား ပြီးမပြီး ကျုပ်လက်တွေ့သိချင်တယ်"

"သိရင် ဘာလုပ်မလို့လဲ ပြော"

"ကျွန်တော် တပည့်ခံတန်ရင် ခံချင်လို့ပါ"

"လိမ်ညာစားချင်လို့ မဟုတ်ဘူးလားကွ … ဟင်"

"မဟုတ်ပါဘူးဗျာ၊ တကယ် လိုချင်သိချင်လို့ပါ"

"ငမိုး … ငါတို့ ရသေ့သစ်ခေါက်ဆိုးဝတ်ဆိုတာ မလိမ်ဘူး၊





မညာဘူး၊ မဟုတ်တာ မလုပ်ဘူး။ ပြီး …အရည်းကြီးရဟန်းများလို မားရေး၊ တုတ်ရေး၊ လှံရေးနဲ့ ကာယသိဒ္ဓိအရေးများကို မပြုရဘူး။ ဒါပေမဲ့ မင်းက ပညာအစစ်အမှန်ကိုသိမှ ယုံမယ်ဆိုတဲ့ လူစားမျိုးဆို တော့ ငါ့ကိုမစမ်းနဲ့၊ ဟောဟိုက ငါ့တပည့်ကိုစမ်း"

ဟုတ်မဟုတ် သူ့အလှည့်ကိုယ့်အလှည့် ကြည့်ကြမှာပေါ့ … အဟုတ်"

"ငဇ"

"ခင်ဗျာ ဘရသေ့"

"မင်းညာလက်ဖျံကို ဆန့်ထားလိုက်စမ်း"

"ဟုတ်ကဲ့"

ဒီမှာ ရသေ့ကြီးရဲ့တပည့် စလ္လာလကြီးဦးဖမျည်းဆွဲက သူ့ ညာလက်ဖျံကို ဆန့်ထားပေးလိုက်သည်။ ရသေ့ကြီးက စလ္လာလကြီး နံဘေးမှာရပ်နေပြီး စလ္လာလကြီးရဲ့ဘယ်လက်ကို သူ့ညာလက်တံရှည် နှင့် ဆုပ်ကိုင်ထားရင်းမှ …

"ငမိုး …မင်းမားကိုမင်းကိုင်ပြီး သူ့လက်ကိုခုတ်ဖို့ ပြင် ထား"

သုံးကျွန်းပြန်ဆရာမိုးက သူ့မားရှည်ကိုကိုင်၍ စလ္လာလကြီး လက်ဖျံကို ခုတ်ရန်ပြင်လိုက်သည်။

"ငါကခုတ်ဆိုရင် မင်းခုတ်ချလိုက်ကြားလား"

"ကြားတယ်"

ရသေ့ကြီးသည် စလ္လာလကြီးလက်ကိုကိုင်ပြီး မျက်စိကိုမှိတ် ၍ ကျွန်ုပ်တို့ နားမလည်နိုင်သည့် မန္တန်တစ်ပုဒ်ကို ကိုးခေါက်ခန့်ရွတ် ပြီးနောက် …



www.burmeseclassic.com

www.burmeseclassic.com



"ခုတ်"

"ဝိုး"

"ဒုတ်"

"ဟာ"

"ဗာယ်"

"ဘာမှ မဖြစ်ပါလားဟ"

ကျွန်ုပ်တို့ စူးစမ်းနေသူ သိပ္ပံသမားနှစ်ဦး လွန်စွာအံ့သြသွား ခဲ့ရလေ၏။ ကြည့်စမ်း ... စကြွာလကြီးသည် ထုံးမန်းမမျိုပါ။ သုံး ကျွန်းပြန်ငမိုး ခုတ်ချလိုက်သည့် ဓားချက်သည် ဒုတ်ခနဲကျပြီး သားရေ တုံးကို ခုတ်လိုက်သကဲ့သို့ အသံမြည်ပြီး ဓားနောက်ပြန်ခုန်သွားရကား ဆရာမိုးတို့အုပ်စု အကြီးအကျယ် အံ့သြသွားကြလေသည်။

"ငမိုး"

"ဗျာ ... ဗျာ ..."

"မြင်ပြီနော် ... ငမိုး၊ နောင် ... မင်းဒီအရပ်မှာ အဲဒီလို သောက်ကျင့်မကောင်းတာမျိုး လာလုပ်ရင် မင်းဓားနဲ့ မင်းပြန်ထိစေရ မယ် ... သွားတော့"

ပုံပျက်ပန်းပျက်ရသေ့ကြီး၏ အမိန့်ပေးဟောက်လွှတ်သည့် အသံဆုံးသည်နှင့် သုံးကျွန်းပြန်ငမိုးနှင့်အဖွဲ့သည် ပစ္စည်းသေတ္တာများ ကို ကိုယ်စီထမ်းပိုးပြီး ဈေးရှေ့ဝန်းကျင်မှ အမြန်ထွက်ခွာသွားကြလေ သည်။

ငမိုးတို့အုပ်စု မျက်စိအောက်မှ ထွက်သွားသည်နှင့် အရာရာ စူးစမ်းစပ်စုလိုသော ကျွန်ုပ်သည် ပုံပျက်ပန်းပျက်ရသေ့ကြီး ဆရာတပည့် နှစ်ဦးအနီးသို့ ချဉ်းကပ်လိုက်သည်။

စိတ်ကူးသစ်စာပေ



"ရသေ့ကြီးခင်ဗျာ"

"ဘာတုံး"

"မရှင်းလို့ မေးပါရစေခင်ဗျား"

"မောင်ရင်တို့ ဘာလဲ"

"လေ့လာနေသူတွေပါ"

"ဘာကို လေ့လာနေတာတုံး"

"ဂမ္ဘီရဆန်းကြယ်ဖြစ်ရပ်များကိုပါ"

"ယုံကော ယုံလို့လား"

"မယုံနိုင်အောင် ဖြစ်နေလို့ပါ"

"ဘယ်လောက်အထိ လေ့လာဖူးလို့လဲ"

"အခုမှ အစပဲရှိသေးတယ် ရသေ့ကြီး"

"တိုတိုတုတ်တုတ်မေးကွာ၊ အချိန်သိပ်မရဘူး"

"ဟုတ်ကဲ့ ... ဒီလိုပါ၊ သုံးကျွန်းပြန်ဆရာမိုးဟာ ကျွန်တော် တို့ပရိသတ်များရှေ့မှာ သူစိမ်းတစ်ဦးရဲ့ ဓားခုတ်ချက်နဲ့ အခုတ်ခံပြ တယ်။ လုံးဝမပြတ်ဘူး။ အဲဒါ သူ့ကာယသိဒ္ဓိထုံးမန်းပြီးလို့ မဟုတ်ဘူး လားခင်ဗျ"

"မဟုတ်ဘူးကွ"

"မဟုတ်ရင် ဘာလို့ မပြတ်တာလဲ"

"လိမ်ပြတာကိုး၊ ဘယ်ပြတ်မှာလဲ"

"ဗျာ .. လိမ်ပြတာ၊ ရသေ့ကြီး ဘယ်လိုလုပ်သိလို့လဲ"

"ဓားဝင်ခုတ်တဲ့ မဲကြီးဆိုတာ ပရိသတ်ထဲက ဒီအရပ်သား လူစိမ်းမဟုတ်ဘူး။ သူတို့လူ ဒလန်"

"ဗျာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ပရိသတ်ထဲကို သူ့ကို ဒလန်သွင်းပြီး သူ့စိမ်းအသွင်နဲ့ ဝင်သရုပ်ဆောင်ခုတ်တာ။ ခုတ်ချက်မှာ အားသွင်းသလိုလိုနဲ့ တကယ်ခုတ်တော့ ဖော့ခုတ်ပြီး ဓားကို နောက်ပြန်မြှောက်လိုက်တာ။ မင်းတို့တွေ မသိပေမဲ့ ငါက ဒါမျိုး အကြိမ်များစွာကြုံဖူးလို့ သိပြီးသားပဲ။ ဟိုမှာကြည့်လေ၊ ဓားခုတ်တဲ့ငမဲကြီး သူတို့နဲ့အတူပါသွား ဥစ္စာ"

"ဒီလိုကိုး ... တကယ့်လူတွေပဲနော်။ မှင်မောင်းကလည်း ကောင်းမှကောင်းပဲဗျာ။ ဒါဆိုရင်ဗျာ ... ဟို ကိုသံခဲဆိုတဲ့ လူစိမ်းက အုတ်ခဲနှစ်လုံးနဲ့ ဝင်ထုပြတာရော အုတ်ခဲပါကြေကျိုးရော ဆရာမိုးဘာမှုမဖြစ်ဘူး"

"အဲဒါလည်း လိမ်တာပဲ"

"ဗျာ ... ဟုတ်ရဲ့လား ... ရသေ့ကြီးရာ"

"မယုံရင်ပြမယ်။ ဟောဟိုမှာ သူတို့ အုတ်ခဲတစ်ချပ် ကျန်ရစ်ခဲ့တယ်။ ငဇ ... သွားကောက်ယူခဲ့လိုက်"

"ဒီမှာမောင်ရင်၊ မောင်ရင့်နာမည်ဘယ်သူ ..."

"ကိုရှုပဇေဒပါခင်ဗျာ"

"မောင်ရှုပ ကျုပ်အုတ်ခဲကို ကိုင်ပေးထားမယ်။ မောင်ရင် လက်ဝါးနဲ့ အသားလေးပုတ်လိုက်ပါ"

သို့နှင့် ကျွန်ုသည် ပုံပျက်ပန်းပျက်ရသေ့ကြီး လက်နှစ်ဖက်နှင့်မျှ ဆုပ်ကိုင်ထားသည့် အုတ်ခဲကို လက်ဝါးနှင့်အသာပုတ်လိုက်သော အခါ ...

"ဟိုက်"

"တွေ့ပြီလား"





အုတ်ခဲသည် ဖျတ်ခနဲကျိုးပြီး အောက်မှာ ကြေမွ၍သွားလေ၏။

"အုတ်ခဲက အထိမခံပါလား ရသေ့ကြီး"

"ဘယ်အထိခံမှာလဲကွ၊ ဒီအုတ်ခဲကို အက်စစ်နဲ့ လောင်းစိမ်ထားတာကိုး။ အက်စစ်လောင်းထားတော့ အုတ်ခဲက မွတာတာဖြစ်နေပြီ။ ငမိုးတို့က အုတ်လေးချပ်စီထားပြီး ပွဲခင်းထဲက ဒီအရပ်သား လူကြီးကို အုတ်ခဲအစစ်ပေးလို့ တူနဲ့ထုပြခိုင်းတာ။

တကယ်တမ်း သူအထုခံပြတာ စောစောကအတိုင်းပဲ။ ပွဲခင်းထဲက သူ့လူ ဒလန်သံခဲဆိုသူထွက်လာပြီး အက်စစ်စိမ်ထားတဲ့ အုတ်ခဲနှစ်လုံးနဲ့ နှစ်ကြိမ်ထုပြလိုက်တော့ မင်းတို့အားလုံး ငမိုးရဲ့ ကာယသိဒ္ဓိ ထုံးမန်း တစ်ပွဲတိုးပြီးတယ်လို့ ယူဆကြတာပေါ့။ အမှန်က အဲဒီလိုလိမ်ကြတာ။

ပြီး ... ဘာမဟုတ်တဲ့ ထုံးလုံးတွေဝေလို့ ငါးရာကျပ်စီတောင်း လိမ်စားလုပ်စားတာကိုသိလို့ ဒီအရပ်သားတွေ အကြီးအကျယ်ခံရမှာ အကြောက်မှာမြင်ပြီး ငါဝင်ရတာ။ ငါက လမ်းဘေးက ကောက်လာတဲ့ အုတ်ခဲနဲ့ စမ်းမယ်လုပ်တော့ သင်းကောင်း အစမ်းမခံရဲဘူးလေ။ ဒါပါပဲ"

"အံ့သြလောက်ပါပေရဲ့ ရသေ့ကြီးရယ်။ ရသေ့ကြီး အတော်ကို ပညာဗဟုသုတနဲ့ စုံလင်ပါပေရဲ့။ သတ္တိလည်း ကောင်းပါပေရဲ့။ ဒါဆို ဒီလူလိမ်တွေကို ရဲလက်မအပ်ဘဲ ဘာလို့ပြန်လွှတ်လိုက်ရသတုံး ရသေ့ကြီး"

"ရဲလက်ကိုအပ်လိုက်ရင် သင်းတို့ကိုမှီခိုနေကြသည့် မိသားစုများက ဘဝပျက်သွားမယ်။ တစ်ခါ ပရိသတ်ရှေ့မှာ ဒီကောင်တွေလူလိမ်



www.burmeseclassic.com

www.burmeseclassic.com



တွေမှန်း ဖော်ထုတ်ပြလိုက်ရင် ပရိသတ်လက်ချက်နဲ့ အရိုးတခြား အသားတခြားဖြစ်သွားမှာကို မမြင်ရက်မရှုရက်လို့ ပညာသားပါပါနဲ့ ပွဲသိမ်းပစ္စည်းသိမ်းခိုင်းလိုက်ရတာပဲ။

အမှန်က ဒီကောင်က သုံးကျွန်းပြန် ကာယသိဒ္ဓိငမိုးမဟုတ်ဘူး။ ကျွန်းသုံးကျွန်းမှာလည်း အဲဒါမျိုး လုပ်ပေးတဲ့ဆရာမရှိဘူး။ ဒီကောင်ဖြီးနေလို့မှန်နေတာ။ ခုတော့ ဒီကောင် ကာယသိဒ္ဓိဖွတ်ကျားဖြစ်သွားပြီ။ ရှင်းပြီလား ကိုယ့်လူ''

''ဟုတ်ကဲ့ ...။ ရသေ့ကြီးလို ဉာဏ်ရည်ပြည့်ဝတဲ့သူရဲ့ အကင်းပါးနပ်မှုကြောင့် ဒီအရပ်သားများ ကိုယ်ကျိုးနည်းကြရမည့်ဘေးမှ ကင်းဝေးရတာကို ကျွန်တော်တို့ ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူး ခင်ဗျာ။ နောက်ဆုံးတစ်ခုပဲ မေးပါရစေရသေ့ကြီးခင်ဗျား''

''မောင်ရင်က တယ်လျှာရှည်တာပဲ။ စုံထောက်ဘက်ကများလားဟင်''

''မဟုတ်ပါဘူး ခင်ဗျာ။ ဂမ္ဘီရစာတမ်းပြုစုဖို့ လေ့လာနေသူပါ''

''ဒါဆို မြန်မြန်မေးကွာ ... ကြာတယ်''

''ရသေ့ကြီးရော ... မားပြီးတုတ်ပြီးပါသလား''

''ပြီးပြီး မပြီးပြီး မင်းအလုပ်ဘာပါလို့လဲ''

''စောစောက ရသေ့ကြီးတပည့်ကို ငမိုးမားနဲ့ခုတ်လို့ မပြတ်တာကရော ရသေ့ကြီး ပညာအစစ်လား၊ ပညာအလိမ်လားခင်ဗျာ''

ရသေ့ကြီးသည် ကျွန်ုပ်ကို စူးစိုက်၍ကြည့်နေ၏။

''အဲဒါ ကျင့်စဉ်ကြောင့်ကွ''

''ဘယ်လိုကျင့်စဉ်ပါလည်း ရသေ့ကြီး''

---





''မန္တန်သိဒ္ဓိကျင့်စဉ်လို့ခေါ်တယ် ငါ့လူ''

''ကျွန်တော်တို့ အဲဒီမန္တန်ကျင့်စဉ်ကို မသိရဘူးလား ခင်ဗျာ''

''ဟား ... ဟား ... ဟား ... ဟား ... မင်းတို့လို တဏှာယောကျ်ား လောဘသား၊ ဒေါသသားတွေ ဒီလိုတန်ဖိုးကြီးတဲ့ မန္တန်မျိုး အလကားပဲတင်းနဲ့ရသွားရင် ဟိုဒင်းလက် ပတ္တမြားကျောက်ရောက်သလို ကျောက်မှန်းမသိဘဲ ဆန်ခြောက်ပြည်နဲ့လဲစားကြရင် ထောင်နဲ့အချုပ်မှာ ရာဇဝတ်သားတွေ ဆံ့မှာမဟုတ်ဘူး ... ကိုယ်လူတို့။ လုံးဝပဲ ကိုယ့်လူရေ ... ဟား ... ဟား ... ဟား ... ဟား''

ဟုပြောဆိုပြီးနောက် သူ့တပည့်ကိုခေါ်ကာ ထော့ကလိန် ထော့ကလိန်နှင့် ထွက်ခွာသွားလေသတည်း။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ပဲခူးတိုင်းအရှေ့ခြမ်း၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ၊ကညွတ်ကွင်းမြို့ အရှေ့ဖက်တွင် 'ခေတ်နောက်မီး'ဟုခေါ်ဆိုသော ရွာကလေးရှိသည်။ ရွာနာမည်မှာ ထူးဆန်းသော်လည်း ရွာသူရွာ သားများကတော့အလွန်ရိုးသားသော တောသူတောင်သားများသာ ဖြစ်ကြသည်။ လယ်ယာလုပ်ငန်းဖြင့်သာ အသက်မွေးကြသည်။

ခေတ်နောက်မီးရွာကလေးမှာ ကညွတ်ကွင်းမြို့နှင့်နီးပြီး၊ ဖြူးမြို့နှင့် (၇)မိုင်ဝေးသည်။ ရွာအနီးသချိုင်းရှေ့တွင် ဘုရားပျက်တစ်ဆူနှင့် ရင်ကွဲဇရပ်ကြီးရှိသည်။ လမ်းသွားလမ်းလာ ခရီးသွားနားဆိုရာ ရှေးဟောင်းဇရပ်ဖြစ်သော်လည်း ရွာနှင့်နီးသဖြင့် ပြုပြင်ထိန်းသိမ်းထားသောကြောင့် ဇရပ်ကြီးမှာ မပြိုလဲသေး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဟောင်းနွမ်းအိုမင်းလှုပြီဖြစ်သည်။ တိုင်ကြီးများမှ တစ်ဖက်ခန့် ကျွန်းတိုင်ကြီးများဖြစ်၍ ခိုင်ခန့်လှသည်။ အောက်ခင်းမှ ယခင်ကပျဉ်ခင်းဖြစ်သော်လည်း ယခုတော့ အင်္ဂတေခင်းဖြစ်သည်။ အမိုး မှာ အကြိမ်ကြိမ်လဲထားသော်လည်း သွပ်ပြားများမှာ ဟောင်းနွမ်းပေါက် ပြဲနေပြီး သချိုင်းအနီးဖြစ်၍ သချိုင်းဇရပ်အဖြစ်သာ အသုံးပြုကြသော ကြောင့်ဖြစ်သည်။ ဇရပ်အတွင်း အခန်းဖွဲ့ထားခြင်းမရှိ။ ဟာလာဟင်း လင်းပင်။

ရင်ကွဲဇရပ်ကြီးအနီးတွင်ရှိသည့် စေတီပျက်ကလေးအား လွှမ်း စေတီဟု ခေါ်ကြသည်။ ပြင်ဆင်ထိန်းသိမ်းမည့် အလှူရှင်များရှိသည်၊ အကြိမ်ကြိမ် ပြုပြင်ဖူးသော်လည်း မနက်ပြုပြင်၊ ညပျက်ဖြစ်နေသည်၊ ပြုပြင်ခြင်းကို လက်မခံခြင်းသဘောလား၊ အချိန်မတန်သေး၍လား၊ ဆက်နွယ်ပတ်သက်သူ အလှူရှင်မပေါ်သေး၍လားတော့ မသိပါ။

ဘုရားပျက်နှင့် ဇရပ်အိုကြီးမှာ ချောက်ချားစရာအတိပင် ဖြစ် နေသည်။ ခေတ်နောက်မီးရှာကလေးမှာ စပါးအထွက်ကောင်း၍ စည်ပင် ဝပြောလာသော်လည်း ဇရပ်အိုကြီးနှင့် ဘုရားပျက်ကတော့ ထူးမခြား နားပင် ဖြစ်သည်။

ကညွတ်ကွင်းမြို့အနီးတွင် ကွင်းကြီး (၉)ကွင်းရှိသည်။ နာမည် ကြီးကွင်းများဖြစ်ကြသည်။ မြေကြမ်းသည်၊ မြေပေါသည်။ ကွင်းပိုင် အဘိုးအား စားဦးစားဖျားပူဇော်ရသည်။ အမှားမခံ။ သို့သော် မြေသြ ဇာကောင်းလှသည်။ ကွင်းတိုင်းရှိ သစ်ပင်ကြီးများအောက်တွင် အဘိုး နတ်စင်များအား ဆောက်လုပ်ပူဇော်ထားသည်။

စပါးပေါ်သည်နှင့် ကွင်းပိုင်အဘိုးအား ပူဇော်သည့်နတ်ပွဲကို ရွာတိုင်းက လုပ်ကြသည်။ အဘိုးက နားလေးသည်ဟုဆိုကြသည်။ သို့





သော် အပျော်အပါးတော့ကြိုက်သည်။ ပူဇော်ပွဲတွင် ဒိုးပိုင်းထည့်ရသည်။ မုန့်ဖြူ၊ မုန့်နီ၊ လယ်ငါးကြော်နှင့် လက်ဖက်အစုံ (ဆားမထည့်ရ)ဖြင့် ပူဇော်ရသည်။

ထူးခြားသည်က အခြားအချိန်တွင် လယ်ကွင်းထဲ၌ အရက် သောက်ခြင်းကိုမကြိုက်သော်လည်း ပွဲလုပ်သောနေ့တွင် အရက်သောက် ၍ရသည်။ ပွဲလုပ်သည့်နေ့များကတော့ တန်ဆောင်မုန်းလပြည့်နှင့် လကွယ် ရက်များတွင် အလုပ်များကြသည်။ ထိုရက်များအတွင်း မြေဆို၍ တစ် ကောင်မျှမမြင်ရ။

အဘိုးက ထိန်းသိမ်းထားသည်ဟုဆိုသည်။ ရွာသူရွာသားများ ကလည်း အဘိုးနတ်အား ယုံကြည်စွာ ကိုးကွယ်ကြသည်။ ရာသီကာလ တွင်သာမက စပါးစိုက်ပျိုးချိန်၊ စပါးရိတ်သိမ်းချိန်များ၌လည်း အဘိုး နတ်အား ပူဇော်ကြသည်။

နေ့စဉ်လည်း လယ်ထဲ၊ ယာထဲ၌ ထမင်းမစားမီ စားဦးစားဖျား တို့ဖြင့် စလောင်းဖုံးပေါ်တွင်တင်ပြီး အော်ဟစ်ပူဇော်ကြသည်။ အဘိုး က နားလေးသည်လေ။ ထို့ကြောင့် မြေပေါသော ကွင်းများဖြစ်သော် လည်း မြေအန္တရာယ်ကြောင့် အဖိတ်အစဉ်နည်းလှသည်။ ယုံကြည်မှု ဟူသည် စိတ်ဓာတ်အား အားပေးထောက်ပံ့သော အကူအညီတစ်ခုပင် မဟုတ်ပါလော။

ကွင်းကိုးကွင်းဟူသည်မှာ ကညွတ်ကွင်း၊ ဒေါ်မကွင်း၊ ကွင်းဝိုင်း၊ သမင်ကွင်း၊ သနပ်ကွင်း၊ အုတ်သံကွင်း၊ မြက်နီကွင်း၊ ဆိုးပုံကွင်း၊ အင်ကွင်းတို့ဖြစ်ကြသည်။ နာမည်ကြီးသော ကွင်းများဖြစ်ကြသလို စပါး အထွက်ကောင်းသော ကွင်းများလည်း ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

ကျွန်တော့်ကို မောင်ညိုဟုခေါ်ကြသည်။ နာမည်အပြည့်အစုံမှာ တင်မောင်ညို၊ အဖေဦးတင်မောင်နှင့် အမေဒေါ်ညိုတို့၏ တစ်ဦးတည်းသောသားဖြစ်၍ တင်မောင်ညိုဟု မိဘများက သူတို့အမည်ပါအောင် မှည့်ခေါ်ထားခြင်းဖြစ်သည်။

ကျွန်တော်က (၉)တန်းကျောင်းသား၊ တောင်ငူ အထက (၁) ကျောင်းကြီးတွင်နေသည်။ မိဘများက ကျောင်းဆရာ၊ ဆရာမများဖြစ်ကြသည်။ ကျွန်တော်တို့က ဘောလုံးကွင်းအနီး ထီးနိုကန်ရပ်ကွက်တွင် နေကြသည်။





ကျွန်တော့်သူငယ်ချင်းများက ဘိုစိန်၊ လူလူ၊ ကြွယ်ကြီးနှင့် ကြွယ်လေးတို့ညီအစ်ကိုဖြစ်သည်။ ကျွန်တော်တို့က ကြွယ်ကြီးနှင့် ကြွယ်လေးတို့ညီအစ်ကိုအား ကျွဲကြီးကျွဲလေးဟု ချစ်စနိုး နောက်ပြောင်ခေါ်ကြသည်။ သူတို့ကလည်း လယ်သမားသားသမီးများပီပီ၊ ကျွဲညီနောင်အတိုင်း အသားမည်းပြောင်ပြီး ဝဖီးကြသည်။

ဘိုစိန်နှင့် လူလူတို့ကလည်း ဝန်ထမ်းသားသမီးများဖြစ်ကြသည်။ ဘောလုံးကွင်းအနီး သစ်တောရပ်ကွက်တွင် နေထိုင်ကြ၍ ကျွန်တော်တို့အိမ်နှင့် နီးပါသည်။ ကြွယ်ကြီး၊ ကြွယ်လေးတို့ ညီအစ်ကိုမှာ တောင်ငူဈေးအနီးက အဒေါ်အိမ်တွင် တည်းခိုကြပြီး ဇာတိမှာ ကညွတ်ကွင်းအနီးရှိ ခေတ်နောက်မီးရွာက လယ်သမားသားသမီးများ ဖြစ်ကြသည်။

တစ်နေ့ တန်ဆောင်တိုင်ကျောင်းပိတ်ရက်တွင် ကြွယ်ကြီးတို့ညီအစ်ကို ရွာပြန်ကြမည်ဖြစ်၍ ကျွန်တော်တို့အား အလည်ခေါ်သည်။ ကျွန်တော်တို့ကလည်း အရောက်အပေါက်နည်းကြ၍ တောနယ်သို့ အလည်လိုက်လိုသဖြင့် မိဘများအား အပူကပ်ရတော့သည်။ တောင်ငူမြို့နှင့်ကညွတ်ကွင်းမှာ မဝေးလှသောကြောင့် လူပျိုပေါက်ဖြစ်နေကြသော ကျွန်တော်တို့အား မိဘများကလည်း ခွင့်ပြုကြသည်။

သို့သော်လည်း သတိပေးဆုံးမစကားများကိုတော့ တဖွဖွပြောကြသည်။ ကျွန်တော်တို့ အဝတ်အစား အသုံးအဆောင်ထည့်ထားသော လွယ်အိတ်ကိုယ်စီလွယ်၍ ကားဂိတ်ထွက်လာတော့ ရှောင်အိမ်မှလွှတ်လာသော ငှက်ငယ်များပမာ ပျော်ရွှင်မြူးထူးနေကြသည်။

တောင်ငူမှ ကညွတ်ကွင်းသို့ကားစီးကြရာ ကားလမ်းနှစ်ဖက်၌ ဝါဝင်းနေသော စပါးခင်းကြီးကိုမြင်ရ၍ ကျွန်တော်တို့ အလွန် ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



မိကြသည်။ ကျွန်တော်တို့စီးသော ဘတ်စ်ကားကြီးမှာ လှူရပ်တင်ရင်း တစ်လမ်းလုံး ဖြည်းလေးစွာမောင်းလာရာ (၁)နာရီကျော်ခန့်ကြာမှ ကည္ဟတ်ကွင်းသို့ရောက်သည်။ ကျွန်ခရီးမှာ ကုန်းကြောင်းခရီးဖြစ်တော့သည်။ ကားဂိတ်မှ ခေတ်နောက်မီးရွာသို့ တစ်မိုင်ကျော်ခန့် လမ်းလျှောက်ရပေဦးမည်။

ရွာဝင်လမ်းမှာ မြေလမ်းမကြီးဖြစ်သည်။ ကျွဲ၊ နွားနှင့် လှည်းများသာ သွားထားသဖြင့် မိုးတွင်းလက်ကျန်ဗွက်များက မခြောက်တခြောက်ကျန်သေးသည်။ သို့သော် လမ်းဘေးကပ်၍ မြေမာပေါ်က သွားပါက အဆင်ပြေပါသည်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာလည်း စပါးလယ်ကွင်းများက ဝါထိန်နေသည်။ ရိတ်သိမ်းချိန်နီးနေပြီဖြစ်သည်၊ စပါးလယ်ကွင်းကြီးအား ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကလေးမှာ စပါးနံ့သင်းပြီး မွှေးပျံ့လတ်ဆတ်သော လေကလေးဖြစ်သည်၊

ခရီးတစ်ဝက်ခန့်ရောက်တော့ ရွာထိပ်သချိုင်းကုန်းနှင့် ဇရပ်မည်းမည်းကြီးအား လှမ်းမြင်ရသည်။ သချိုင်းကုန်းမှာ ကုက္ကိုပင်နှင့် မန်ကျည်းပင်ကြီးများ အုပ်ဆိုင်းပေါက်ရောက်နေပြီး တောအုပ်သဖွယ် ဖြစ်နေသည်။ ကျွန်ုပ်တို့ သချိုင်းဇရပ်ရောက်တော့ ကျွဲညီနောင်က ခေတ္တ နားကြရန်ပြောသဖြင့် နားကြသည်။

“ကျွဲကြီးရေ . . . ဒီဇရပ်ကြီးက အတော်ကျယ်တာပဲ။ အလှူ အတန်းလုပ်လို့တောင် ရတယ်နော်။ တိုင်ကြီးတွေကလည်း ကျွန်းတိုင် လုံးချောကြီးတွေ။ ဆောက်လုပ်စ ရှေးတုန်းကတော့ အလွန်ခမ်းနားကြီးကျယ်မှာပဲနော်”

“အေးကွ . . . မောင်ညီရေ။ ရှေးခေတ်ကိုမမီလိုက်တော့ မသိဘူးပေါ့ကွာ။ ဒါပေမဲ့ အခုတောင် ဒီလောက်ခမ်းနားကြီးကျယ်နေတာ





မင်းပြောသလိုပဲ ဖြစ်မှာပါကွာ။ ရွာနဲ့လှမ်းပြီး သချိုင်းနဲ့နီးလို့ကွာ။ နို့မဟုတ်ရင် ကလေးတွေ ဘယ်လောက်များလာဆော့ကြမယ် မသိဘူး။ ဒီနေရာက အလွန်အေးတာကွ။ ဒါပေမဲ့ တစ်ယောက်တည်းတော့ လာမနေရဲကြဘူး။ မြေကြမ်းတယ်လို့ ပြောကြတယ်ကွ”

ဘိုစိန် ။ “ဘယ့်နှယ် . . . မြေကြမ်းရမှာလဲ ကျွဲကြီးရာ။ မြေကချောလွန်းလို့ ညီနေတာပဲ။ မြေစာမြက်ပင်ကလေးတွေတောင် ပေါက်နေသေးတယ်။ ငါတို့တောင်ငူမြို့က ဂေါက်သီးကွင်းကျနေတာပဲ”

“အေး . . . မင်းတို့မြို့သားတွေနဲ့ စကားပြောရတာ လက်ဝင်လှသကွာ။ မြေကြမ်းတယ်ဆိုတာ မြေမျက်နှာပြင်ကြမ်းတာကို ပြောတာ မဟုတ်ဘူးကွ။ ဒီပတ်ဝန်းကျင်က သချိုင်းကုန်းနဲ့နီးတော့ မကောင်းဆိုးဝါးတွေပေါ်တာ၊ အခြောက်အလှန့်ကြီးတာကို ပြောတာကွ”

ကျွန်တော် ။ “ဟေ . . . ဒါလောက် သာယာအေးချမ်းတဲ့နေရာကိုများ ငါတော့တစ်ရေးလောက်တောင် လှဲအိပ်လိုက်ချင်သေးတယ်”

“မလုပ်ပါနဲ့ မောင်ညီရာ၊ အပမှီနေပါ့မယ်။ ဒီဇရပ်ပေါ်မှာ လူကောင်းတွေက ခဏတစ်ဖြုတ်ပဲ နားကြတာ။ လှဲအိပ်တဲ့သူတွေက သရဏဂုံတင်ရတဲ့ လူသေတွေကွ၊ မအိပ်ကောင်းဘူး”

“ကျွဲကြီးရာ မင်းတို့ဆီကို လွတ်လပ်မလားလို့ လာလည်မိပါတယ် စည်းကမ်းတွေက တယ်များတာဘဲ။ ဟိုစကားမပြောရ၊ ဒီစကားမပြောရကလည်း ပါသေး။ ငါတော့ စိတ်တောင်ညစ်လာပြီ”

“ခဏသည်းခံပါ မောင်ညီရာ၊ ရွာထဲရောက်ရင် မင်းကြိုက်သလို နေနိုင်ပြောနိုင် ဆိုနိုင်ပါတယ်”

“အဲ . . . ဟိုဟာ ဘာလဲ၊ဘုရားငုတ်တိုကလေးကွ။ ရှေးဟောင်းဘုရားကလေးထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟုတ်တယ်။ အဲဒီဘုရားကလေးကို 'လွမ်းစေတီ' လို့ခေါ်တယ်။ ဒီဇရပ်ကြီးကိုတော့ 'ရင်ကွဲဇရပ်လို့'ခေါ်တယ်။ ရာဇဝင်နောက်ကြောင်းတွေကိုတော့ ရွာရောက်မှ ငါ့ ဘကြီးဦးမုန်းကို မေးပေးမယ်။ ငါက သိတော့သိတယ်။ မင်းတို့ကို လိပ်ပတ်လည်အောင် မပြောတတ်ဘူး။ ကဲ . . . သွားကြစို့"

ကျွန်တော်တို့ ဇရပ်ပေါ်၌အနားယူပြီး ပြန်ထွက်လာကြတော့ ကျွန်တော် လည်ပြန်လှည့်ပြီး နောက်သို့ကြည့်မိသည်။ ဇရပ်ပေါ်တွင် လူများသွားလာနေကြသလိုလို စိတ်ထဲတွင်ခံစားမိသည်။ တစ်ခါ စေတီဖက်ဘက်သို့ ကြည့်မိတော့လည်း ရွှေရောင်တဝင်းဝင်းနှင့် ကိုးတောင်ပြည့် လွမ်းစေတီကလေးကို စိတ်ဖြင့်မှန်းဆပူဇော်မိသည်။

(၁၅)မိနစ်ခန့်လျှောက်တော့ ရွာသို့ရောက်သည်။ ကျွဲကြီးတို့ ခေတ်နောက်မီးရွာကလေးမှာ မန်ကျည်းပင်ကြီးများ၊ သရက်ပင်ကြီးများဖြင့် ဖုံးအုပ်နေပြီး ရွာစည်းရိုးမှာ ထီးရိုးဝါးတောကြီးဖြင့် ကာရံထားသလိုပင်။ သာယာအေးချမ်းသော လယ်ကွင်းများအလယ်မှ ရွာကလေးဖြစ်ပေသည်။

ကျွဲကြီးတို့အိမ်မှာ ရွာလယ်တွင်ရှိသည်။ ကျွဲကြီးတို့ညီအစ်ကိုအား တစ်ရွာလုံးက လှမ်းနှုတ်ဆက်ကြသည်။ ကျွန်တော်တို့ဧည့်သည်များကိုလည်း ပြုံးရယ်ပြကြသည်။ ခင်မင်ဖော်ရွေတတ်သော ရွာကလေးဖြစ်ပုံရသည်။

ကျွဲကြီးတို့အိမ်ရှေ့ရောက်တော့ သူတို့၏မိဘများနှင့် အစ်မများက ဝမ်းသာအားရ အော်ဟစ်ခေါ်ကြသည်။

"လာကြဟေ့ . . . သားတို့။ ကျောင်းပိတ်လို့ ပြန်လာတာထင်တယ်။ သူငယ်ချင်းတွေလည်း ပါလာကြတာကိုး။ လာကြ . . . လာကြ





လူကလေးတို့"

"မောင်လေးတို့ပြန်လာတာ အတော်ပဲဟေ့။ မနက်ဖြန်မနက် အဘိုးနတ်တင်ပြီး စပါးစ,ရိတ်ကြမှာ။ ဒါကြောင့် အစ်မတို့ ည ချက်ဖို့ပြုတ်ဖို့ စီစဉ်နေကြတာ"

ဟုတ်ပါသည်။ အိမ်ဘေးအဖီကလေးအောက်တွင် မိန်းမပျိုလေးငါးယောက် စပါးလုံးရွေးနေကြသည်။ အချို့က ထင်းခွဲနေကြပြီး အချို့က ရေခပ်နေကြသည်။ ရွာဓလေ့ထုံးစံအတိုင်း ကူညီဝိုင်းဝန်းလုပ်ကိုင်နေကြခြင်းဖြစ်ပေသည်။

အိမ်ကြီးမှာ နှစ်ထပ်အိမ်ကြီးဖြစ်၍ ကျွန်တော်တို့အား အောက်ထပ်ကွပ်ပျစ်များပေါ်တွင် နေရာပေးသည်။ ကျွဲကြီးက ကျွန်တော့်အားသည်။

"ကဲ . . . မောင်ညို၊ မင်း လှဲလို့လည်းရပြီ။ အိပ်လို့လည်းရပြီ။ သဘောရှိပဲ။ ဘိုစိန်နဲ့လူလှရော ခဏနားကြဦးကွာ။ ပြီးတော့မှ တွင်းရေအေးအေးကလေး ချိုးကြတာပေါ့။ နေ့လယ်စာစားဖို့ စောပါသေးတယ်"

ကျွဲကြီးတို့ညီအစ်ကို အပေါ်ထပ်သို့ တက်သွားကြသည်။ ခဏအကြာပြန်ဆင်းလာတော့ ရေခွက်၊ ဆပ်ပြာခွက်နှင့် မျက်နှာသုတ်ပဝါ၊ ရေလဲလုံချည်များပါလာသည်။

"ကဲ . . . သူငယ်ချင်းတို့လာကြ၊ အိမ်နောက်ဖေးရေတွင်းမှာ ရေသွားချိုးကြမယ်။ ပြီးတော့ ထမင်းစားကြတာပေါ့"

ကျွန်တော်တို့တစ်လဲစီ ရေချိုးကြသည်။ ကျောက်စီရေတွင်းမှရေကို အနီးရှိ အုတ်ကန်ကလေးထဲသို့ ကျွဲကြီးတို့ညီအစ်ကိုက ခပ်ထည့်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတို့ တဝချိုးကြ၊ အားမနာနဲ့"

"အေးကွာ . . . လမ်းလျှောက်လာရတာ ပင်ပန်းလို့ရေချိုး လိုက်တာနဲ့ လန်းသွားတာပဲ။ ရေက တကယ်အေးစိမ့်နေတာပဲ။ ကိုယ့် လူတို့ရေ"

လှလှက မှတ်ချက်ပြုသည်။ ကျွန်တော်တို့အလှည့်ရောက်တော့ လည်း ဟုတ်ပါသည်။ ရေတွင်းမှရေမှာ ကြည်လင်စိမ်းမြပြီး ချမ်းအေး လှသည်။ ရေချိုးလိုက်သည်နှင့် တစ်ကိုယ်လုံးလန်းဆန်းသွားပြီး အမော ပြေသွားသည်။ ရေချိုး အဝတ်အစားလဲ၍ ကျွန်တော်တို့အိမ်ဘက်ပြန် ရောက်တော့ အောက်ထပ်ခုံရှည်ကြီးပေါ်တွင် ထမင်းနှင့်ဟင်းများစီစဉ် ထားသည်မှာ အငွေ့တထောင်းထောင်းထနေသည်။

"လာဟေ့ . . . လူကလေးတို့ ထမင်းစားကြရအောင်"

အဘိုးကြီးနှစ်ဦးက စားပွဲထိပ်နှစ်ဖက်တွင် ထိုင်ကြသည်။ ကျွန် တော်နှင့်ဘိုစိန်၊ လှလှတို့က ဘေးထိုင်ခုံရှည်ကြီးတွင် ထိုင်ကြပြီး၊ မျက် နှာချင်းဆိုင်ထိုင်ခုံရှည်ပေါ်တွင် ကျွဲညီနောင်က ထိုင်ကြသည်။ ဟင်းများ မှာ အတော်စုံသည်။ ကြက်သား၊ ဝက်သား၊ ငါးဟင်းနှင့် ငါးပိရည် တို့ စရာ၊ အသီးအရွက်ကြော်နှင့် ချေးတောက်ရွက်ဟင်းချိုဖြစ်သည်။ ထမင်း ပူပူ၊ ဟင်းပူပူ လက်ရာပြောင်းသဖြင့် စားလို့အလွန်ကောင်းသည်။

ထမင်းစားပြီးတော့လည်း အချိုပိုင်းတွင် ဖီးကြမ်းငှက်ပျော သီးမှည့်၊ သခွားသီးမှည့်နှင့် ကျွဲကောသီး၊ လက်ဖက်သုပ်တို့ပါဝင်သည်။ ကျွန်တော်တို့ အချိုတဲနေကြစဉ် ကျွဲကြီးက စ,ထောင်ပေးသည်။

"အဘရေ . . . ကျွန်တော့်သူငယ်ချင်းတွေက ရွာထိပ်က ရင် ကွဲဇရပ်အကြောင်းနဲ့ လွမ်းစေတီအကြောင်းကိုသိချင်လို့ ပြောပြပေးပါဦး။ အဘက အဖေ့ထက်ပိုသိလို့ပါ"





"ကြွယ်ကြီးရယ် . . . မင်းကိုလည်း ကလေးဘဝကတည်းက အဘပြောပြခဲ့တာဘဲ။ မင်းမှတ်မထားဘူးလား"

"အဘအပြစ်တင်ရင်လည်း ခံရမှာပါပဲ။ ကျွန်တော် အကြမ်း ျင်းပဲသိတာ။ တိတိကျကျ မသိဘူး။ ဒီကောင်တွေက စေ့စေ့ပေါက် ပေါက်မေးရင် ကျွန်တော်မဖြေတတ်ဘူး။ ဒါကြောင့် အဘကို အပူကပ် ရတာပါ အဘရယ်။ ပြောပြလိုက်ပါနော်"

"အေးပါ . . . အေးပါ၊ ညှီသည်တွေဆိုတော့ ပြောပြရမှာ ပေါ့။ မင်းဆိုရင်တော့ ပြောမပြတော့ဘူး။ အပ်ကြောင်းထပ်နေပြီ။ နလ ပိန်းတုံးကောင်။ အမှတ်သည်းခြေကိုမရှိဘူး"

"အဘကလည်းဗျာ၊ ထပ်ပြောတော့လည်း ထပ်နားထောင်ရ တာပေါ့။ ပုံပြောတာကိုတောင် ကပ်စေးနဲ့နေပြန်ပြီ"

"ဟာ . . . ဒါ ပုံပြင်မဟုတ်ဘူး။ တကယ့်ရာဇဝင် အဖြစ်အပျက် ဟ။ သက်သေအထောက်အထား အနိုင်အလုံရှိတယ်။ မင်းမယုံရင် ရွာဦး ကျောင်းက ဘဘုန်းကိုသွားပြီး မေးလျှောက်ကြည့်။ ငါပြောတဲ့အတိုင်း ပြောမှာပဲ။ ကြွယ်ကြီးရာ (၉)တန်းတောင်ရောက်နေပြီး ရာဇဝင်နဲ့ ပုံပြင်ကိုတောင် မင်းခုထိ ခွဲခြားမသိသေးပါလား။ ညံ့ပါ့ကွာ"

"ရာဇဝင်ဆိုတာ ရာဇဝံသလို့ခေါ်တဲ့ ဘုရင်တွေအကြောင်း ကို မှတ်တမ်းတင်ထားတာ။ သမိုင်းဆိုတာက နိုင်ငံတစ်နိုင်ငံမှာ ဖြစ် ပျက်ခဲ့တဲ့ နောက်ကြောင်းအဖြစ်အပျက်တွေကို နောင်းလူတွေသိအောင် မှတ်တမ်းတင်ထားတာ ကြွယ်ကြီးရ။ ဒါမှလည်း ရှေးတုန်းက ဖြစ်ပျက် ခဲ့တဲ့ ကောင်းကျိုးဆိုးပြစ်တွေကို နောင်းလူတွေ သင်ခန်းစာယူနိုင်တာ ပေါ့"

ကျွန်တော်က လူတတ်ကြီးပမာ အမှတ်ဝင်ယူပြီး ဆရာလုပ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အေး . . . ဟိုသူငယ်ပြောတာ မှန်တယ်။ ပုံပြင်ဆိုတာ
ဟုတ်တာရော၊ မဟုတ်တာရော ပေါင်းစပ်ပြီး နားထောင်ကောင်းအော
ပြောကြတာ၊ အမှန်အဖြစ်အပျက်မဟုတ်ဘူး။ ဒါပေမဲ့ ပုံပြင်ဆိုတာ
လည်း သူ့နေရာနဲ့သူ အသုံးဝင်တယ်။ လူကြီးသူမတွေရဲ့ အဆုံးအ
တွေကို ပုံပြင်ထဲမှာထည့်ထားတာ။ ဒဏ္ဍာရီဆိုတာကတော့ စိတ်ကူးယ
ပုံပြင်တွေပေါ့။ အခု အဘပြောမှာက ရာဇဝင်။ ရှေးတုန်းက ဖြစ်ပျ
ခဲ့တဲ့ တကယ့်အဖြစ်အပျက်ပဲ။ ကဲ . . . နားထောင်ကြ။

တပင်ရွှေထီးမင်း အလွန်ရဲစွမ်းသတ္တိရှိတာကို သားတို့လူ
ကျောင်းမှာသင်ဖူးမှာ။ တစ်နေ့တော့ တပင်ရွှေထီးဟာ မွန်ဘုရင်ဗ
မိရာဇ်ပိုင်နက် ပဲခူးရွှေမောဓောဘုရားပေါ်ကိုတက်ပြီး နားထွင်းမင်္ဂ
လုပ်တယ်။

ပြီးတော့မှ ရာဇမိရာဇ်မင်းသိပြီး ဘုရားကို တပ်နဲ့ဝိုင်းတာ
တပင်ရွှေထီးက ဝိုင်းထားတဲ့တပ်ကို ဖောက်ထွက်ရုံသာမက မွန်ဘု
ရာဇာမိရာဇ်ရဲ့ တူတော်မောင်နဲ့ တူမတွေကိုပါဖမ်းပြီး တောင်ငူ
သုံ့ပန်းအဖြစ် ခေါ်ဆောင်လာခဲ့တယ်။

အခု . . အဘတို့နေတဲ့ ခေတ်နောက်မီးရှာထိပ်ရောက်ပေ
အကြီးမက ခရီးပန်းပြီး ဖျားနာတာကြောင့် ရုတ်တရက်သေဆုံးတ
အဲ့ဒါကြောင့် ကျန်ရစ်သူမောင်နှမက ငိုယိုတောင်းပန်တာကြောင့် တ
ရွှေထီးဟာ စစ်ကြောင်းနားပြီး သေဆုံးသူအစ်မကြီးအတွက် ကျန်
သူမောင်နှမရဲ့ ကုသိုလ်တော်အဖြစ် ဇရပ်ကြီးကိုဆောက်ထားပေးတ

ဇရပ်ကြီးပြီးတာနဲ့ ဆရာတော်တွေပင့်ပြီး အလှူအတန်းဖ
ရေစက်ချ၊ တရားနာနေစဉ်မှာပဲ ကျန်ရစ်သူမောင်နှမလည်း ရင်ကွဲ





ကျပြီး သေဆုံးရပြန်တယ်။ ဒါကြောင့် ဒီဇရပ်ကြီးကို 'ရင်ကွဲဇရပ်'လို့
အမည်မှည့်ခဲ့တာ။ တစ်ခါ တပင်ရွှေထီးမင်းလည်း အပြစ်မရှိတဲ့ မောင်
နှမသုံးယောက်ကို သနားတာနဲ့ ဇရပ်ကြီးနားမှာ ကိုးတောင်ပြည့်စေတီ
ကို အမှတ်တရတည်ခဲ့တယ်။ 'လွှမ်းစေတီ'လို့လည်း သမုတ်ခဲ့တယ်။

အဲဒီတုန်းကတော့ ဇရပ်ကြီးကလည်းအသစ်၊ စေတီကလေး
ကလည်း အသစ်ဆိုတော့ အလွန်သာယာလှပပေမပေါ့ကွယ်။ နောက်ပြီး
ဒီနယ်မြေကိုလည်း မောင်နှမသုံးဦးကို ပိုင်နက်အဖြစ် အမွေပေးခဲ့တယ်။
နှစ်တွေကြာလာတော့လဲ ဇရပ်ကြီးလည်းယိုယွင်း၊ ဘုရားစေတီကလေး
လည်း ပျက်တာပေါ့ကွယ်။ ဒါကတော့ သင်္ခါရသဘောတရားပေါ့။

နီးစပ်ရာ ရပ်ရွာက အလှူရှင်တွေက ဇရပ်ကြီးလည်းပြုပြင်၊
စေတီကလေးကိုလည်း အသစ်မွမ်းမံပြင်ဆင်ကြတာပေါ့။ ဒါကတော့
အဘတို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ ထုံးစံပဲ။

ဇရပ်ကြီးကို ပြင်ဆင်လို့ရပေမဲ့ စေတီကလေးကို ပြင်ဆင်လို့
မရဘူးကွယ့်။ စေတနာရှင်တွေပေါ်လာလို့ နေပြင်ရင် ညကျတော့ ပြို
ကျပျက်စီးသွားတာဘဲ။ ကာယကံရှင်တွေက လက်မခံတဲ့သဘောပေါ့"

ကျွန်တော် ။ "အဘ . . . ကာယကံရှင်တွေက ဘယ်သူတွေလဲ။
ဘာကြောင့် လက်မခံတာလဲ"

"ကာယကံရှင်တွေက တပင်ရွှေထီးဖမ်းလာတဲ့ မောင်နှမသုံး
ယောက်လေကွယ်။ သူတို့က နတ်စိမ်းဖြစ်ပြီး ဒီဘုရားနဲ့ဇရပ်ကြီးကို
စောင့်ရှောက်နေကြတာ"

"အဘရယ် . . . ကောင်းမှုကုသိုလ်လုပ်တာပဲ သူတို့လက်ခံ
သင့်တာပေါ့"

"ဒါပေမဲ့ သူတို့က သူတို့နဲ့ပဋ္ဌာန်းဆက်ရှိပြီး အတိတ်ဘဝက



www.burmeseclassic.com

www.burmeseclassic.com



ခွေမျိုးတော်စပ်သူသာ ပြင်လို့ရမယ်လို့ ဖြူးဆရာတော် ဦးနရပတိကို အိပ်မက်ပေးသတဲ့လေ''

''သူတို့က အခု နတ်စိမ်းတွေပဲလား အဘိုး''

''အခုတော့ မဟုတ်ကြတော့ဘူးပေါ့ကွယ်။ တောင်ငူခေတ်ကတည်းကဆိုတော့ နှစ်ပေါင်းကြာလှပြီပေါ့။ ညီအစ်မနှစ်ယောက်ကတော့ ဘုရားပြုပြင်ပြီးတာနဲ့ ကျွတ်လွတ်တော့မှာ။ မောင်ဖြစ်သူက မောင်ဝဏ္ဏတဲ့လေ။ အဘတို့ ကညွတ်ကွင်းအနီးမှာရှိတဲ့ ကွင်းကိုးကွင်းကို အပိုင်စားရတဲ့ အဘိုးနတ်ဖြစ်နေတာပေါ့။

မနက်ဖြန်တောင် ကောက်စောစပါး ရိတ်သိမ်းကြမှာမို့ အဘိုးကိုတင်မြှောက်ပူဇော်ပသ,ဖို့ အခုပြင် ဆင်နေကြတာလေ။ ဒီနယ်တစ်ဝိုက်မှာတော့ အဘိုးနတ်ကို ယုံကြည်ကိုးကွယ်ကြတာ များပါတယ်။ အဘိုးကလည်း စောင့်ရှောက်ပါတယ်။ တပင်ရွှေထီးမင်းလက်ထက်ကတည်းက သူတို့ကိုသတ်မှတ်ပေးထားတဲ့ နယ်မြေဒေသကိုးကွယ့်''

တစ်ချိန်လုံးငြိမ်၍ နားထောင်နေသော လူလုက ...

''အဘရေ ... ကျွန်တော်တစ်ခုလောက် မေးပါရစေ။ အဘတို့ နတ်ကို ဒီနယ်တစ်ကြောတင် မဟုတ်ပါဘူး။ မြစ်ဝကျွန်းပေါ်တစ်လျှောက်လုံး မြေလတ်နဲ့ အညာဒေသအထိပါ တင်မြှောက်ကြတာကို ကျွန်တော်တွေ့ဖူးပါတယ်။ အဲဒါ ဒီအဘိုးတစ်ဦးတည်းပဲလား အဘ''

''အဲဒါတော့ အဘလည်းမသိဘူးကွယ့်။ သားပြောတဲ့ အဘိုးနတ်ကို လယ်ယာလုပ်ကိုင်သူတိုင်းက တင်မြှောက်ပသ,ကြတာကိုတော့ အဘလည်း ကြားဖူးတယ်။ ဟုတ်တော့ဟုတ်တယ်ကွယ့်။ တစ်နိုင်ငံလုံး လယ်သမားမိသားစုတိုင်းက အဘိုးကိုအော်ဟစ်ခေါ်ပြီး စားဦးစားဖျားနဲ့ တင်မြှောက်ပသ ကြတာတော့ ထုံးစံဖြစ်နေကြပြီ''





ဘိုစိန် ။ ''လယ်သမားတိုင်းအတွက် လယ်ယာအထွက်တိုးဖို့နဲ့ အန္တရာယ်ကင်းဖို့က အဓိကမဟုတ်လား။ အဘိုးနတ်တင်မြှောက်လို့ အောင်မြင်ဖြစ်ထွန်းကြတော့ ယုံကြည်ကိုးစားပြီး တစ်နိုင်ငံလုံး လိုက်လုပ်ကြတာနေမှာပေါ့''

''ဟုတ်နိုင်သကွယ့်။ အဘိုးကနားလေးတော့ တစ်နိုင်ငံလုံး အော်ဟစ်ပူဇော်ကြတာလည်း အတူတူပဲ။ လယ်သမား၊ ယာသမားတိုင်း လုပ်ကြတာလည်း မူမကွဲပါဘူး။ အတူတူပါပဲ။ စားဦးစားဖျားကလေးတွေကို စလောင်းဖုံးထဲထည့်ပြီး ပူဇော်ပသ,ကြတာလေ''

ကျွန်တော် ။ ''ဒါနဲ့ အဘိုး၊ ဦးရှင်ကြီးနတ်ကိုလည်း တစ်နိုင်ငံလုံး ဝါမဝင်မီနဲ့ ဝါကျွတ်မှာ ဆွမ်းတင်ပွဲလုပ်ကြတယ်။ ကောက်ညှင်းနဲ့ မုန့်ဆန်း တစ်မျိုးမျိုးနဲ့ပေါ့။ တကယ်ဆိုရင် ဦးရှင်ကြီးက ရေငန်ဒေသကိုပဲ ပိုင်တာ၊ မြေလတ်နဲ့အညာဒေသတွေနဲ့ မဆိုင်ဘူးနော်''

''လူကလေးပြောတာ မှန်ပါတယ်။ ရိုးရာအစွဲပေါ့လေကွယ်။ မြစ်ဝကျွန်းပေါ်ကလူတွေ မြေလတ်နဲ့အညာဘက် ပြောင်းရွှေ့ရောက်ရှိသွားတော့ သူတို့ရိုးရာဓလေ့က ပါသွားဟန်တူပါတယ်။ ဒါကြောင့် နီးစပ်ရာလူတွေလည်း လိုက်လုပ်ကြတာပေါ့။

အဘတို့ဆီက ကွင်းကြီး(၉)ကွင်းကို အပိုင်စားရတဲ့ အဘိုးတောင် တစ်နိုင်ငံလုံး အဘိုး ... အဘိုးနဲ့ ကျော်နေပြီလေကွယ်။ အဘိုးကတော့ လယ်နတ်စစ်စစ်ပါကွယ်။ လယ်ယာလုပ်ငန်းတွေကို စောင့်ရှောက်တာလည်း အမှန်ပါပဲ၊ ဒါကြောင့်လည်း အထက်အောက် မြေလတ်ပါမကျန် ကိုးကွယ်ပသ,ကြတာပေါ့''

ကြွယ်လေးက တွေးတွေးဆဆဟန်ဖြင့် ...

''ဒါဆို အဘရေ၊ ရေငန်ပိုင်ဦးရှင်ကြီးက ရေငန်မှန်သမျှပိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတော့ တစ်တိုင်းပြည်လုံး တစ်နံတစ်လျားမှာ ဆားသုံးကြတာ မဟုတ်ဘူးလား။ ဆားဆိုတာက ရေငန်နဲ့ချက်ရတာလေ။ ဒါကြောင့် ပူဇော်ကြတာထင်ပါရဲ့"

ကျွန်တော်တို့အားလုံး ဝိုင်းရယ်မိကြသည်။

"ဝါး ... ဟား ... ဟား ... ဟား"

"မရယ်ကြနဲ့ကွယ်။ ငါတို့ ကြွယ်လေးပြောတာဟာလည်း လက်... စရာကောင်းတဲ့ အချက်တစ်ချက်ပဲ။ အဘလည်း စဉ်းစားနေတာ။ ကနု... က ရေငန်နဲ့ပတ်သက်တဲ့ လှေသမား၊ ပိုက်သမား၊ တံငါသည်တွေ မြစ်... ကျွန်းပေါ်သားတွေပဲ ဦးရှင်ကြီးနတ်ကို ကိုးကွယ်ပသကြတာ။ အခု တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကိုးကွယ်ဆည်းကပ်ကြတာဆိုတော့ ဒါ လည်း ဖြစ်နိုင်ချေရှိတာပဲ"

**ကျွန်တော်** ။ "အဘပြောသလိုဆိုရင်ဖြင့် လယ်ယာသမားတွေ အဘိုး နတ်ကို ပူဇော်ကြတော့ ဆန်စားကြတဲ့ တစ်နိုင်ငံလုံးအဘိုးနတ်ကို ပူ ဇော်ကြတယ်ဆိုတဲ့ သဘောပေါ့နော်"

"အင်း ... ဒါလည်းဖြစ်နိုင်တာပဲ။ ဦးရှင်ကြီးဆွမ်းတင်ရင် အဘိုးနတ်ကိုပါတွဲပြီး ပူဇော်ကြတာ ထုံးစံလိုဖြစ်နေကြပြီလေ"

[ ၃ ]

ကျွန်တော်တို့စကားကောင်း၍ ညနေစောင်းသွားသည်။ ရွာတွင်းရှိ ကျွဲကြီးတို့၏ အမျိုးအိမ်များအား လှည့်လည်ကြပြီး အိမ်ပြန်ရောက်တော့ မှောင်စပင်ပြုနေပြီ။ ကျွန်တော်တို့အုပ်စု ရေမိုးချိုး၊ အဝတ်အစားလဲပြီး ညစာထမင်းဝိုင်းသို့ တန်းဝင်ရသည်။ စားသောက်ပြီးသည်နှင့် အချိုပိုင်းတွင်ထိုင်ကြရင်း အဘက ပြောလာပြန်သည်။

"လူကလေးတို့ရေ မနက်ဖြန်ကစ,ပြီး ရွာထိပ်က ကိုးတောင်ပြည့်စေတီကလေးကို ပြန်လည်ပြုပြင်ကြလိမ့်မယ်။ အဘကို ဘဘုန်းမိန့်လိုက်တယ်"

စိတ်ကူးသစ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်** ။ ''ဒါနဲ့အဘ၊ ပဌာန်းဆက် ဆွေတော်မျိုးတော်တွေ ပေါ် လာလို့လား''

''မဟုတ်ဘူးကွယ့်၊ ဘဘုန်းကို အိပ်မက်ပေးတာက ပဌာန်းဆက် မဟုတ်ရင်လည်း အစိုးရအာဏာပိုင် အဖွဲ့အစည်းက ပြုပြင်ရင်လည် လက်ခံမယ်လို့ ပြောသတဲ့။ အခုဟာက ကညွတ်ကွင်းမြို့က အလှူအစ် ကြီးတစ်ဦးက ပြင်ဆင်မှာ။ သူက ပဌာန်းဆက်မဟုတ်တော့ ဘဘုန်းကို လျှောက်ထားတာ ကြာလှပြီ။

အခု တပ်ရင်းမှူးနဲ့ စုပေါင်းလုပ်ကြမှာဆိုတော့ လက်ခံတ ပေါ့။ မနက်ဖြန် ပြင်ဆင်ကြမယ်။ နောက် (၅)ရက်လောက်အကြာ တန် ဆောင်မုန်းလပြည့်နေ့မှာ ထီးတင်ပြီး အလှူလုပ်ကြမှာကွယ့်။ လူကလေး တို့အချိန်ရရင် စောင့်ကြပေါ့ကွယ်''

''ရပါတယ် အဘရယ်။ ကျွန်တော်တို့က လေးငါးရက်လောက် နေမှာဆိုတော့ အတော်ပါပဲ''

**ကြွယ်ကြီး** ။ ''အဘ ဖရပ်ကြီးရောပြင်မှာလား အဘ''

''အေးကွယ့် . . . ဖရပ်ကြီးရောပြင်မှာ။ ဖရပ်ကြီးက အမိုး သွပ် အသစ်လဲပြီး မျက်နှာကြက်တွေပါ ပြင်ရမှာ။ အချိန်တော့ ကြာမယ် ထင်တယ်။ ဒါပေမဲ့ လူအင်အား၊ ငွေအင်အားတောင့်ရင်တော့ မကြာ လောက်ပါဘူး။ ဖရပ်နဲ့ဘုရားနဲ့ ခံ့ညားသွားတာပေါ့ကွယ်''

ထိုညကလည်း အဘနှင့်စကားကောင်း၍ ကျွန်တော်တို့အုပ်စု ည(၁၀)နာရီခန့်မှ အိပ်ရာဝင်ဖြစ်ကြသည်။ တောရွာဓလေ့ထုံးစံမှာ ည (၉)နာရီခန့်၌ပင် အိပ်ရာဝင်တတ်ကြသည်။ သို့သော် ကျွန်တော်တို့တည်း ခိုသော ကြွယ်ကြီးတို့အိမ်မှာ မနက်ဖြန် အဘိုးနတ်တင်ရန်အတွက် ကောက်ညှင်းပေါင်းသူနှင့် ကြော်လှော်ချက်ပြုတ်နေသူတို့ကြောင့် စည်





ကားနေပါသည်။

ကျွန်တော်ခရီးပန်းလာသောကြောင့် ခေါင်းချသည်နှင့် အိပ် ပျော်သည်။ အိပ်ပျော်တော့လည်း စွဲလမ်းစိတ်ကြောင့် အိပ်မက်မက်ပြန် သည်။ အိပ်မက်ထဲတွင် ရှေးနန်းတွင်း အဝတ်အစားကို တောက်ပြောင် စွာ ဝတ်ဆင်ထားကြသော ညီအစ်မကိုတွေ့ရသည်။

''ကျောင်းသားကလေးတွေ မနက်ဖြန် ဘုရားနဲ့ ဖရပ်ပြုပြင် တာ ကိုလာကြည့်ကြ၊ ကုသိုလ်ယူကြ၊ အစ်မတော်တို့ ဘုရားထီးတင် ပြီးတာနဲ့ ကျွတ်တမ်းဝင်တော့မယ်''

ကျွန်တော် အံ့ဩလွန်းသဖြင့် ကြောင်ကြည့်နေမိသည်။

ထိုစဉ် အငယ်မဖြစ်ဟန်တူသူက . . .

''မောင်လေးတို့ လာခဲ့ကြ။ လုပ်အားလှူပြီး ကုသိုလ်ယူကြ။ ဘုရား၊ ဖရပ်၊ တန်ဆောင်း ပြင်ဆင်တည်ဆောက်တယ်ဆိုတာ အလွန် ကုသိုလ်ရတယ်။ ဆက်ဆက်လာခဲ့ကြ''

ထိုအခါမှ ကျွန်တော်ကလည်း . . .

''ဟုတ်ကဲ့ . . . အစ်မကြီး''

ဟု ခေါင်းညိတ်ပြလိုက်တော့ ညီအစ်မနှစ်ဦးစလုံး ဝမ်းသာ အားရ ဖြစ်သွားကြသည်။

မနက် (၄)နာရီခန့်တွင် ဆူညံသံများကြောင့် ကျွန်တော် အိပ်ရာ က နိုးသည်။ အဘိုးနတ်တင်ရန် တောရွာသဘာဝထုံးစံအတိုင်း စောစီး စွာထ၍ ပြင်ဆင်နေပြီဖြစ်သည်။ ကျွန်တော် သူငယ်ချင်းများအားနှိုး၍ မျက်နှာသစ်ပြီး အဝတ်အစားလဲကြသည်။

အိမ်သားများနှင့် အလုပ်သမားများ စားဖွယ်ရာများနှင့် ပစ္စည်း များအား လှည်းပေါ်သို့တင်နေကြသည်။ ကောက်ရိတ်သမများနှင့် ရွာသူ



www.burmeseclassic.com

www.burmeseclassic.com



ရွာသားများ တလှုပ်လှုပ် ရောက်လာကြသည်။ မနက် (၅)နာရီတွင် လှည်းစတွက်တော့ တစ်ရွာလုံးနီးနီး လိုက်လာကြသည်။ ဒိုးဝိုင်းလည်း ပါသည်။ သို့သော် မတီးပါ။ ဆိတ်ငြိမ်စွာတန်းစီ၍ ရွာအနောက်တံခါး မှထွက်ပြီး ရွာပြင်သို့ သွားနေကြသည်။ ကျွန်တော်တို့အဖွဲ့လည်း ပျော်ရွှင်စွာ လိုက်ပါလာကြသည်။

ရွာကထွက်၍ ထန်းညီနောင်ကို ကျော်သည်။ ထို့နောက် ကျိုးပင်အုပ်ကိုဖြတ်၍ လယ်ကွင်းစပ်သို့ ရောက်သည်။ လယ်ကွင်းစပ်မှ လယ်ကန်သင်းရိုးအတိုင်း ဆက်သွားကြသည်။ အရုဏ်တက်ပြီးဖြစ်၍ ရောင်နီမှာ အဖြူရောင်သန်းလာပြီး လယ်ကွင်းတစ်ပြင်လုံး မြူများဆိုင်းနေသည်။

သို့သော် ပတ်ဝန်းကျင်ကို ကောင်းစွာမြင်နေရပါသည်။ ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းဆိုသော်လည်း လပြည့်နေ့နီးပြီဖြစ်၍ ကောက်စောစပါးများအား ယနေ့ စတင်ရိတ်သိမ်းပွဲဖြစ်လေသည်။ ကောက်လှိုင်းအချို့မှာ မောင်းညိုင်၍ အနှံများမှာ ထောင်ရာမှ လဲနေကြသည်။

တံစဉ်သိမ်း၍ရိတ်ရန် အဆင်သင့်ဖြစ်နေပုံပင်။ ကွင်းလယ် လက်ပံပင်ကြီးအောက်တွင် ပစ္စည်းများအားချသည်။ လက်ပံပင်ကုန်းမှာ ပေ (၁၀၀)ပတ်လည်ခန့် ကျယ်ဝန်းသည်။ လက်ပံပင်ကြီးအောက်တွင် နတ်စင်တစ်ခုရှိသည်။ အရောင်နီရဲရဲ သင်္ဘောဆေးသုတ်ထားသည်။ နတ်စင်ရှေ့တွင် လေးပေပတ်လည်ခန့်ရှိ စင်တစ်ခုရှိသည်။

အိမ်သားများနှင့် အလုပ်သမားများက ကောက်ညှင်းပေါင်းနှင့် အကြော်အလှော်များအား အလျင်အမြန် ချူးခပ်ပြင်ဆင်နေကြသည်။ ပန်းလဲ၍ အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်းသူနှင့် ကန်တော့ပွဲ





ပြင်သူနှင့် တက်ညီလက်ညီရှိလှသည်။ နတ်စင်ရှေ့စင်ပေါ်၌ အစုံအလင် ပြင်ဆင်ပြီးသည်နှင့် ပရိသတ်များ မြက်ခင်းပေါ်၌ ထိုင်ကြရသည်။

အသင့်ဖြစ်သည်နှင့် အဘက နတ်စင်ရှေ့တွင်ထိုင်ပြီး အသံဝါကြီးဖြင့် တိုင်ပေးပါတော့သည်။ ပရိသတ်က လိုက်ဆိုကြရသည်။

"အဘိုး ... အဘိုး ... အဘိုး ... အဘိုး ...

သားတော်သမီးတော်တို့ ရှိသေစွာ ရှိခိုးဦးချကန်တော့ပါသည်။ ကွင်း(၉)ကွင်း၊ ရွာကိုးရွာ၊ (၉)ခရိုင်၊ ပိုင်သ,တော်မူသော အဘိုးခင်ဗျား၊ သားတော်ကြီးတို့ ခေတ်နောက်မီးကျေးရွာ၊ ဦးကြွယ်ဒွေး ဒေါ်မိမိကြီးတို့မိသားစုနှင့် ရွာသူရွာသားအပေါင်းက စားဖွယ်ရာ ကောက်ညှင်းပေါင်း၊ ငါးကြော်၊ မုန့်ဖြူ၊ မုန့်နီတို့ဖြင့် တင်မြှောက်ပသ,ပါသည်။ မြိန်ရှက်စွာသုံးဆောင်ပါရန်နှင့် သားတော်ကြီးတို့ စပါးရိတ်ရာတွင် အန္တရာယ်ကင်းရှင်းပြီး တစ်ကေတင်းရာကျော်ထွက်အောင် စောင့်ရှောက်ကူညီတော်မူပါခင်ဗျား"

"အဘိုး ... အဘိုး ... အဘိုး ... အဘိုး ခင်ဗျာ"

အဘိုးအား တင်မြှောက်ပသ,သံမှာ ကွင်းသံဟိန်း၍ ပဲ့တင်ထပ်သွားတော့သည်။ (၁၅)မိနစ်ခန့် ငြိမ်သက်နေကြပြီး မကြာမီ အဘ၏အသံဝါကြီးဖြင့် ...

"အောင်ပြီ ... အောင်ပြီ ... အောင်ပြီ"

ဒိုးပတ်ဝိုင်းကလည်း ဆူညံစွာစ,တီးသည်။ ပွဲပြီးပြီဖြစ်၍ ဝကားသံများ ဆူညံစွာထွက်ပေါ်လာကြသည်။ မြေပေါ်၌ တင်ပါးချ၍ လုံ့ထိုင်ကြစဉ် ကောက်ညှင်းပေါင်းနှင့် ငါးကြော်များအား လာရောက်ချပေးကြသည်။

အသံကုန်အော်ဟစ်ထားကြ၍ ဆာဆာဖြင့် အသားကုန်ရွေး



www.burmeseclassic.com

www.burmeseclassic.com



ကြတော့သည်။ အဝကျွေးခြင်းဖြစ်သည်။ ကုန်သည်နှင့်အလုပ်သမားများက လာထည့်ပေးပြန်သည်။ ကောက်ညှင်းပေါင်းပူပူနှင့် လယ်ငါးကြော်ရှူရှူမှာလည်း အလွန်လိုက်ဖက်လှပါသည်။

နံနက် (၆)နာရီခန့်တွင် အလင်းရောင်မှာ ကောင်းစွာရပြီဖြစ်သည်။ လယ်ရိတ်သိမ်းမည့်သူများ၊ မိမိတို့တာဝန်ကျရာသို့ အလျှိုလျှိုတန်းစီ၍ ထွက်ကြသည်။ ဒိုးပတ်ဝိုင်းကတော့ တစ်ချိန်လုံး တီးနေကြသည်။ ရွာသူရွာသားအချို့လည်း ပြန်ကုန်ကြပြီ။ ကျွန်တော် အဘနားနားကပ်၍ ညက ကျွန်တော်၏အိပ်မက်အား ပြောပြ၍ အဘက ...

"အေး ... အေး ... လူကလေးတို့ ကုသိုလ်အရေးပဲ။ အိမ်ကပေါက်ပြားတွေ၊ ဓားတွေယူကြပြီး ဇရပ်နဲ့ စေတီပတ်ဝန်းကျင်တစ်ဝိုက်ကို ရှင်းလင်းထားကြပေါ့။ အဘလည်း ဒီကကိစ္စ စီစဉ်နေရာချပြီးတာနဲ့ လိုက်ခဲ့မယ်။ ဘဘုန်းနဲ့ တပ်ရင်းမှူးလည်း လာကြလိမ့်မယ်။ ရိုရိုသေသေ ဆက်ဆံကြ။ ကြားလား"

"ဟုတ်ကဲ့ပါ အဘ"

ကျွန်တော်တို့ သူငယ်ချင်းများ ကြွယ်ကြီးတို့အိမ်သို့ ပြန်လာကြပြီး ပေါက်ပြားနှင့်ဓားများယူနေကြစဉ် အိမ်စောင့်ကျန်နေခဲ့သော ကြွယ်ကြီးတို့အဖေက ...

"သားတို့ ဘယ်သွားကြဦးမှာလဲ"

"အဖေ ... ဒီနေ့ ရွာဦးက စေတီနဲ့ ဇရပ်ကြီးကို ပြုပြင်ကြမှာလေ။ အဲဒါ သားတို့သူငယ်ချင်းတစ်စု ကုသိုလ်ရအောင် ပတ်ဝန်းကျင်ကို သွားရှင်းပေးမလို့"

"သြော် ... အေး ... အေး ... အဖေတောင်မေ့နေတယ်။ သွားကြ၊ သွားကြ။ အဖေတော့ သားအမေတို့ပြန်လာမှ လိုက်လာနိုင်





တော့မယ်။ ချုံတွေရှင်းရင်တော့ မြွေပါးကင်းပါး သတိထားကြ။ ဆရာတော်နဲ့လူကြီးတွေလာရင်လည်း ရိုရိုသေသေ ဆက်ဆံကြ။ ကုသိုလ်ဆိုတာ ယူတတ်မှရတာ။ ငါ့သားတို့သူငယ်ချင်းတစ်စုက ဘက်ညီတယ်ဟေ့။ ကောင်းတယ်၊ ကောင်းတယ်"

ဘိုစိန်၊ လူလုနှင့် ကြွယ်လေးက ဇရပ်ကြီးပတ်လည် မြက်ရှင်းသည်။ ကျွန်တော်နှင့်ကြွယ်ကြီးက စေတီပတ်ဝန်းကျင်ရှိ မြက်များအားရှင်းပြီး ချုံခုတ်သည်။ စေတီကလေးမှာ ခေါင်းလောင်းအထက်မှပြုတ်ကျပြီး ဘုရားငုတ်တိုကလေးဖြစ်နေသည်။ ချုံစပ်တွင်တော့ ငှက်ပျောဖူးနှင့် စိန်ပွူးတော်အဟောင်း (၃)ခုအား တွေ့ရသည်။ (၃)ကြိမ်တိတိပြင်ဆင်ထားသော သဘောပင်ဖြစ်သည်။

ကျွန်တော်နှင့်ကြွယ်ကြီး စေတီအနီးမှ ကင်ပွန်းချုံနှင့် မြရာချုံကြီးအား ခုတ်ကြသည်။ နှစ်ချို့ချုံကြီး များဖြစ်ကြ၍ အတော်ထူထပ်သည်။ မြွေပါး၊ ကင်းပါးလည်း ကြောက်ရသေး၍ အတော်သတိထားခုတ်ကြရသည်။ တစ်ယောက်ကခုတ်၍ တစ်ယောက်ကဆွဲထုတ်ပြီး စုပုံထားရသည်။

တစ်ကြိမ်တွင် ကြွယ်ကြီးက မြရာကိုင်းကြီးအားခုတ်ချ၍ ကျွန်တော်က ဆွဲအထုတ် အနီရောင်ဝင်းလက်နေသော အလုံးနှစ်လုံးအား တွေ့ရ၍ မြွေအမှတ်ဖြင့် ကျွန်တော်ခုန်အဆုတ်၊ ကြွယ်ကြီးက ...

"ဘာလဲ ... ဘာလဲ ... မောင်ညို"

"မြွေမျက်လုံးနှစ်လုံး ထင်တယ်ကွ၊ နီရဲနေတာပဲ။ ကြောက်လိုက်တာကွာ။ မျက်လုံးနီရဲနေရင် အဆိပ်ရှိတဲ့မြွေပဲကွ။ မြွေပွေးလား၊ မြွေဟောက်လား တစ်ခုခုပဲ"

"ဘယ်မလဲ ပြစမ်းငါ့ကို"



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်ကြီးက အနီးရှိ ဝါးလုံးတစ်လုံးအားဆွဲယူပြီး ပြောသဖြင့်-

"ကျွဲကြီး . . . ကုသိုလ်ရေးလုပ်နေတာ သူတစ်ပါးအသက် မသတ်ပါနဲ့ကွာ။ ခြောက်ထုတ်လိုက်ရင် ပြေးမှာပါ"

ကြွယ်ကြီးက မြရာချုံကြီးကို တုတ်နှင့်ရိုက်သည်။ ခြောက် လှန့်မောင်းထုတ်ခြင်းဖြစ်ပေသည်။ ကျွန်တော်တို့ခဏစောင့်ပြီး မြရာ ကိုင်းကြီးအား နှစ်ယောက်အားနှင့် ဆွဲထုတ်ကြရာ နီရဲနေသော မျက်လုံး နှစ်လုံးမှာ နေရာမရွှေ့။ ကျွန်တော်တို့အား စိုက်ကြည့်နေသည့်ပုံစံပေ

ကြွယ်ကြီးက ။ "ဟ . . . နင့်မေကလွှား၊ မြွေပွေးထင်တယ်ဟ နေရာမရွှေ့ဘူး။ ဒီကောင်မျိုးက မြွေဟောက်လို လူကိုမလိုက်တတ်ဘူး။ သူ့ကိုထိမှပေါက်တာ"

ကျွန်တော်တို့အော်သံများကြောင့် လှလှ၊ ဘိုစိန်နှင့် ကြွယ်လေး တို့ ပေါက်တူးကိုယ်စီထမ်း၍ ပြေးလာကြသည်။

"ဘာလဲ . . . မြွေလား ဟောကောင်တွေ။ ဖယ် . . . ဖယ် . . . ငါတို့လုပ်လိုက်မယ်။ ဘယ်နားမှာလဲ"

"ဟောဟို မြရာပင်ခြေရင်းမှာကွ၊ တွေ့လား။ မျက်လုံးနှစ်လုံး ကို နီရဲနေတာဘဲ"

အားလုံးဝိုင်းကြည့်ကြရာမှ ဘိုစိန်က . . .

"ဟာ . . ငတုံးတွေ၊ အဲဒါ မြွေမျက်လုံးမဟုတ်ဘူးဟ။ ကျောက် နီလက်စွပ်နှစ်ကွင်းဟ၊ ကော်တာပဲ။ ဘေးမှာ ရွှေရောင်တောင်ဝင်းလက် နေသေးတယ်။ ဖယ် . . . ဖယ် . . . ငါသွားကောက်လိုက်မယ်"

ဟုတ်ပါသည်။ ဘိုစိန်ကောက်လာသည်မှာ ငါးမူးသားခန့်စီရှိ သည့် ရှေးရိုးပုံစံ ကျောက်နီလက်စွပ်နှစ်ကွင်း ဖြစ်သည်။ လှလှက ကိုင်ကြည့်ပြီး . . .





"ဟောကောင်တွေ . . ကျောက်နီလက်စွပ်မဟုတ်ဘူး။ ဒါပတ္တမြား လုံးချောတွေ၊ ဂေါ်ကြိုးတွေတောင်ပေါ်နေတယ်။ အဖိုးတန်ရှေးဟောင်း လက်စွပ်တွေပဲကွ။ ဘုရားစိန်ဖူးတော်မှာလှူထားတဲ့ ဌာပနာပစ္စည်းတွေ များ ဖြစ်နေမလားမသိဘူး"

ကျွန်တော် ။ "မဟုတ်နိုင်ဘူးထင်တယ် ဘိုစိန်ရေ။ ကိုးတောင်ပြည့် ဘုရားကလေး စိန်ဖူးတော်မှာ ဘယ်သူလက်စွပ်လှူမှာလဲ။ လှူချင်း လှူ ဌာပနာတိုက်ထဲမှာ လှူတယ်ဆိုဟုတ်သေး။ မင်းက ရမ်းဖြီးတာပဲ။ ဒါပေမဲ့ ငါတို့လည်း မယူပါဘူး။ ဘုရားမှာ ပြန်လှူကြမယ်။ သဘော တူတယ် မဟုတ်လား"

"သိန်းချိုတန်မှာကွ၊ နမြောစရာကြီး"

ကျွဲလေးက ဝင်ပြောလာသည်။

ကျွန်တော် ။ "ဟောကောင် . . . ကျွဲလေး၊ ငါတို့ကိုယ်ပိုင်ပစ္စည်းလည်း မဟုတ်ဘူး။ ကောက်ရတာ။ ငါကအရင်တွေ့ပေမဲ့ နမြောတွန့်တိုခြင်း မရှိဘူး။ မင်းကဘာကြောင့် လောဘတက်နေရတာလဲ။ ဒါ ဘုရားပစ္စည်း ပဲဖြစ်မှာ အမှန်ပဲကွ။ ဘယ်သူကမျှ ဒါလောက်တန်ဖိုးကြီးတဲ့ပစ္စည်းကို ပစ်ထားမှာမဟုတ်ဘူး"

ကြွယ်ကြီး ။ "ကဲ . . . တော်ကြပါတော့ကွာ၊ အခုဘာလုပ်ကြမှာလဲ"

ကျွန်တော် ။ "အလုပ်ဆက်လုပ်ကြမယ်။ ဒီလက်စွပ်နှစ်ကွင်းကို ငါ သိမ်းထားမယ်။ အဘလာလိမ့်မယ်။ အဘလာရင် အဘကတစ်ဆင့် ဆရာတော်ကိုအပ်မယ်"

အားလုံး ။ "အေး . . . အေး . . . အဲဒါကောင်းတယ်။ ငါတို့အား လုံး ကုသိုလ်ရတာပေါ့"

ဘိုစိန် ။ "ကဲ . . . အားလုံးဆက်လုပ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဆက်လက်ရှင်းလင်းနေကြစဉ် ရွာသူရွာသားများလည်း ရောက်လာကြသည်။ မနက် (၉)နာရီခန့်တွင် ကားကြီး (၃) စီး ရောက်လာသည်။ ရှေ့ဆုံးကကားက ဘိလပ်မြေနှင့်သဲကား။ နောက်တစ်စီးက သစ်ကား။ နောက်ဆုံးတစ်စီးက သွပ်ပြားနှင့် အလုပ်သမားများစီးလာကြသော ကားဖြစ်သည်။

မကြာပါ။ နောက်ထပ်ကား (၂)စီး ရောက်လာပြန်သည်။ တစ်စီးက မာဇဒါဂျစ်။ နောက်တစ်စီးက တီတူး။ စစ်သားများပါ ပါလာသည်။ တပ်ရင်းမှူး ဖြစ်ဟန်တူပါသည်။ မရှေးမနှောင်းပင် ဆရာတော်ဘုရားလည်းကြွလာပြီး နောက်က အဘလည်း လိုက်ပါလာသည်။ ဆရာတော်အား ဖရပ်ပေါ်တွင်နေရာပေးပြီး တပ်ရင်းမှူးဦးဆောင်၍ ရှိခိုးကန်တော့ကြသည်။

ဆရာတော်ဘုရားက လုပ်ဆောင်သင့်သည်များကို မိန့်ကြားပြီး တပ်ရင်းမှူးနှင့် ရပ်ရွာလူကြီးများ၊ အလှူရှင်များဆွေးနွေးညှိနှိုင်းကြသည်။ ထို့နောက် နဝင်းချိန်ကိုက် ဆရာတော်ဘုရားမိန့်ကြားသည့်အတိုင်း အလုပ်စ,ကြသည်။ ဆရာတော်ဘုရားနှင့် တပ်ရင်းမှူးက သန့်စင်နေသော ပတ်ဝန်းကျင်ကိုကြည့်၍ ချီးကျူးစကားဆိုသည်။ အဘက ကျွန်တော်တို့အုပ်စုအား လက်ညှိုးညွှန်ပြသည်။

အကွက်ဝင်သည်နှင့် ကျွန်တော်က စေတီကလေးအနီးချုံများရှင်းစဉ်တွေ့ခဲ့ရသော ကျောက်နီလက်စွပ်နှစ်ကွင်းအား ဆရာတော်ဘုရားကိုအပ်သည်။

"ဟာ ....ဒကာလေးတို့၊ ဒါ အဖိုးတန်ရှေးဟောင်းပတ္တမြားလက်စွပ်တွေပဲ"

တပ်ရင်းမှူးကလည်း ယူကြည့်သည်။

စိတ်ကူးသစ်စာပေ



"သိန်းချီတန်မယ့် လက်စွပ်တွေပဲ ဘုရား"

"ဒကာလေးတို့က ဒီရွာက မဟုတ်ပါဘူး။ ညှိသည်တွေထင်ပါရဲ့။ အင်မတန်မွန်မြတ်တဲ့ဒါနကို ပြုခဲ့ကြတာပဲ။ ဇရပ်နဲ့ စေတီကလေး ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းစင်ကြယ်အောင် လုပ်ပြီးကြပြီ။ အမျိုးကောင်းသားတွေပဲ။ အဖိုးတန် လက်စွပ်နှစ်ကွင်းကိုတော့ စေတီကလေးဌာပနာတိုက်မှာ ထည့်သွင်းကြတာပေါ့။ အိမ်း ... သာဓု၊ သာဓု၊ သာဓု"

ကျွန်တော်တို့အဖွဲ့မှာ နှစ်ထောင်းအားရဖြစ်မိသည်။ မထင်မှတ်ဘဲ ကုသိုလ်ပြုရခြင်းအတွက်လည်း ကျေနပ်ဝမ်းသာမိသည်။ ကားပေါ်မှ အုတ်၊ သဲ၊ သွပ်၊ ကျောက်၊ ဘိလပ်မြေနှင့် သစ်များချတော့လည်း ဝိုင်းကူသယ်ဆောင်ပေးကြသည်။ ထိုနေ့သည် ကျွန်တော်တို့သူငယ်ချင်းတစ်စုအတွက် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

ကျွန်တော်တို့အဖွဲ့ အမိုးတန် ပတ္တမြားလက်စွပ်(၂)ကွင်းအား
ဘုရားဌာပနာရန် အပ်ခြင်းသတင်းမှာ တစ်ရွာလုံးကျော်သွားသည်။
အလှူရှင်အစ်မကြီးကလည်း ဝိုင်းဝန်းလုပ်ဆောင်သူများအား ရက်ရေ
စွာ ကျွေးမွေးသည်။ အေးချမ်းတိတ်ဆိတ်နေသော ရင်ကွဲဇရပ်ပတ်ဝန်း
ကျင်မှာ အလွန်တရာစည်ကားလှသည်။

တန်ဆောင်မုန်းလပြည့်ရက် နီးပြီဖြစ်၍ ပန်းရန်နှင့် လက်
သမားဆရာများမှာ အောက်လင်းဓာတ်မီးများထွန်း၍ နေ့မအား ည
မနား လုပ်ကိုင်ကြသည်။ အိပ်တော့လည်း ရင်ကွဲဇရပ်ပေါ်တွင်ပင် အိပ်
ကြသည်။ အလှူပွဲတမျှ နေ့ည စည်ကားလှပေတော့သည်။





ဒုတိယနေ့ ညနေစောင်းတွင်ပင် ကိုးတောင်ပြည့်ဘုရားကလေး
လုံးချောကိုယ်ထည်ပြီးစီးသည်။ ရွာနီးစပ်ချုပ်မှာ ဌာပနာရန် ရွှေထည်
ပစ္စည်းများနှင့် ငွေများလာလှူကြသည်။ အလှူ့အစ်မကြီးက ရွှေထည်
ကိုသာလက်ခံပြီး ငွေများကိုလက်မခံပါ။ ရင်ကွဲဇရပ်ကြီးမှာလည်း သွပ်
ပြားအသစ်များမိုးပြီး၍ ဝင်းလက်တောက်ပြောင်နေသည်။ မျက်နှာကြက်
ကတော့ မပြီးစီးသေးပါ။ သို့သော် အလုပ်သမားများနှင့် လုပ်အားပေး
များတောင့်လှသဖြင့် တတိယနေ့တွင် ပြီးစီးမည်ဟု မျှော်လင့်ထားကြ
သည်။

တတိယနေ့တွင် လွမ်းစေတီကလေးအား သစ်စေးသုတ်သည်။
ဘုရားဒါယကာအစ်မကြီးက ဟိုင်းလက်ကားပက်လက်ပေါ်တွင် ထီးတော်
အားတင်၍ ပင့်ဆောင်လာသည်။ ရတနာပစ္စည်းများ မြှုပ်နှံထားသဖြင့်
အတော်တန်ဖိုးကြီးသော ထီးတော်ဖြစ်ပါလိမ့်မည်။

စတုတ္ထနေ့တွင် စေတီကလေးအား ရွှေချသည်။ ဒစ္စကိုရွှေ
မဟုတ်ပါ။ တကယ့်ရွှေအစစ်ဖြင့် ရွှေပိန်းချခြင်းဖြစ်သည်။ ဘုရားပရိဝုဏ်
အားလည်းချဲ့ထွင်၍ ကျောက်ပြားခင်းသည်။ တံတိုင်းကာသည်။

ပဉ္စမနေ့တွင် ဇရပ်ကြီးလည်း ပြင်ဆင်ပြီးသဖြင့် ထီးတင်ပွဲ
လုပ်ရန်ဖြစ်သည်။ ညီသည်နှင့် ရွာသူရွာသားများ ဝတ်ကောင်းစားလှ
များဖြင့် မနက်စောကတည်းက ရောက်နေကြသည်။ ဆရာတော်ဘုရား
သတ်မှတ်ပေးသော မနက် (၉)နာရီအချိန်တွင် ထီးတင်ပွဲကျင်းပသည်။
တစ်ဆက်တည်းမှာ ဌာပနာတိုက်ပိတ်ပွဲလည်းလုပ်သည်။

မြို့ပေါ်နှင့် ရွာနီးစပ်ချုပ်မှလည်း ကားများ၊ လှည်းများဖြင့်
လာကြ၍ အလွန်တရာ စည်ကားလှသည်။ အကျွေးအမွေးမှာလည်း
အလှူ့ပယ်ပင်။ ဝက်သားဟင်း၊ ကြက်သားဟင်းနှင့် မြန်မာမဲဇလီဟင်းချို၊

www.burmeseclassic.com



ငါးခြောက်ထောင်းကြော်တို့ဖြစ်သည်။

အခမ်းအနားအပြီးတွင် ကျွန်တော်တို့အုပ်စုအား ဆရာတေ
ဘုရားကခေါ်သည်ဆို၍ ဇရပ်ခေါင်းရင်းသို့ တက်သွားကြရာ အဘ
တပ်ရင်းမှူး၊ အလှူ့အစ်မကြီးတို့လည်း ရှိနေကြသည်။ ကျွန်တော်
သူငယ်ချင်းတစ်စု ဆရာတော်အားဝတ်ဖြည့်ပြီး ထိုင်လိုက်ကြစဉ် တ
ရင်းမှူးက …


"ကဲ … သားတို့ကို အလှူ့အစ်မကြီး ဒေါ်ရွှေမှုန်က ဂုဏ်
ချင်လို့တဲ့ကွ။ အဲဒါကြောင့် ခေါ်တာပါ"

"ကဲ … မောင်လေးတို့က အလွန်ရိုးသား ကြိုးစားကြ
အစ်မကြီးက ဂုဏ်ပြုဆုချတာပါ။ တစ်ယောက်ကို မုန့်ဖိုးတစ်သော
စီဆုချပါတယ်"

စေတနာ ရောင်ပြန်ဟန်ခြင်း ဖြစ်ပါလိမ့်မည်။ ငွေတစ်သော
စီထည့်ထားသော စာအိတ်ကြီးတစ်လုံးစီကို ကျွန်တော်တို့သူငယ်ချ
ငါးဦး လက်ခံနေကြစဉ် ဘာဘုန်းနှင့်ပရိသတ်က 'သာဓု … သာဓု …
သာဓု'ဟု သုံးကြိမ်ခေါ်ဆိုကြသည်။ ကျွန်တော် အမှတ်မထင် လှ
စေတီကလေးဘက်သို့ ကြည့်လိုက်မိသည်။ ချိုးငှက်ဖြူလေးနှစ်ကော
ငှက်မြတ်နားတွင်နားခိုပြီး တောင်ပံသံပြင်းပြင်းရိုက်၍ ကောင်းကင်
သို့ထိုးတက်ပြီး ပျံသန်းပျောက်ကွယ်သွားကြတော့သတည်း။

■ ■ ■

တောင်မှုးကြီးသိန်းဝ



www.burmeseclassic.com

## [ ၁ ]

❑

မိုးစင်စင်သာ လင်းတော့သည်။

ညက တစ်ညလုံးတစ်ရေးမျှ မမှေးလိုက်ရ။

ကျွန်တော်တစ်ယောက်တည်းလည်း မဟုတ်။ ဘူဒိုဇာ စက် ကြီးမောင်းအဖွဲ့၊ ဒေသခံလုပ်သားများနှင့် ကျွန်တော့်ရုံးအဖွဲ့။ အစုစု လူပေါင်းဆယ့်လေးငါးယောက်စလုံး တစ်အောင့်တစ်နား မှေးခွင့်ရလိုက် သည်ဆိုသာရုံကလေးမျှပင် မမှေးလိုက်ကြရခြင်းဖြစ်၏။

ရန်ကုန်ပြည်ကားလမ်းမကြီးပေါ် မေးတင်ထားလျက်သ် တိုက် ကြီးမြို့၏အရှေ့ဘက် ပဲခူးရိုးမတောင်ခြေတောစ၊ 'ကျားချောင်း' ရွာ သည် ရေတာရှည်မြောင်၊ သံပရာမြောင်၊ ဒူးကွဲမြောင်၊ တောင်ခြမ်းနှင့်





ရေဘုတ်လျှိုများဆီအထိ တစ်ခွင်တစ်ပြင် ဝါးတော၊ အင်တိုင်းတော ကြီးများအတွင်း၌ အရိုးကွဲလုခမန်း ဒီဇင်ဘာဆောင်းအအေးဒဏ်ကို ခိုက်ခိုက်တုန်အောင် ငုတ်တုတ်သားပေခံ၍ မိုးစင်စင်လင်းခဲ့ကြရခြင်း ဖြစ်သည်။

"ဟောဒီ တောဆင်ရိုင်းအုပ်က သိပ်ဆိုးဝါးတာ ဆရာကြီး ရေ။ ဒီလို ပွင့်လင်းရာသီရောက်ပြီဆို မိုးဦးကျ မျှစ်စို့ကြီးတွေပေါက် လာသလို ရိုးမတောကြီးထဲကထွက်ပြီး သင်းတို့ရောက်လာကြပြီ။ ဥတို ဘက်ကနေစလိုက်တဲ့ ရုပါဝမ်းကုမ္ပဏီနဲ့ ဖော်ကျွန်းအင်တာနေရှင်နယ် ကုမ္ပဏီပိုင် ကြံစိုက်ခင်းကြီးတွေ၊ ပုဂ္ဂလိကရာဘာစိုက်ခင်း၊ ကျွန်းစိုက် ခင်းကြီးတွေ၊ ဧက ၂၀၀၀ စပါးလင်ဆီမွှေးစိုက်ခင်းကြီးတွေဆီကို အုပ် လိုက် ဝင်မွှေကြပြီ။

ဆင်အုပ်တစ်အုပ်မှာဆိုလည်း ဆယ့်လေး ငါးကောင်။ တစ် ကောင်ချင်းသင်းကွဲပြီး သောင်းကျန်းတတ်တဲ့ ဆင်ဆိုးကြီးတွေကလည်း ပါချင်ပါတတ်သေးရဲ့။ ညကကျုပ်တို့ ဘူဒိုဇာစက်ကြီးကို လာလာရန်ရှာ နေ၊ ဖျာများနေတဲ့ကောင်ကြီးက သင်းကွဲကြီးဗျ။ ပန်းဆင် (တစ်ကောင် တည်းအုပ်ခွဲနေသော ဆင်ဆိုး) ဆင်ထီးကြီး။ နည်းတဲ့ကောင်ကြီးမဟုတ် ဘူး"

'ကျားချောင်း' ရွာခံ၊ ကျောက်မိုင်းလုပ်သား ကိုမောင်ဝင်းက ရေနွေးကြမ်းပူပူကို တဖူးဖူးမှုတ်သောက်ရင်း ပြောလိုက်ခြင်းဖြစ်၏။ တိုက် ကြီးမြို့သား ပုဂ္ဂလိက ကျောက်ထုတ်လုပ်ငန်းရှင် ဦးအလီရှား (ခ) ဦးလှမြင့်ကလည်း သူ့စကားကို ခေါင်းညိတ်ထောက်ခံလျက်ရှိသည်။

"ဟုတ်တယ် မန်နေဂျာကြီးရေ။ နှစ်တိုင်းနှစ်တိုင်း ကျုပ်တို့ ကျောက်ထုတ်လုပ်ရေးလုပ်ငန်း ဖြိုင်ဖြိုင်တွန်းလုပ်ကြရတဲ့ရာသီနဲ့ 



www.burmeseclassic.com

www.burmeseclassic.com



အကောင်ကြီးတွေ သောင်းကျန်းတဲ့အချိန်က ကွက်တိကြီးကျလို့ဗျို့။ အားခွန်ဗလကလည်းကြီး၊ ဆင်အုပ်ကလည်းတောင့်၊ ရန်လိုစိတ်ကလည်း ကြိတ်ကြိတ်ခဲခဲရှိလိုက်ပခင်ဗျ။ အရွယ်ရောက်ပြီးတဲ့ အဲဒီအကောင်ကြီး တွေဟာ လူမသတ်ဖူးသေးတဲ့ကောင်၊ လူကိုရန်မရှာဖူးသေးတဲ့ကောင် ဆိုတာ မရှိသလောက်ပဲ။ အားကြီးဆိုးတဲ့ ကောင်မျိုးကြီးတွေရယ်ခင်ဗျ''

ဦးအလီရှား၏ညီတော်မောင် ကိုအီဆွတ်ကြီးကလည်း သူတွေ့ဖူးသမျှ၊ ကြားဖူးသမျှတွေကို ရင်ဖွင့်လာသည်။

ပြီးလျှင် ညကကြုံခဲ့ရပုံများကို တစ်ယောက်တစ်ပေါက်စားမြုံ့ပြန်၍နေကြလေ၏။

ကျွန်တော်၊ စိမ်းကိန်းအကြံပေးပညာရှင် (ဘူမိဗေဒအရာရှိ) ဦးခင်မောင်လင်း၊ ကျွန်တော့်လက်ရုံး ကြီးကြပ်ရေးမှူးဆရာကြီး ဦးဝင်းရွှေတို့ လူသိုက်မှာ သိပ်သိပ်သည်းသည်းရှိလှသည့် ဝါးရုံရိပ်၌ ဝိုင်းဖွဲ့လျက် ကော်ဖီပူပူ၊ ရေနွေးကြမ်း၊ ထမင်းကြော်၊ ကြောင်သားဟင်းတို့ကို အားရပါးရကုန်းတွယ်ရင်း ကိုယ့်အတွေးတွေနှင့်ကိုယ် ငြိမ်နေမိကြ၏။

ကြောင်သားဟင်းမှာ ရေတာရှည်မြောင်ထိပ်၌ တောင်ယာဟင်းသီး ဟင်းရွက်စိုက်ခင်းကလေး မစို့မပို့ကိုစိုက်ပျိုးရင်း တောမုဆိုးလုပ်စားနေသည့် စောထူးက လာပို့သွားခြင်းဖြစ်သည်။ ကျွန်တော်က သူ့အား 'ကျောက်ထုတ်လုပ်ကွက်ရှာဖွေရေးတာဝန်ခံ' ဟူသည့် ကုမ္ပဏီ၌ တစ်ခါဖူးမျှမရှိခဲ့ဘူးသော ရာထူးသစ်ကို တီထွင်ခန့်ထားလျက် သူ့တောမုဆိုးအလုပ်လည်းမပျက်စေရဘဲ ကျွန်တော်တို့ရလိုသည့် ကျောက်အမျိုးအစားပေါပေါများများလည်းရနိုင်မည့် ခင်၊ ကြော၊ လျှို၊ မြောင်၊ တောင်ချုပ်၊ ကျောင်းမိုင်းကွက်များကို ရှာဖွေလေ့လာလမ်းပြစေသည့် လခစား





ဖူးထိဝန်ထမ်းအလုပ်ကို ရှာဖွေပေးထားလေ၍ ကျွန်တော့်အပေါ် ဦးကြီးလေးသဖွယ် ရိုကျိုးလေးစားစွာ ပြန်လည်ကျေးဇူးပြုခြင်းလည်း ဖြစ်ပါ၏။

စောထူးရှိနေခြင်းကြောင့် အမြဲတမ်း လျှာဦးစိုစို စားရတော့မြဲ။

စောထူးသည် 'ကျားချောင်း' ချက်မြှုပ်ဇာတိဖြစ်၏။ တိုက်ကြီးမြို့၏အရှေ့မြောက်ဘက် ၇ မိုင်ခန့်အကွာ၊ ရန်ကုန်မြို့ကြီးမှ မိုင် ၅၀ ဝန်းကျင်သာသာတွင် တည်ရှိနေသော်လည်း 'ကျားချောင်း' သည် ပဲခူးရိုးမကြောကြီးကိုကျောမှီလျက် ရှည်လျားညို့မှိုင်းသည့် တောင်ကြီးတောတန်းများက ပတ်ပတ်ရံနေ၍ လူသူအပေါက်အရောက်နည်းလှသည့် ခပ်ခေါင်ခေါင်ရွာကလေးသာ ဖြစ်သည်။

သူ့ရှေ့နားတွင် ချင်းကုန်းရွာကြီးနှင့် ကျိုးဖြူရေလှောင်တမံကြီးရှိ၏။ အနောက်ဘက် ခပ်ဝေးဝေး၌မူ သဲဝါရွာရှိသည်။

ရန်ကုန်–မန္တလေး ခရိုင်ချင်းဆက်လမ်းမကြီး (အနောက်နှီးမပတ်လမ်း) အမှတ် (၁)ကို ရန်ကုန်တိုင်း၊ ပဲခူး(အနောက်)၊ မကွေးတိုင်း၊ မန္တလေးတိုင်းစသည်ဖြင့် တိုင်းကြီးလေးတိုင်းအား ဖြတ်သန်းဖောက်လုပ်ရန်တာဝန်ဖြင့် ကျားချောင်းရွာကလေးဆီသို့ ကျွန်တော်တို့ ရောက်ရှိချိန်အထိ ပီဘိဝေးလံသီခေါင်၍ တောကျကျရွာကလေး တစ်ရွာသာ ဖြစ်နေသေးသည်။

သို့ရာတွင် ပဲခူးရိုးမကြောတန်းကြီးကို အခြေတည်ထားသည့်အတွက် 'ကျားချောင်း' ရွာကလေး ဝန်းကျင်တစ်ခိုမှစ၍ တောပြင်အနှံ့၌ လက်အယားပြေလိုသူ အမဲပစ်ဝါသနာအိုးများ စိတ်ချဉ်ပေါက် လာယောက်အောင်ပင် ပထမတန်းစား တောကောင်အမဲများပေါများလွန်း



www.burmeseclassic.com

www.burmeseclassic.com



သည့် ဒေသဖြစ်နေသည်။

ရစ်၊ ခါ၊ ဒေါင်းစသည့်ငှက်ကြီးမျိုးများကို ရှာနှင့်ဝေးဝေးမသွားရဘဲ အလွယ်တကူ ပစ်၍ရနိုင်သလို ချေ၊ ဆတ်၊ ဒရယ်၊ ဝက်များကိုလည်း တစ်တော၊ နှစ်တော 'ခေါင်းဝင်ခြေဆုံ' တိုးဝင်မိရုံမျှနှင့် ပစ်ခတ်ရရှိဖို့ သေချာနေပေသည်။ ကိရဲ္ဘာန်ကြီး၊ အမဲကြီးစာရင်းဝင် စိုင်အုပ်ပြောင်အုပ်များ၊ တောဆင်အုပ်ကြီးများနှင့် ရုံဖန်ရုံခါ ရှာခြေနားအထိဆင်းလာ၍ နွားအုပ်၊ ကျွဲအုပ်ကို အပိုင်ဝင်ဆွဲရန် ချောင်းမြောင်းနေတတ်သည့် ကျားကြီးများ၊ သစ်ဆင် (ကျား သစ်အကြီးမျိုး)များကိုလည်း မကြာခဏ ခလုတ်တိုက် ကြုံဆုံမိရတတ်လေ့ရှိသည်။

သို့ဖြစ်၍ 'ဒီလိုဆင်နေကျားအောင်း တောကြီးမျိုးကို ဝင်မိမှဖြင့် ဒီလိုတောအရေးတွေကို မလွဲမသွေ ကြုံရပေမှာပ' ဟူသာ နှလုံးပိုက်လျက် မလှုပ်မချောက် ငြိမ်နေမိခြင်းဖြစ်သည်။

"ကိုယ့်ဆရာ ငြိမ်လှချည့်ကလား။ တောကြီးတောင်ကြီးတွေထဲကို တိုးမှူးခွေ့မှူး ဝင်မှုးထွက်မှူးရဲ့လည်းဆိုသေး၊ ညက အကောင်ကြီး ပြောင်းဆန်ပြလိုက်တာနဲ့တင် သွေးပျက်ရော့လား။ ဒါအစရှိသေးတာခင်ဗျ။ 'ကကြီးရေက' တောင် မဆိုရသေးဘူး။ ကြုံရပါလိမ့်ဦးမယ်ခင်ဗျ။ နောင်ကို ဒါထက်ဆိုးတာမျိုးတွေချည်း ဒုတ်ဒုတ်ထိတိုးရဦးမှာကြီးရယ်။ မိုးမကြောနဲ့ဆက်နေတာကိုး . . . နော့"

ရှာခံမုဆိုးကျော် ဖိုးချစ်ရှိကလည်း ပြုံးကျဲကျဲဖြင့် စကားဆိုရင်း အနားဝင်ထိုင်သည်။

ကျွန်တော်က စကားတုံ့တင်မဆိုမိ။

ကော်ဖီမစ်တစ်ခွက်ကိုသာ ရေနွေးဖြင့်ထပ်ဖျော်၍ ကမ်းပေးလိုက်မိသည်။





"ဖိုးချစ်ရှိရေ့၊ မင်းမလည်း မုဆိုး,မုဆိုးနဲ့ တစ်နေ့တစ်နေ့ဒီတောဒီတောင် ဒီမြောင်ဒီလျှိုထဲမှာချည်း တဝဲရယ်တဲ့ တလည်လည်ယုန်ကလေးလိုက်,လိုက်၊ ကြောင်ကလေးထောင်လိုက်၊ တောဝက်ကလေးပစ်လိုက်နဲ့ ပိတိကျပြီး 'ထန်းလျက်နဲ့အချိုကုန်'နေတော့ ခက်သားပေါ့ဟ။

မန်နေဂျာကြီးတို့ ငါတို့ဆိုတာက အစိုးရဌာနထဲမှာလည်း ဌာနထဲမှာမို့ အခုလို ပြင်ပပုဂ္ဂလိကကုမ္ပဏီမှာ ဆိုပြန်တော့လည်း တို့လုပ်နေရတဲ့အလုပ်တွေကိုက တောတောင်နဲ့မကင်း၊ တောတောင်ကို ခြေကန်ပြီးလုပ်နေရတာမို့ မြန်မာပြည်တစ်ခွင် တောမှန်သမျှတော၊ တောင်မှန်သမျှတောင် ပြုပြစ်ပါပဲမောင်။ ငါတို့ ခြေမချမှူးတာရှားပ။ ငါတို့နားရှက်ရာတွေချည်းပဲဟ။ ဒီလောက်နဲ့တော့ဖြင့် နံကြားမညပ်သေးဘူးကောင်ရေ့။ အဟုတ်ပြောတာ၊ ဟဲ . . . ဟဲ . . . ဟဲ"

ဆရာကြီး ဦးခင်မောင်လင်းက နှုတ်လှန်ထိုးသည်။

'ကိုယ့်ကိုယ်ကိုယ်ဖော်၊ မသူတော်' ဟုဆိုကာမှဆိုစေ၊ ဦးခင်မောင်လင်းကြီးပြောသည်ကမှ 'မှန်လှချည့်' ဟူသာ ပစ်စလက်ခတ်ထောက်ခံရမလိုပင် ဖြစ်နေတော့၏။

"ဆရာ . . . ကျွန်တော်တို့စက်ကြီးအဖွဲ့ကို နှိုးလိုက်ရတော့မလား။ စားချိန်သောက်ချိန်နဲ့ဆို စက်မောင်းချိန် သိပ်နောက်ကျနေဦးမယ်။ တစ်ဂျူတီ (စက်မောင်းချိန် ၈ နာရီ)ကို စက်ငှားခချည်း တစ်သိန်းခွဲ၊ နှစ်သိန်းပေးငှားထားရတာ ဆရာရဲ့။ တန်အောင်တော့ နိုင်းဦးရမှပဲ"

"ခဏလေးအိပ်ကြပါစေဦး ဆရာကြီး ဦးရွှေဝင်းရာ။ သူတို့ခများတွေလည်း တစ်ညလုံးအိပ်ရေးပျက်ထားကြရှာတာ။ ဟိုအကောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးလာလာနိုပ်စက်တိုင်း စက်ထန်း၊ ဆယ့်လေးငါးမိနစ်မောင်း၊ ရှေ့မီးကြီးတွေကိုလည်း လင်းနေထိန်နေအောင်ထိုးနဲ့၊ အဲဒါမျိုးကြီးက မိုးစင်စင်မလင်းမချင်း ဝဋ်ကြီးတစ်ခုလိုချည်းကို လုပ်နေခဲ့ကြရတာပဲဥစ္စာ။ အိပ်ကြနားကြပါစေဦး။ အားကလေး အင်ကလေးများလည်း ပြည့်သွားကြရအောင်''

''ဟုတ်ကဲ့ ဆရာ''

''အောင်ပါင်နီးပြီးရေ''

''ခင်ဗျာ ဆရာကြီး''

''တို့တောရှင်းအဖွဲ့တွေကိုတော့ ခရီးတွင်အောင် ကြိုကြိုတင်တင် တောတိုးနိုင်းထားပေ့။ မနေ့က လမ်းအကြောင်းရှာပေးထားတဲ့အတိုင်း ရေတာရှည်မြောင်ဘက်ဖြတ်ထွက်တဲ့ သုံးလမ်းဆုံ 'ဘိုးတော်'တို့တဲစုအထိ လမ်းရှာပေးပြီး ဝါးကိုင်းတွေ၊ ချုံနွယ်တွေရှင်းနှင့်ကြကွာ။ သတိတော့ထားသွားကြ။ ညကကောင်ကြီး ချောင်တစ်ချောင်ချောင်မှာ ခိုပြီး ဒုက္ခပေးမှာစိုးရတယ်''

''ဟုတ်တယ် မန်နေဂျာကြီးရေ။ လွန်ခဲ့တဲ့တစ်ပတ်ဆယ်ရက်လောက်ကပဲ သဲဝါဘက်က တံမြက်စည်းတံချူးတဲ့မိန်းမတွေ ဆင်လိုက်ခံရပြီး တစ်ယောက်သေ၊ တစ်ယောက် ပေါင်ကျိုးခဲ့ပါရော။ ရေဘုတ်မြောင်နဲ့ မှန်ပြတောင်ဘက် မိုရှာ၊ မျှစ်ချိုးထွက်ကြတဲ့ သရက်ချောင်းကလူသိုက်တွေလည်း ဒီကောင်ကြီးထွက်လိုက်တာ မနည်းအသက်လုပြေးခဲ့ကြရသတဲ့။ ကံကောင်းလို့ မသေကြရတာရယ်''

''ဒီအကောင်ကြီးတွေက ဒီလောက်တောင် ဆိုးဝါးသောင်းကျန်းနေသလားဗျာ။ ဒီပုံအတိုင်းဆို တောတောင်ကိုမှီပြီး ထမင်းရှာစားနေကြရတဲ့ ရွာကလေးတွေက ရပ်သူရွာသားတွေ ဘယ့်နှယ်အသက်





မွေးကြမတုံး။ ခက်ပ''

''အဲဒါကြောင့် ကျွန်တော်က ကျောက်မိုင်းလုပ်သားတွေကို လမ်းမသာသေးသရွေ့၊ လူနေလူထိုင် မစည်ကားသေးသရွေ့ မြောင်တွေထဲမှာ ညဥ့်အိပ်ညဥ့်နေအထိုင်ချပြီး အလုပ်မလုပ်ကြနဲ့ဦးလို့ ဖွတ်ကြီးတားနေရတာပေါ့ ဆရာရဲ့။ ဟောဒီ လုစိုးတို့ 'သဲဝါ'ကအသိုက်တွေဟာ အင်မတန်အရဲကိုးပြီး လစ်ရင်လစ်သလို ညအိပ်နေတတ်ကြလွန်းလို့ ခဏတိုင်း သာသာထိုးထိုး ဆဲဆိုကြိမ်းမောင်းနေရတာပေါ့''

ပြောရင်းဆိုရင်း စီမံနေရင်းကပင် သည်ဆင်ဆိုးအန္တရာယ်ကြီးက မျက်စိစပါးမွေးမစူးဘဲ မနေနိုင်အောင် ဖြစ်လာနေတော့သည်။

ညကဖြစ်ပုံကိုပဲကြည့်။

သည်အကောင်ကြီး သောင်းကျန်းပုံနှင့် ဆိုးပုံဆိုးလက်က လွှတ်စိတ်မောချင်စရာကောင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ညစာထမင်းဝိုင်းကို လက်စသိမ်း။ တစ်အောင့်တစ်နား ခဏ တဖြုတ်ပြောပြီးကြသည်နှင့် မြေထိုးစက်ကြီး (Bulldozer)ကို စ,မောင်း ဖို့ ပြင်ဆင်ကြရသည်။

ညဦးပိုင်း ခုနစ်နာရီသာသာကလေး ရှိသေး၏။ လ,က မထွက် သေး။

အနောက်ရိုးမပတ်လမ်းကြီး၏ တိုက်ကြီးမြို့နယ်အပိုင်းသည် မော်ဘီဘက်၊ ဖူးကြီးရေလှောင်ကန် တာပေါင်ကြီးကျော်ကျော်ကလေး မှစတင်ကာ သုံးဆယ်ဘက်အဝင် သံဘောလီတံတားကြီးအထိ ဖြစ်၏။

လမ်းအကျယ် ၃၀ ပေ၊ ကျောက်ချောလမ်းအကျယ် (၁၂)ပေ၊ လမ်းအရှည် (၄၀၄)မိုင်ရှိသည့် တိုင်းကြီးလေးတိုင်းဖြတ်မည့် မဟာ





ဗျူဟာလမ်းကြီးအတွက် လိုအပ်သမျှ လမ်းခင်းကျောက် အရွယ်အစား မျိုးစုံကို အချိန်မီလုံလောက်စွာ ထုတ်လုပ်ပေးဖို့ ကျွန်တော်တို့ကုမ္ပဏီ အုပ်စုက တာဝန်ယူ၍ လုပ်ငန်းစာချုပ် (Work Contract) ချုပ်ထား သည်။

လမ်းပိုင်းတစ်မိုင်လျှင် ကျောက်လိုအပ်ချက်မှာ ၁၀၀ ကုဗပေ ကျင်း ၅၉၄ ကျင်းဖြစ်၍ သည်လမ်းမကြီးတစ်ခုလုံး ပြီးစီးစေဖို့ လမ်း ခင်းကျောက်ကျင်းပေါင်း ၂၄၀,၀၀၀ ကျော် ထုတ်လုပ်ရပေမည်။ သည် တာဝန်က စီမံကိန်းမန်နေဂျာ (Project Manager) ဖြစ်သူ ကျွန်တော့် ခေါင်းပေါ်၌ အလေးအပင်ကြီး တနင့်တပိုးရှက်ထားရသလို လေးလေး လံလံ။

“ဆရာ . . . တောင်ခြမ်းဘက်တက်တဲ့လမ်းကို အရင်ထိုးရ မှာလား။ အဲဒီလမ်းမှာတော့ ‘ဖော်ကျွန်း’က ကြိုသယ်ဖို့ဖောက်ထား တဲ့လမ်းဟောင်းရာရှိတယ်။ တောခြေအစပ်မို့ သစ်ပင်ဝါးပင်လည်း သိပ် မရှုပ်ဘူး။ အလုပ်ပိုတွင်မယ်ထင်တယ်”

“နေဦးဆရာကြီး ဦးရွှေဝင်။ အလုပ်တွင်ဖို့ အလုပ်ပြီးဖို့ထက် မြောင်ထဲက ကျောက်မိုင်းတွေမှာ တောထုတ်,ထုတ်ထားတဲ့ ကျောက် ပမာဏဘယ်လောက်များများရှိနေသလဲ။ အနီးဆုံးဖြတ်လမ်းကို စက် ကြီးနဲ့တစ်ကြောင်းထိုး ကောင်းကောင်းထိုးပေးလိုက်နိုင်ရင် ကျောက် ထုတ်ထားပြီးတဲ့ မြောင်တွေထဲအထိ ယော်လာရီတွေ၊ ထွန်စက်တွေ မောင်းဝင်နိုင်မလား။ အင်ဂျင်နီယာအဖွဲ့တွေ လမ်းစခင်းမယ့်နေရာနဲ့ အနီးဆုံးဖြစ်မလား။ အဲဒါကိုပဲ အရင်စဉ်းစားကြည့်ကြရမှာ။ ဟုတ်လား မှူကြီး”

“ဟုတ်တယ်ခင်ဗျာ မန်နေဂျာကြီး၊ ဟုတ်တယ်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ရေတာရှည်နဲ့ သံပရာမြောင်ထဲမှာတင် ကျောက်ကြမ်းထုတ်ပြီးတာ ကျင်း ၁၀၀၀ ပိုပိုလောက်ရှိမယ်ထင်တယ်''

''မြောင်ထဲကတော့ ကျောက်ကြမ်းပဲဆွဲထုတ်ကြတာပေါ့။ လမ်း ဘေးရောက်မှပဲ ခွဲစိ,စိ ကျင်းထိုးပြီး အပ်လိုက်မယ်လေ''

''ဒါဆို၊ ရေတာရှည်ဘက်ဖြတ်တက်တဲ့ ကြခင်းစုလမ်းခွဲဘက် ကပဲ အရင်ဝင်ကြတာပေါ့။ မိုးကူးတို့တောင်ယာနားရောက်မှ သံပရာ မြောင်ဘက်တစ်လမ်း၊ ရေတာရှည်ဘက်တစ်လမ်း၊ နှစ်လမ်းဖွင့်ပေးလိုက် မယ်လေ။ ထော်လာဂျီနဲ့တွန်းစက်တွေ မြန်မြန်ဝင်နိုင်ပြီး လမ်းသာလာ ရင် လူနေလူထိုင်လည်းစည်ကား၊ တချို့တွေလည်း မြောင်ထဲမှာတင် ညအိပ်ညဉ့်နေ စခန်းချနေနိုင်ကြတာပေါ့''

ကျွန်တော်တို့လူကြီးပိုင်းက ခေါင်းချင်းရိုက်ကြရသည်။ ယခု အနေတွင် တစ်ကြောင်းထိုးမြေသားလမ်း မြန်မြန်ပေါက်ဖို့က အရေး ကြီးနေသည်။ သည်တောကြီးမျက်မည်းကို အလယ်ကောင်က တိုး၍ ပေါက်ဖြတ်သွားနိုင်မည့် လမ်းတစ်ကြောင်းသာ ပေါက်ခဲ့လျှင် ...

''ဖြစ်ပါ့မလား ဆရာကြီး''

''ဘာလို့လဲ ကိုအီဆွတ်ရဲ့။ အဲဒါ အတိုဆုံးနဲ့ အနီးဆုံးလမ်း ပဲလေဗျာ။ တောင်ခြမ်း၊ ရေတာရှည်၊ သံပရာမြောင်အားလုံးဆီကို ဖြတ် တက်လို့ရတဲ့ လမ်းအကြောင်းပဲဟာ''

''ဟုတ်တော့ဟုတ်ပါတယ်''

''ဘာကမဟုတ်သေးလို့လဲ။ ခင်ဗျားစကားကြီးက''

''ဟိုလေ ... အတ္တာဗျာ ... ဟိုဒင်း''

''ဟ ... ဘာလဲကိုအီဆွတ်ရဲ့။ ပြောစရာရှိတာ ရဲရဲပြောပါ''

''အင်း ... အဲဒီ 'ကြခင်းစု'အလွန်ကလေးမှာ ဟိုတစ်နေ့





က တံမြက်စည်းတံရှူးတဲ့မိန်းမတွေကို ဆင်လိုက်ခံခဲ့ရတာခင်ဗျ။ ကြာ သေးဘူး။ တစ်ယောက်ပျက်စီး၊ တစ်ယောက်က ရန်ကုန်ဆေးရုံကြီးမှာ တဲ့။ ကျန်တဲ့မိန်းမသိုက်တွေ အသက်လုပြီး ပြေးရချက်များတော့ တချို့ များဆို ထဘီတောင် မကပ်နိုင်တော့ဘူးတဲ့ ဆရာကြီးရဲ့''

''အေးပါ ... ဟုတ်ပါပြီ။ ကျုပ်တို့လည်း ကြားပြီးပါပြီ။ အဲဒါ နဲ့ အခု ဘူဒိုဇာထိုးမယ့်ကိစ္စက ဘယ်လိုပတ်သက်နေလို့လည်း ကိုယ့်လူ ရဲ့''

''ဆိုင်ပါသကော ဆရာကြီးရာ။ ကွက်တိဒက်ထိကြီးကို ဆိုင် လို့ ပြောနေရတာပ''

''ကဲ ... လုပ်ပါဦး။ ဘယ်လိုဆိုင်တာလဲ''

''အဲဒီမိန်းမတွေကို ထွက်လိုက်တဲ့ဆင်ကြီးက အခု ကျုပ်တို့ လမ်းဖောက်မယ့် ဝါးတောတစ်ပိုက်မှာရှိနေတာတဲ့ခင်ဗျ။ အဲဒီမြောင်ကြား ထဲမှာ စမ်းပေါက်ကလေးကလည်းရှိ၊ တောင်ခြမ်းဘက်အထွက်ဆီမှာ ရေစိမ့်ရေချိုးဖို့ စိမ့်မြေတောကလည်းရှိဆိုကိုး။ မျှစ်ကလည်းပေါ၊ တော ငှက်ပျော၊ တောင်ပိန္နဲသီးတွေကလည်း ဖောခြင်းသောခြင်း။

ဒီမောင်ကြီးက အဲဒီမှာ စိတ်တိုင်းကျခိုနေပြီး မထင်ရင်မထင် သလို ထွက်ထွက်ပြီး ဒုက္ခပေးတတ်တာ။ ဖွတ်ကြီးလိုက်လားလိုက်ရဲ့ နင်းသတ်လားသတ်ရဲ့။ အဲဒါကြောင့် ဒီရက်ပိုင်း ဘယ်သူမှ တောမတက် ရဲကြဘူး''

''ဟုတ်တယ် မန်နေဂျာကြီးရေ။ ကောင်ရေဆယ့်လေးငါး ကောင်ပါတဲ့ ဆင်ရိုင်းတစ်အုပ်ကလည်း ဟောဒီတစ်ပိုက်မှာပဲ ဝဲလည် ခတ်နေတော့တာ။ ဥတိုဘက်ရောက်လိုက်၊ တောင်ခြမ်းဘက်၊ ဒူးကွဲ ဘက်မှာတွေ့လိုက်၊ စူပါဝမ်းနဲ့ဖော်ကျွန်းက ကြခင်းတွေဘက်မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ယာလိုက်။ ဟိုးလယ်ပြင်အနိမ့်ပိုင်းက 'သနစ်ချောင်း'ဘက်အထိ တွေ့ တွေ့နေရသတဲ့"

"အခု ဒီဝါးတောကြီးထဲခိုနေတဲ့ ပန်းဆင်ကြီးဆိုရင် ခြေရာကြီး ကိုက ဆန်ကောအငယ်စားတစ်ချပ်စာလောက် ရှိသတဲ့ဗျ။ အကျယ် အဝန်း သုံးပေလောက်ရှိရောပ။ မှန်းကြည့်ရင် ဒီကောင်ကြီးအရပ်အနေ က ကိုးပေအောက်မလျှို့နိုင်ဘူး။ တချို့ကတော့ ၁၂ ပေလောက်တောင် မြင့်တယ်လို့ ပြောနေကြတာပဲ"

"ကိုင်း ... အဲဒီကောင်ကြီးကိုကြောက်လို့ ဒီအတိုင်းတိုင်း ချည်း ငြိမ်ခံနေကြရင်ရော ပြီးသွားမှာတဲ့လားဗျာ။ ခင်ဗျားတို့ပဲ စဉ်းစား ကြည့်ကြစမ်းပါဦး"

"အင်း ... ဒါလည်း ဟုတ်တာပဲ"

"လမ်းကတော့ ဖောက်ရမှာပဲဗျ။ ဒီကောင်ကြီးရှိနေလည်း လို အပ်တဲ့ အကာအကွယ်၊ 'ဘေးဆီးရန်ကာ'အစီအမံတွေကို စီစဉ်ပြီးရင် ပြီးအောင်တော့ ဖောက်ရမှာပဲ။ လမ်းကြီးပြီးသွားလို့ ဒီတောဒီမြောင် တွေထဲမှာ လူနေလူထိုင် 'စည်'လာရင် ဒီကောင်ကြီး လူနဲ့ခပ်ဝေးဝေး ကို သူ့အလိုလိုတောပြောင်းသွားမှာ အသေအချာပဲ။ ဟုတ်တယ်နော်"

လူအုပ်မှာ ငြိမ်နေကြ၏။

ကျွန်တော်ကလည်း ကျွန်တော့်ဆုံးဖြတ်ချက်က မှန်သည်ဟု ခံယူထားရာ လက်ဆုပ်မဖြေချင်။ သူတို့ကလည်း ဒေသခံရွာနေ ပြည် ထိုင်တွေမို့ သည်ဆင်ဆိုးအန္တရာယ်ကြီးကို အစင်းသိ, သိနေကြသဖြင့် မဝံ့မရဲ။

"လုပ်မနေနဲ့ဟေ့။ မြောင်ထဲက ကျောက်တွေလမ်းပေါ်ရောက် မှ ငွေပေါ်မှာ။ ဝမ်းရေးထက် လွှမ်းရေးခက်နေဖို့ အချိန်မဟုတ်တော့





ဘူး။ လုပ်သင့်တာ လုပ်ကြရမှာပဲ။ တို့တွေရဲ့လူအုပ်လည်း တောင့်တာ ဟာ"

ဦးအလီရှားက လူကြီးပီပီ တော့တော့တင်တင် စကားဖွင့်လိုက် ၍ သူပြီးလျှင် ပြီးသလောက်ဖြစ်နေသည့် သူ့လူသိုက်က အင်းမလှုပ် ဲမလှုပ်။

"အောင်ဟိန်းဖြိုးရေ့ မင်းတို့စက်အဖွဲ့ ဆီဖြည့်ပြီးရင် ထွက် ကြတော့ဟေ့။ (Tools & Plants) တွေတော့ ပြည့်ပြည့်စုံစုံပါအောင် သွားကြဦး။ တောထဲမှာ တစ်ပတ်ဆယ်ရက် ကြာလိမ့်မယ်နော်။ လမ်း ပြီးပေါက်မှ မင်းတို့အဖွဲ့တွေ ပြန်ထွက်လာလို့ရကြမှာ"

"ဟုတ်ကဲ့ ဆရာကြီး"

"စက်သုံးဆီနဲ့ ရွက်ဖျင်တဲတွေ၊ ဝန်စည်စလယ်တွေကို လုံစိုး တို့ထွန်စက်နဲ့ လိုက်ပို့ပေးမယ်။ မင်းတို့က ကြခင်းစုထိပ် လမ်းအူ ကြောင်းအတိုင်း အလျင်မောင်းနှင့်၊ ထိုးနှင့်ကြ ... ဟုတ်လား။

ဆင်ရန်က ကြောက်ရသေးတယ်ဆိုတော့ တို့လူစုတွေလည်း နောက်က ချက်ချင်းကပ်လိုက်လာခဲ့မယ်လေ။ မင်းတို့တွေလည်း ဟိုဟို ဒီ ငေးမနေပဲ စက်ကြီးပေါ်က မဆင်းတမ်းသာမောင်းနေကြ"

"ဟုတ်ကဲ့"

အောင်ဟိန်းဖြိုးဦးဆောင်သော ဘူဒိုဇာစက်ကြီးအဖွဲ့က စက် သံဆူညံညံဖြင့် မောင်းထွက်သွားကြသည်။

ဦးအလီရှားတို့၊ ကိုအီဆွတ်တို့ ဖွဲ့ထွန်စက်မှာလည်း နောက် တွဲယာဥ် (ထရေလာ)အပြည့် လမ်းရှင်းအကူလုပ်သားတွေတင်၍ လိုက် သွားကြလေသည်။

သည်ရက်ပိုင်း၌ ဆင်ဆိုးလိုက်၍၊ နင်းသတ်၍ ပျက်စီးဆုံးပါး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြရသည့် နာရေးသတင်းများက ရက်ဆက်ကြီးကြားသိနေကြရသဖြင့်နော်"

သတိ၊ ဝီရိယကို မပေါ့ဆရဲကြ။

တဖြည်းဖြည်း လ,ထွက်လာခဲ့ပြီ။

ရိုးမရိပ်ကိုခိုလျက် သိပ်သည်းထူထပ်လွန်းသည့် ဒီဇင်ဘာ... ကလည်း စိမ့်နေအောင် ရက်ရက်ရောရောကြီး အေးလာခဲ့သည်။

"ကိုင်း ...ကိုင်း ...ပစ္စည်းတင်တာကို မြန်မြန်လုပ်... ဟ။ ရှေ့ကအဖွဲ့တွေနဲ့ လူစဉ်လူဆက်ပြတ်သွားဦးမယ်။ ကိုလှသန်း... ညလယ်စာစားဖို့နဲ့ မနက်စောစောအတွက် ကောက်ညှင်းပေါင်းဖို့... ကော်ဖီမစ်ထုပ်တွေကိုပါ လုံလောက်အောင်ပါပစေနော်"

"ဟုတ်ကဲ့ ...ဆရာကြီး"

"ကိုင်း ...ဆရာကြီး ဦးခင်မောင်လင်း၊ လိုက်ခဲ့ဦးမလား... နားမလား၊ ကျွန်တော်တို့ထွက်တော့မယ်"

"ဟ ...ဟ ...ဒီတောဒီတောင်ထဲ ကျုပ်မပါဘဲ ခင်ဗျ... တို့ချည်းလွှတ်လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ ဆရာမာန်ရဲ့။ ချင်းကုန်း... ရ.ယ.က ဥက္ကဋ္ဌ ကိုမြင့်လွင်ကြီးများ လာဦးမလားလို့ ခဏဆိုင်း... တာဗျ။ ကျွန်တော့်သူငယ်ချင်း ကိုတင့်ဝေကြီး (ချင်းကုန်း)က Am... Rum တွေ ပို့ခိုင်းလိုက်မယ်ဆိုလို့"

"လာပါ ...ကိုယ့်ဆရာရယ်။ ရေမီးအပြည့်အစုံ စီစဉ်ထ... ပြီးသားပါ။ ကိုလှသန်းကို မှာထားပြီးပါပြီ။ တောထဲတောင်ထဲကျမှ ... တာမရှိစေရအောင် ဆေးဝါးကအစ 'ပတ်မအုပ်စုံ' ပါလာပါလိမ့်မယ်"

"ဆရာကြီး ...အားလုံးစုံပြီ"

"ဟုတ်ပြီ ကိုလှသန်းရေ ထွက်ကြစို့။ လုစိုးတို့ထွန်စက်... ရော ဆီပေပါတွေ၊ ရွက်ဖျင်တဲတွေ၊ ဝန်စည်စလယ်တွေ စုံအောင်...





...နော်"

"ပါပါတယ် ဆရာကြီး"

"တကယ့်ချက်ကောင်းမှာမှ ကျုပ်တို့ 'ကတွတ်ပီ' ကြီးက ...ကျက်နေရတယ်လို့ဗျာ။ သူရှိနေရင် ဒီဆင်အုပ်အန္တရာယ်လည်း မှုစရာ ...ရှိဘူး။ သူ့အဆက်အသွယ်နဲ့ သေနတ်ကလေး နှစ်လက်သုံးလက် ...ည်း ခြေစောင့်လက်စောင့် ပါလာခဲ့နိုင်မှာပဲ"

"ဟုတ်ပ ခင်ဗျာ"

ကျားချောင်းရွာ၌ ကျွန်တော်တို့ကုမ္ပဏီ ဝန်ထမ်းအဖွဲ့ အိမ် ...၌ စတည်းချနေကြသည့် တည်းခိုအိမ်ပိုင်ရှင် မှဆိုးကျော်ဦးသန်း ...မောင် (တပ်ကြပ်ကြီး-ငြိမ်း) တပ်မတော်မှတ်တမ်းရုံး)ကို လွမ်းလွမ်း ...တာ ရှိလှ၏။

ကျွန်တော်တို့ထွန်စက်နှစ်စီး ကျားချောင်းရွာထိပ်ကိုပင် မလွန် ...ကြရသေး။ ကြခင်းစုဘက်ဆီမှ လူသံသူသံ 'ဟေး ဟေး ...ဟိုး ဟိုး' ...တွက်ကို ရုတ်ရုတ်သဲသဲ ကြားလိုက်ရ၏။ ဘူဒိုဇာစက်ကြီး၏ ရှေ့မီးကြီး ...လင်း ရောင်ဝင်းဝင်းထိန်ထိန်ကိုလည်း မှုန်သဲ့သဲ့လရောင်အောက်၌ ...ငွေးခနဲ ...ဖွေးခနဲ မြင်နေကြရ၏။

"ဆရာမာန်ရေ ...ချိကာတည်းက ယဉ်သကိုဖြစ်ပြီနဲ့ တူရဲ့ ...။ လူသံတွေက ဟိန်းလွန်းလှတယ်။ ဟိုအကောင်ကြီးနဲ့များ တွေ့နေ ...သေလားမသိ"

"အေးဗျာ ...ကိုလှစိုးနဲ့ ကိုလှသန်းရေ ခပ်သွက်သွက်မောင်း ...ဗျာ။ ဟွန်းသံလည်း ပေးလိုက်စမ်းပါဦး။ တို့တွေလိုက်လာမှန်း သိသွား ...ကြရအောင်"

"ဟုတ်ကဲ့ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပဲ့ပဲ့ ဖွဲ့ထွန်စက်နှစ်စီးစလုံး စက်သံ ခပ်တင်းတင်းမာ
ဖြင့် အရှိန်တင်လိုက်ကြသည်။ ရှူးရှူး၊ ဆူညံညံ နားကလောချင်စရာ
ဟွန်းသံ 'တဘော်ဘော်'က အန္တရာယ်ကင်း မင်္ဂလာခရုသင်းသံအလ
အချိုအချ သံပြိုင်အသံပေးလျက် ထွက်ပေါ်လာကာ လှုန့်ချိုပေးနေ
လေတော့၏။

ကြိခင်းစုနှင့် နီးလာလေလေ၊ ဝါးခြောက်တွေကို မီးပုံရှို့ထ
သည့် မီးရောင်တွေက တလင်းလင်းတထိန်ထိန်။

"အောင်ဖြိုးဟိန်းရေ ... ဘာတွေဖြစ်နေကြသလဲဟ။ အ
တွေကို ဆူညံလို့ပါကော"

ကျွန်တော်တို့ထွန်စက်တွေ စက်ပင်မသတ်လိုက်ရသေး။

ကျွန်တော့်တပည့်ကျော် ကျောက်တိုင်းစာရေးကလေး အော
ဟိန်းဖြိုးနှင့် ဘူဒိုဇာစက်ကြီးမောင်းစောဒေဝေါတို့၊ အောင်မင်းဝေ
တို့လူသိုက်က ကဆုန်စိုင်း၍ ပြေးချလာကြ၏။

"ဇာတ်လမ်းကတော့ စပြီဆရာကြီးရေ့။ တကယ့်တစ်ကော
တည်း သင်းကွဲနေတဲ့ ပန်းဆင်ကြီးရယ်ဗျ။ နည်းတဲ့ကောင်ကြီး မဟု
ဘူး။ ကျွန်တော်တို့ ကျားချောင်းဘက်က ထွက်လာကတည်းက မော
ဗျ။ဟာလမ်းမကြီးရဲ့ မြေသားလမ်းအလယ်တည့်တည့်မှာ မားမား
ရပ်ပြီး စောင့်ကြည့်နေခဲ့တာခင်ဗျ။

လရောင်ကမှုန်မှုန်၊ နှင်းကမှုန်မှုန် မှဲမှဲထဲမှာ နားရွက်
တွေကို တဖျတ်ဖျတ်ခတ်ပြီး မာန်စောင်နေတော့တာရယ်။ ကျွန်တေ
တို့စက်က ရှေ့မီးသီးကြီးတွေကလည်း နှင်းထုကြောင့် ခပ်ဝေးဝေးအ
မပြေးဘူး။ ဒီအကောင်ကြီး မည်းမည်းကြီး ရပ်နေတာကိုပဲ ခပ်ရေးရေ
တွေ့နေရတော့တယ်။





"ကျွန်တော်တို့စက်ကြီးရဲ့ အသံကြောင့်ပဲနဲ့တူပါရဲ့။ ကြိခင်းစုဘက် ချိုးချသွားတဲ့ ခြေသွားလမ်းကလေးအတိုင်း ဝါးတောထဲ စွတ်ခနဲ ဝင်ပြေးသွားတော့တာပဲ။ ဆင်က ဆင်ထီးကြီးခင်ဗျ။ အရပ်ကိုးပေဆယ်ပေကျော်ကျော်တော့ရှိမယ်။ အစွယ်ကြီးကလည်း အလွန်ကောင်း၊ တစ်စီးတည်း တစ်ကောင်တည်းဗျ။ ဆွဲကြိုးအရာ မတွေ့ပုံထောက်ရင် တောဆင်ဖြစ်ဖို့က များတယ်"

ကျွန်တော်တို့ ထွန်စက်နှစ်စီးမှ လူအုပ်တွေ တဖုတ်ဖုတ်ဖြင့် ခုန်ဆင်းအားဖြည့်လာသည့်အတွက် စက်အဖွဲ့လည်း အားရှိလာကြပုံပေါ်သည်။ သူတို့အတွေ့အကြုံတွေကို တစ်ယောက်တစ်ခွန်း ဆူညံစွာ ပြောပြနေကြတော့၏။

ကျွန်တော်နှင့် ဆရာကြီး ဦးခင်မောင်လင်းတို့က တောရိပ်တောင်ခြေကို ဝဲယာဂရုတစိုက်ကြည့်ရင်း စက်မသတ်ဘဲ ရှေ့မီးကြီးလင်းနေသေးသည့် ဘူဒိုဇာစက်ကြီးဆီ တန်း၍လျှောက်လာခဲ့ကြသည်။

"ဟာ ... စောဒေဝေါ၊ ဘယ့်နှယ် စက်ကြီးနှိုးထားရတာလဲဝါ့လူရ။ မီးကြီးလည်းလင်းလို့။ Working Hour မပြည့်ခင် ဆီပြတ်သွားလို့ တောကြားတောင်ကြား ချောက်ကျနေမနေ့။ ဆီကိုချွေတာသုံးကြဦးဟ"

"ခက်ပဆရာကြီးရာ။ ဆရာကြီးအကောင်ကြီးက ရှေ့ခပ်လှမ်းလှမ်း ဝါးတောထဲမှာပဲ ရှိနေသေးတာရယ်။ စက်သတ်လိုက်လို့ စက်သံရပ်သွား၊ မီးအလင်းရောင် ပျောက်သွားတာနဲ့တစ်ပြိုင်နက် ဆင်ကြဲကြဲပြီး ဒုက္ခပေးဖို့ လှည့်ပတ်ချောင်းနေတော့တာပဲ။ ရဲလည်း တကယ်ရဲတဲ့အကောင်ကြီးဗျာ။ လူသတ်ရတာ လျှာလည်ပြီး အရသာတွေ့နေထင်ပ။ ကျွန်တော်တို့လူတစ်အုပ်လောက်ကိုများ မျက်စိထဲတောင်ထည့်ပြီး အ



www.burmeseclassic.com

www.burmeseclassic.com



ထားပုံတောင် မရဘူး''

"ဟုတ်ပ . . . ကျွန်တော်တို့ကို ဟိုးရှေ့ကိုက်နှစ်ဆယ် အစိတ်လောက်က ကြိမ်တောကြီး၊ ဝါးသုဉ်းပင်ကြီးတွေနဲ့ လူ့လက်ခုပ်တစ်ဖောင်ကျော်သာသာ ထွေးတောကြီးတွေဘက်က ပတ်ချောင်းလိုက်၊ ဟောဟိုလမ်းတောင်ဘက်က ဝါးရုံတောနောက်ကျောက ပတ်ဝှေ့လိုက် လုပ်နေတော့တာခင်ဗျ။ သင်းရဲ့နားရွက်ခတ်သံငြိမ်သွားပြီဆိုရင် စက်သံမြှင့်ပေးလိုက်။ 'ကျည်'ခနဲ တစ်ချက်အော်ပြီး တောထဲဝင်ပြေးပြန်ရော။ သိပ်ဝေးဝေးတော့လည်း မသွားဘူး။ စက်မောင်းသံ နည်းနည်းဝပ်သွားတာနဲ့ တရွေ့ရွေ့ ရှေ့ကိုတိုးလာပြန်တော့တာ''

မှန်သည်။

လူကိုတွေ့စ ကျားဆိုး၊ ဆင်ဆိုးတို့၏ သဘောသဘာဝမှာ ကောက်ကျစ်မှုဉာဏ်၊ ပရိယာယ်တစ်ပုံစံတည်းဖြစ်၏။

လူကို အန္တရာယ်ပြုဖို့ အကြံယူနေသည့်ကျားသည် နှာခေါင်းအရင်းမှ အမွေးကလေးတွေကစ,ပြီးလှုပ်၍ ဦးခေါင်းဆီသို့ဆန့်တက်လာလျက်၊ ကျောရိုးတစ်လျှောက်မှ အမြီးဖျားဆုံးသည်နှင့် ဖြုန်းခနဲလူကို ခုန်အုပ်တတ်လေ့ရှိသည်။

ဆင်ဆိုးကလည်း ထိုနည်းလည်းကောင်း။

လူကိုတွေ့ခါစ၌ နားရွက်တဖျပ်ဖျပ်ခတ်၍ အကြံယူချောင်းမြောင်းနေတတ်ပြီး နားရွက်ခတ်လည်းငြိမ်၊ 'ဝုန်းခနဲ' အားနှင့်အင်နှင့်တအားကြီးကျုံး၍ လူကိုပြေးထိုးတတ်လေ့ရှိသည်။

ကျားဆိုး၏ 'တဘုတ်ဘုတ်'အမြီးရိုက်သံ၊ ဆင်ဆိုး၏ 'တဖျပ်ဖျပ်' နားရွက်ခတ်သံ မပျောက်သေးလျှင်တော့ အရေးမကြီးသေး။ ရုတ်တရက်အသံပျောက်လျက် ငြိမ်သွားပြီဆိုလျှင် သတိထားပေရော့။





"အေး . . . အနေအထားကတော့ 'ဘူဒိုဇာနဲ့ဆင်' ဝါးတောထဲတွေ့ကြရတဲ့ သဘောမျိုးပလေကွာ။ သူ့ဘက်က အကဲသာနေတာက သူကျွမ်းဝင်ကျင်လည်တဲ့ သူ့အိမ်သူ့ရာ၊ သူ့တောသူ့တောင် ဖြစ်နေတော့ မြေပြင်သဘာဝမှာ သူကတစ်ပန်းသာနေသပေါ့။ ပြီးတော့ ညအမှောင်ကလည်း သူ့ဘက်မှာ။ လရောင်မှိန်မှိန်တော့ရှိပါရဲ့။ နှင်းကိုမတိုးနိုင်တာက ခက်တယ်''

ဦးခင်မောင်လင်းက တွေးတွေးဆဆ သုံးသပ်၏။

"ဒါပေမဲ့ ကျုပ်တို့က လူတွေလေဗျာ။ လူနှစ်ဆယ်အစိတ်ကြီးက ဆင်ဆိုးတစ်ကောင်ကိုကြောက်လို့ အလုပ်ပျက်ရတယ်ဆိုတော့ အရပ်ရပ်နေပြည် ကြားလို့မှမတော်စရာကြီး။ မနက်မိုးလင်းရင် ဘယ်မျက်နှာနဲ့ ရွာကိုပြန်ဝင်ပြီး ရွာကလူတွေကို ပြရမလဲဗျ''

"ဒါတော့လည်းဒါပေါ့ မန်နေဂျာကြီးရယ်။ ဒီနေရာက သူ့ရဲ့အောင်မြေကိုခင်ဗျ။ ဟိုတစ်နေ့က တစ်ယောက်ကို နင်းသတ်သွားတာရှေ့နားလေးမှာတင်ရယ်။ အကယ်၍များ ရေးလူကြီးသူမတွေပြောသလိုသေတဲ့လူရဲ့ ဝိညာဉ်ကစီးပြီး ဖွတ်အတင်းကြီး အန္တရာယ်ပေးလာရင်အားလုံး ပြေးပေါက်မှားကုန်ဦးမယ်နော''

"ရှာရှာပေါက်ပေါက်ဗျာ။ ဆင်ယဉ်ဆင်ထိန်းတွေတောင်မှ သူတို့ဦးကင်း၊ သူတို့ကျောပေါ်ကို မိန်းမအတင်ခံတတ်တာ မဟုတ်ဘူးရယ်။ ဒီတောဆင်ရိုင်း ဆင်ဆိုးကြီးကို သူနင်းသတ်ထားတဲ့ မအတွာတစ္ဆေက စီးရဦးမတဲ့လား။ ဝေးစွခြောက်ပါး''

"ပြောနိုင်ဘူးလေဗျာ၊ ဝိညာဉ်ပါဆိုမှပဲ စီးချင်ရင်လည်း စီးနိုင်မှာပေါ့ မန်နေဂျာကြီးရ''

"မဟုတ်တာဗျာ။ ခင်ဗျားတို့ဟာတွေက ပေါက်တတ်ကရတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဆိုးတစ်ကောင်နဲ့ နပန်းလုံးနေရတာ အားမရသေးလို့ တခြေမတ
ကောင်ပါ စစ်ကူပါလာပြန်သေးတာလား။ ခက်ပဲခက်တဲ့လူတွေ''

''ကိုင်း . . . ကိုင်း . . . ဆရာမာန်ရေ့။ ကျန်တာနောက်ထား
ဒီကောင်ကြီးဒီနားမှာ ရှိနေသေးသလား၊ ကျုပ်တို့ကို ဒုက္ခပေးဖို့ ပတ်
ချောင်းနေတုန်းပဲလား သိရအောင်လုပ်ရဦးမဗျ။ အဲဒါက ပိုအရေးကြီး
တယ်''

''ဘယ်လိုလုပ်ရမှာလဲဗျာ။ ဖိုးချစ်ရီတို့အဖွဲ့တွေနဲ့ မီးထိုးရှာ
ကြဦးမလို့လား။ လူအုပ်တောင့်တယ်ဆိုပြီး အရဲမကိုးလိုက်ကြပါနဲ့ ကျေ
ရှုံးရှင်တို့ရယ်။ အရေးဟဲ့ အကြောင်းဟဲ့ဆို ဒီအကောင်ဆိုးကြီးကို ရင်
ဆိုင်ဖို့ ဘာလက်နက်မှ လောက်လောက်လားလား ပါလာတာလည်း
မဟုတ်ဘူးဗျ။ ခက်လိုက်ပ''

''ဆရာမာန်ရယ် . . . တစ်ခါတလေကျတော့လည်း မလောက်
လေးမလောက်စား လက်နက်ကလေးကပေမဲ့ ဒီလိုသတ္တဝါဆိုးကြီးတွေ
ကို ဖင်ထောင်ပြီးပြေးအောင် စွမ်းနိုင်ပါသေးသဗျ''

''ဟုတ်မှလည်းလုပ်ပါ မောင်ကာဇူရယ် ဆိုတာလို ဖြစ်နေ
ပကောဗျာ''

''ကဲ . . . ဒါဆို လက်တွေ့မျက်တွေ့ကြည့်။ လှစိုးရေ ကိုလှ
သန်းရေ တို့ရဲ့ ဆင်နှိမ်နင်းရေး လျှို့ဝှက်လက်နက်ဆန်းတွေကို အသင့်
ပြင်ခဲ့ကြကွာ။ မီးခြစ်နဲ့ဖယောင်းတိုင်လည်း ယူလာခဲ့ကြ''

ပြောသူက တကယ်ယုံယုံကြည်ကြည် စူးစူးနစ်နစ် ပြောနေ
ခြင်းဖြစ်ပြီး သူ့နောက်လိုက်များကလည်း ဝှံ့ဝှံ့ရဲရဲရှိလွန်းနေကြသဖြင့်
အသာကြည့်၍ နေလိုက်မိ၏။ 'ဘာတွေကို၊ ဘယ်လိုတွေများ လုပ်ကြ
ပါလိမ့်မလဲ'ဟု သိချင်စိတ်တွေပင် လိပ်၍လိပ်၍ တက်လာနေသည်။





မကြာပါ။ သိပ်မကြာလိုက်ပါ။

ဦးခင်မောင်လင်း၊ ကိုလှသန်းနှင့် သဲဝါက လှစိုးတို့ လူသိုက်
တွေ၏လက်ထဲ၌ သီတင်းကျွတ်၊ တန်ဆောင်တိုင်မီးထွန်းပွဲကာလမျိုး၌
ကလေးသူငယ်တွေ ဆော့ကစားတတ်သည့် မီးရှူးမီးပန်းထုပ်အရွယ်
စုံ၊ ပုံစံစုံပါလာကြ၏။

ကျွန်တော်ဖြင့် ဉာဏ်မမီချင်တော့။

''လူသတ်သမား ဆင်ဆိုးကြီးများကို မီးရှူးမီးပန်းတွေ ပစ်
လွှတ်ပူဇော်ကြဦးမလို့လား''

သိလိုစိတ်တစ်ဝက်၊ စိုးရိမ်စိတ်တစ်ခြမ်းဖြင့် ရင်ထဲက တထိတ်
ထိတ်။

''မီးရှို့တော့ဟေ့။ မီးပန်းပြောက်အိုးတွေကို အရင်ဖောက်ကြ
ကွ။ ဒီကောင်ကြီးခိုနိုင်တဲ့ ဟောဟိုတောစပ်ဝါးသုဉ်းတော၊ ထွေးတော
နဲ့ လမ်းတောင်ဘက်က ဝါးရုံပင်စုစု၊ အဲဒီနောက်ကျော ကိုင်းတော
တွေဘက်ကိုချိန်ပြီး ဖောက်ကြ''

''ဟုတ်ကဲ့ ဆရာကြီး''

''ဖောင်း . . . ဖောင်း . . . ဖောင်း''

''ဒိုင်း . . . ဒိုင်း . . . ဒိုင်း''

''ဖောင်း . . . ဖောင်း''

''ဒိုင်း . . . ဖောင်း . . . ဒိုင်း . . . ဖောင်း''

မီးရှူးမီးပန်း ပစ်ဖောက်သံတွေကို ချက်ချင်းပင် ငရဲပွက်သည့်
နယ် ဆူညံသွား၏။ ကျွန်တော်တို့ ပတ်ပတ်လည် အရပ်ရှစ်မျက်နှာ
ကောင်းကင်ယံ၌လည်း မီးရှူးမီးပန်းတွေ ဝင်းခနဲ လင်းခနဲ။

''ကျည်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လှူသိုက် မေ့လျော့ထားခဲ့မိသည့် ကျွန်တော်တို့ နောက်ကျော သဲလမ်းဖွေးဖွေးကလေးအဝင်၊ ဝါးရုံပင်စုနှင့် ချုံတောစပ်စပ်မှ အကောင်ကြီးသလောက် လျင်မြန်လှသည့် သတ္တဝါကြီးတစ်ကောင် ကြောက်လန့်တကြား အော်မြည်ပြေးလွှားသွားသည်ကို တွေ့လိုက်ကြရသည်။

"အောင်မယ်လေး ... ကံကြီးပေလို့ပေါ့။ စက်ကြီးရှေ့ မီးအလင်းရောင်အောက်မှာ စိတ်ကြိုက်နင်းသတ်ပေရော့လို့ အချောင်သားချည်းတွေ တန်းစီရပ်ပြသလိုကြီး ဖြစ်နေတော့တာကလား။ ဘုရား .. ဘုရား"

"အာဂသတ္တဝါကြီးခင်ဗျာ၊ ကျွန်တော်တို့ ရှေ့ကိုမဲနေတုန်း နောက်ကျောကပတ်ချောင်းတာ တွေ့လား။ ဆရာကြီး ဦးခင်မောင်လင်းတို့သာလက်မဦးရင် ဒီကောင်ကြီးလက်ချက်နဲ့ မသာဘယ်ဈေးလဲ မေးရဦးတော့မလို့။ ဖွတ် ... ရဲလည်းရဲတဲ့ကောင်ကြီးပဲ"

ကျွန်တော်ပင်လျှင် အံ့အားသင့်နေမိရသည်။

သူ့ထက်ဉာဏ်ရည်မြင့်မားသည့် လူသားစင်စစ် မနုဿသတ္တဝါတစ်အုပ်တစ်သင်းကို တစ်ဖက်တွင်အယောင်ပြခဲ့ပြီး နောက်မှပန်းလျက် အလစ်ဝင်တိုက်ခိုက်ဖို့ ကြံစည်ဝံ့သည့် သင်း၏ပရိယာယ်၊ လှစ်ခနဲပျောက်ကွယ်သွားလောက်အောင် လျင်မြန်လှသည့် သင်း၏ဖျတ်လတ်သန်စွမ်းမှုတို့ကို ပေါ့ပေါ့ဆဆ၊ လျော့တွက်၍ မရချေပြီ။

"ကိုင်းပေါ့ ... စက်ကြီးမောင်းအဖွဲ့က လမ်းရာအတိုင်း မောင်းဖို့ဟာ မောင်းသာမောင်းတော့။ နောက်ထပ် မိုင်ဝက်လောက် အထိကတော့ တောမထူလှသေးပါဘူး။ စက်ကြီးနဲ့ နင်းတိုက်ထိုးသွားလို့ ရပါသေးတယ်။ ရှောင်မလွှတ်တဲ့ ဝါးရုံနဲ့ ထွေးတောတွေကိုတော့





တိုက်လှဲပြီး ဘေးကိုသာ တွန်းထိုးကပ်ထားခဲ့ပေတော့။

ကျုပ်တို့အဖွဲ့က အောက်လင်းမီးအိမ်ကြီးထွန်း၊ ဝါးခြောက်တွေ ပုံပြီး မီးပုံသုံးလေးပုံရှို့ထားကြကွာ။ ကိုလှသန်းက ရေနွေးနဲ့ကော်ဖီလုပ်။ လူလုံးလည်း မကွဲကြစေနဲ့။ တောစတောင်စထဲ တစ်ယောက်တည်း နှစ်ယောက်တည်း စွတ်စွတ်ဝင်မသွားကြနဲ့။ ဒီကောင်ကြီး မကျေပွဲ ထပ်နွှဲနေဦးမှာ။ လှစိုးတို့အဖွဲ့က မင်းတို့ နျူကလီးယားလက်နက်ကြီးတွေကို အရေးဟဲ့ဆို ချက်ချင်းသုံးနိုင်အောင် အသင့်ပြင်ထားကြကွာ"

ခပ်သုတ်သုတ် စီမံခန့်ခွဲရသည်။

ဘူဒိုဇာစက်ကြီး စတင်၍ အလုပ်လုပ်တော့ ညကိုးနာရီထိုးတော့မည်။ ခတ်ကွင်းပြင်တာနှင့် ရွာသစ်ကြီးရောက်ရသည့်ကိန်းဆိုက်၍ နေတော့၏။

အရေးထဲ အရာပေါ်လာပြန်ချေသေးသည်။

"ဟ ... ဟ ... လူရိပ်တွေ့တယ်ဟ။ ဘယ်ကောင် တောထဲ တစ်ယောက်တည်း ဝင်ပြန်ပလဲ။ အခုပဲ မန်နေဂျာကြီးပြောလို့တောင် ပါးစပ် မစေ့ရသေးဘူး။ သေပန်းပွင့်ချင်လို့လား ... ဟကောင်ရ"

ကိုအီဆွတ်ကြီး၏အသံ။

သူ့ကျောက်ထုတ်လုပ်သားများအထဲမှာ တစ်ဦးဦးဟုထင်ဟန်တူသည်။ လက်နှိပ်ဓာတ်မီးတွေ တဝင်းဝင်းဖြင့် လူစစ်ကြည့်ကြပြန်၏။ လူလျော့ လူပျောက်မရှိ၊ နတ္ထိ။

"ဘာလဲဟ၊ ကိုင်း ... မီးတုတ်တွေ ယူခဲ့ကြကွာ။ ငါနဲ့ ခဏ လိုက်ခဲ့ကြစမ်း။ ဘယ်သူလဲ ... ဘာလုပ်တာလဲ သေချာသွားအောင် လိုက်ကြည့်ရမယ်"

ဘူဒိုဇာစက်ကြီး လမ်းဖောက်မြေထိုးနေသည့်နေရာနှင့် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်မျှမဝေး။ ပေအစိတ် ပေ ၃၀ သာသာပဲရှိမည်။ တွေ့ပြီ။ ယောက်ျားကြီးတွေတန်မဲ့ ငယ်သံပါအောင်အော်ဟစ်လျက် ဗလုံးဗထွေးကြီးတွေ ပြန်ပြေးလာကြလေ၏။

“သွေးတွေ၊ သွေးတွေ။ သွေးကွက်ကြီးတွေ၊ မြင်မကောင်းဘူး။ ဟိုနေ့က ဆင်နင်းခံထားရတဲ့နေရာပဲ ဖြစ်မယ်။ အဝတ်အစား တစ်စုံနဲ့ ထမင်းထုပ်တစ်ထုပ်၊ ရေဘူး၊ သနပ်ခါးကျောက်ပျဉ်အစုံကလည်း ချထားသေး။ အဲဒါ ဘာလုပ်တာလဲ အရပ်ကတို့။ တစ္ဆေခေါ်တာ မဟုတ်ပေဘူးလား”

တစ်စုံတစ်ယောက်၊ တစ်စုတစ်ဖွဲ့က လောကီအစီအရင်နည်းတွေဖြင့် ဘယ်လိုမထော်မနန်းကြီးတွေ တောထဲတောင်ထဲ လာလုပ်ထားမှန်း အတပ်မသိ။ ညကြီးမိုးချုပ် တောကြိုတောင်ကြား၌ အလုပ်လုပ်နေသူများ စိတ်စနိုးစနောင့် ဥပါဒ်မဖြစ်ရလေအောင် ဆင်ဆိုးရန် တထိတ်ထိတ်ထဲကပင် ထိုကိစ္စဆိုးကြီးကို အရေးပေါ် မြေမြှုပ်ပစ်လိုက်ကြရသေးတော့၏။

နောက်တစ်ကြိမ် အထိတ်တလန့်ဖြစ်ကြရတော့ လ,မွန်းတိမ်းပြီ။ ဆင်ဆိုးကြီးက ကျွန်တော်တို့ထင်ထားသလို အနှောင့်အယှက်မပြုသေးဘဲ ငြိမ်နေပြန်လေသဖြင့် အလုပ်ဖောတွေကပ်ကာ တောက်လျှောက်ကြီးတွန်းလုပ်ကြရာ မြေသားတစ်ကြောင်းထိုး လမ်းကလေးပင်လျှင် တစ်မိုင်ခန့်နီးနီး ဖြူးဖြူးဖြောင့်ဖြောင့် ခရီးပေါက်ခဲ့လေပြီ။

သစ်ကြီးဝါးကြီးများ သိပ်သိပ်သည်းသည်းရှိလှသည့် ပဲခူးရိုးမအဆွယ်ဖြစ်၍ နှင်းပေါက်ကြီးတွေက မိုးရွာချသလို တဖြောက်ဖြောက် တပေါက်ပေါက် ကျဆင်းနေသည်။ အအေးဓာတ်ကလည်း ညဉ့်နက်ပိုင်းရောက်လာလေ၊ ဆိုးဝါးပြင်းထန်လာလေ။ ခြေတွေလက်တွေ ထုံကျဉ်





ကိုက်ခဲနေကြတော့၏။

“အောင်ဟိန်းဖြိုးရေ . . . နားရအောင်ဟေ့။ မင်းတို့စက်ကြီးကို အဲဟိုရှေ့က လွင်သာကလေးမှာပဲ ရပ်ထားလိုက်တော့။ ကျန်တာကိုယ့်အဖွဲ့နဲ့ကိုယ် လူပြန်စစ်ကြ။ ထွန်စက်သုံးစီးမှာပဲ ရွက်ဖျင်တဲကို ဖြစ်သလိုထိုးလိုက်ကြပေတော့။ နှင်းလုံ့ရင် တော်ရောပေါ့။ ဝါးမီးပုံကြီးတွေတော့ မီးမငြိမ်းစေနဲ့ဟေ့။

သုံးဖွဲ့မှာ တစ်ဖွဲ့အိပ်၊ နှစ်ဖွဲ့က နိုးနိုးကြားကြား ကင်းစောင့်ထားပေးကြ။ ဟိုအကောင်ကြီး ငြိမ်နေတယ်နော်။ အကောင်းမထင်လိုက်နဲ့ဦး။ စက်ကြီးရပ်လိုက်လို့ လူသံသူသံဆိတ်သွားရင် သင်းကရောက်ချင်ရောက်လာဦးမှာ။ အောက်လင်းမီးတော့ မငြိမ်းနဲ့တော့။ အားလုံးမြင်သာအောင် ထွန်စက်မှာ ချိတ်ထားပေးလိုက်။ ကဲ . . . နားကြ၊ နားကြ”

ဦးအလီရှား ဦးခင်မောင်လင်းနှင့် ကျွန်တော်တို့က လူကြီးများပီပီ သည်ညတော့ဖြင့် လုံးဝမအိပ်တော့ဘဲ လူငယ်များကို ဘေးမသီရန်မခအောင်သာ စောင့်ကြပ်နိုးဆော်နေကြဖို့ သဘောညီကြ၏။

ရေနွေးကြမ်းတစ်အိုး၊ ကော်ဖီတစ်ခွက်စီဖြင့် ပင်ပန်းမှုကိုလည်းကောင်း၊ အိပ်ချင်စိတ်ကိုလည်းကောင်း၊ ရိုးမ၏အအေးဓာတ်ကိုလည်းကောင်း မရမက တွန်းလှန်နေမိကြရသည်။

တောတစ်ပြင်လုံး ညဉ့်ငှက်များနှင့် သားရဲတိရစ္ဆာန်များ၏ အော်မြည်သံများဖြင့် ပွဲတင်ထပ်လျက်ရှိတော့၏။ ဆတ်တစ်သံ၊ ချေဟောက်သံ၊ တောကြောင်ကြီးများ၏ တစ်ကောင်နှင့်တစ်ကောင် ခေါ်နေသံများကို နေရာအနှံ့အပြားမှ ကြားနေရ၏။ ဒီးဒုတ်ငှက်၊ တောလုံးငှက်စသည့် တောကြက်တောငှက်ကြီးများ၏ ကြောက်မက်ဖွယ် မြည်တွန်သံများက



www.burmeseclassic.com

www.burmeseclassic.com



လည်း တန်ရုံအသည်းငယ်သူကို ချောက်ချားအောင် ပြုစားလျက်ရှိသည်။

ညဥ့်လယ်ယံကိုကျော်ခဲ့ပြီမို့ နှင်းထုက အုံ့အုံ့ဆိုင်းဆိုင်းထုနှင့် ထည်နှင့် ဆင်းလာ၏။ သစ်ရွက်ဝါးရွက်များပေါ်သို့ နှင်းမိုးတွေ တသဲသဲ ကြွေသံ၊ ရွက်ဖျားများဆီမှ နှင်းရည်ပွင့်တွေ တပေါက်ပေါက်ကျဆင်း နေသံများကား တောအောဂီတသံပမာ မြိုင်ဆိုင်ဝေစည်လှလေတော့၏။

"ဟော ..."

"ဘာလဲဟ ဖိုးချစ်ရို"

"ဆင်အုပ် တောတိုးသံခင်ဗျာ။ ဆယ့်လေးငါးကောင်ရှိမယ့် ဆင်အုပ်ပဲ။ ဆင်ငယ်လေးတွေပါ,ပါတော့ ခြေသံမလုံချင်ဘူးရယ်။ ည သံမို့လည်း ပိုပြီးကြားသာတာ။ 'ကျစ်ကျစ် ... ကျစ်ကျစ်'နဲ့ ကြားနေ ရတဲ့အသံက ဆင်အုပ်ထိန်းတဲ့ ဆင်ကြီးဒေါထနေတာခင်ဗျ။ သိပ်ကြီး တော့လည်း မဝေးလောက်ဘူး"

"အေး ... ဟုတ်လောက်တယ် ငါ့လူ။ 'ကျွဲဖုတ်' ကိုဗေ လှိုင်ကြီးက ညနေခင်းကပဲ သတိပေးသွားခဲ့သေးတယ်။ သူတို့ 'ဥက္ကံ ကျွဲဖုတ်၊ လဟာမငယ်'ဘက်ဆီမှာ တောဆင်အုပ် ဝင်မွှေနေတယ်။ ဆင် ကလေးတွေအပါအဝင် ၁၅ ကောင်လောက်ရှိသတဲ့။ စပါးခင်းတွေနဲ့ ကြံခင်းတွေ အတော်ပျက်စီးဆိုပဲ။ 'လဟာမငယ်'က သားအဖနှစ်ယောက် တော့ ဆင်နင်းလို့ ပွဲချင်းပြီးပဲတဲ့"

"ကောင်းကွာ။ ပန်းဆင်ကြီးတစ်ကောင်နဲ့တင် ဒုက္ခရောက် လှချည့်ဟာကို။ ဒီဆင်ရိုင်းအုပ်က ပါဝင်မွှေလို့ကတော့ ညရေးညတာ ကြီးမှာ ပြောင်းသပ်ကရော့ပ"

"အဘုရေ ... ဟေအဘု"

"ဟ ... ဘာလဲကွ၊ အိဆွတ်ရ။ အော်ကြီးဟစ်ကျယ်နဲ့ မင်း





က ဘာဖြစ်ရပြန်ပလဲ"

"ဟိုဟာလေ ... ဟိုဒင်း"

"သောက်ရေးထဲကွာ"

"ငြိမ်ပြီးနားထောင်ကြည့်ကြစမ်းပ။ မိန်းကလေးတစ်ယောက် သီချင်းဆိုနေသံလိုလို ကြားနေရသလားလို့"

"ဖွတ် ... လုပ်ချလိုက်ပြန်ပဟော့။ ဒီအကောင်အီးဘောလော ကြီးကတော့။ ဒီအချိန် ဒီလိုတောကြီးတောင်ကြီးထဲ ဘယ်ကနင့်ကြီး တော်က သီချင်းလာဆိုရဦးမှာလဲ သောက်ရူးရဲ့ တကတည်း ... ဟင်"

အိဆွတ်ကြီးကို ဖိကြိမ်းနေရာမှ သူ့အသံ ချက်ချင်းငြိမ်တိတ် သွား၏။ မျက်နှာ၌ အံ့ဩဟန်အရိပ်အခြည်ကို မြင်သည်။ တစ်ဖက်မှ မြင်နေရသည့် အင်တိုင်းတောကြီးဆီကိုလည်း နားရွက်စွင့်ထားလိုက်မိ ကြရတော့၏။

"မန်နေဂျာကြီး"

"ဗျာ"

"အိဆွတ်ကြီးပြောတာ ဟုတ်နေသလိုလိုပဲနော"

"ကျုပ်လည်း ခပ်သဲ့သဲ့ကြားလိုက်မိသလိုရှိသား"

"ဆရာကြီး ဦးခင်မောင်လင်းကော၊ ဘယ်လိုလဲ"

"အိမ်း ... နားစွင့်နေတုန်းပဲ"

"ဦးရွှေဝင်းကော"

"တောခြောက်တာများလား ဦးအလီရှားရယ်"

"ပြောတတ်ဘူးလေဗျာ။ ဒါပေသိ မိန်းမသံကြားလိုက်ရတာ တော့ အစစ်ပဲဗျ"

အားလုံး ငြိမ်သွားကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှ စဉ်းစားမတတ်အောင်လည်း ရှိနေသည်။

သည်စဉ်အခိုက်မှာပင် ဆင်အုပ်တောတိုးသံ၊ ဝါးရုံဝါးတောတွေဆီမှ တဖြောင်းဖြောင်းမြည်သံ၊ ဆင်ကြီးများ၏ 'ကျွစ်ကျွစ်ကျွစ်' ဟု ဆင်အံသွားကျိတ်သည့် အသံကြီးတွေက တဖြည်းဖြည်း အနီးသို့ ကပ်လာနေသလို အသံကျယ်လာနေ၏။

"အလိုလေးဗျာ . . . နည်းတဲ့ကောင်ကြီး မဟုတ်ပါလား"

"ဘာ . . . ဘာလဲ ဖိုးချစ်ရီ . . . ဘာလဲ"

ရွာခံမုဆိုးကျော် ဖိုးချစ်ရီက တောရှည်ဝသည့် မုဆိုးပီသစွာ ခပ်လှမ်းလှမ်းဝါးတော၊ ထွေးတောကြီးဆီ လေးထောင့်ထိုးဓာတ်မီးကို ဝင်းခနဲ ဖွေးခနဲ မီးကွင်းချမီးစိုက်ထိုးလျက် မြေကြီးခဲများဖြင့် ဆင့်ကာဆင့်ကာ ပစ်ခတ်ခြောက်ထုတ်နေတော့၏။

အလားလား။ ဖိုးချစ်ရီ လက်ညှိုးတယမ်းယမ်း လုပ်နေရာသို့ မျက်စိလျှင်လျှင်ထား၍ ပြူးကာပြဲကာ ကြည့်လိုက်မိမှသာ တစ်ညလုံး ဒုက္ခပေးနေသည့် ကျေးဖူးရှင် အန္တရာယ်ကောင်ကြီးကို ကိုယ့်မျက်လုံးရှေ့မှာတပ်အပ်ကြီး မြင်လိုက်ရပေတော့သည်။

ဝါးပင်ဝါးရွက်တွေကြားမှ ကြီးမားကားတက်နေသော နားရွက်ကြီးနှစ်ဖက်၊ ကြမ်းနှယ်ကြားမှ ဖောက်ထွက်နေသော အသည်းယားစရာ ဖွေးတုတ်ခိုင်လှသည့် အစွယ်ကြီးနှစ်ချောင်း၊ ကိုင်းပင်ဖျားမှ မြေဝါရောင်သဏ္ဌာန်အဆင်းနှင့် ဆင်ဦးခေါင်းကြီး။

"မနည်းမနောကြီးတဲ့ အကောင်ကြီးပါလားဟ။ ဘာမျှလည်း ကြောက်မယ့်ပုံ မပေါ်ဘူး။ စောဒေဝေါရေ၊ မင့်စက်ကြီးနှိုးပါဟ။ ကိုလှသန်း၊ လှစိုး။ မင်းတို့လက်နက်ပုန်းတွေ လုပ်ကြလေကွာ။ ချီးတဲ့မှ မင်းတို့အမေလင်ကြီးက ပြေးဝင်နင်းလို့ အူထွက်ပြီး ကာလနာတိုက်





နေကြဦးမယ် ဘုရားသားတွေရဲ့"

ချက်ချင်းပင် 'ကုလားတိုက်ကျားဝင်ကိုက်' သည့်နှယ် ချောက်ချောက်ချားချား၊ လှုပ်လှုပ်ရှားရှားတွေ ဖြစ်ကြရတော့၏။ ဘူဒိုဖာစက်ကြီး ပြေးနှိုးသူကနှိုး၊ လက်ကျန် မီးရှူးမီးပန်းတွေဖောက်၍ ခြောက်လှန့်သူက ခြောက်လှန့်၊ ရှိသမျှ အသံမြည်စေနိုင်သည့် အရာမှန်သမျှကို ထုထောင်း၍ အသံဗလံပေးသူကပေး၊ နှုတ်ကလည်း အလကားမနေကြရ၊ 'ဟေး ဟေး ဟား ဟား' ညာသံပြု၍ လှန့်လုံးတွေ ဆင်ကြရလေသည်။

တော်ပေသေး၏။

'ဘုန်းမောင်တစ်ကိုယ်တည်းရယ်' ဟူသည့် သင်းကွဲဆင်မိုက်ကြီးရော၊ ဆင်သားငယ် ဘုစုခရုတွေပါ တစ်ပြုံတစ်မပါလာလေသည့် ဆင်ရိုင်းတစ်အုပ်ရော ကျွန်တော်တို့လူသိုက် လုပ်ပုံတွေကို ပြန်လန့်လျက် တကျည်ကျည် တကျာကျာအသံပြုရင်း ထွက်ပြေးကြပေ၍သာ။

"ဒီအကောင်ကြီးတွေ . . . ဝေးဝေးခွာကြဦးမှာ မဟုတ်ဘူးခင်ဗျ။ ဒီကိုပဲ လာလာချောင်းလိုက်၊ အလစ်အငိုက်မိရင် ဝင်ဆွဲ,ဝင်ဖွလိုက် လုပ်ဦးမှာရယ်"

"အေး . . . ပေါက်တဲ့နဖူး ထူးတော့ပါဘူး ဖိုးချစ်ရီရယ်။ သတိထိုယနဲ့ နိုးနိုးကြားကြား နေကြရုံရှိတော့တာပဲ။ မှန်း . . . ဘယ်နှစ်နာရီရှိနေပလဲဟ"

ဝါးပုံမီးရှို့ထားသည့် အလင်းရောင်၌ နာရီကို ပြူးပြဲကြည့်မိသည်။ နံနက်ဦးနှစ်နာရီသာသာ ရှိသေး၏။ မိုးလင်းဖို့ အပုံလိုပေသေးသည်။

"ကိုင်း . . . ကိုအိဆွတ်ရေ၊ နီးရာဝါးရုံက ဝါးလုံးစိမ်းတွေခုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မီးပုံတွေထဲသာ ပစ်ထည့်ကြဗျာ။ ဝါးလုံးပေါက်သံတွေ ဆူဆူညံညံ နဲ့ဆိုရင် ဒီအကောင်ကြီးတွေ ရှိန်နေကြမှာပဲ''

''ဟုတ်ကဲ့ ဆရာကြီး၊ ဟုတ်ကဲ့''

''နေပါဦး၊ ဆရာကြီး ဦးရွှေဝင်းတစ်ယောက်ကော မမြင်မိ ကလား။ ဘယ်ထွန်စက်မှာ သွားခွေနေပြီလဲ''

''မဟုတ်ပါဘူး ဦးခင်မောင်လင်းရယ်၊ သူလည်း သူကျွမ်းကျင် ရာ ပရိတ်တွေ၊ မန္တန်တွေရွတ်ဖတ်ပြီး တောစိုးတောင်စိုး တောပိုင် တောင်ပိုင်တွေကို မေတ္တာပို့၊ အန္တရာယ်ကင်းပရိတ်ရွတ်နေတာတဲ့ ခင်ဗျ။ လှစိုးတို့ သံဝါက ထွန်စက်ပေါ်မှာတဲ့''

''ဘုရားကု,ကုနေတာပေါ့လေ''

''ဘာပဲဖြစ်ဖြစ်ဗျာ၊ တောထဲတောင်ထဲ ဗုဒ္ဓါနုဿတိပွားထုံနေ လို့ အကျိုးမဲ့မဖြစ်တန်ပါဘူး။ ကလေးတွေလည်း အားရှိတာပေါ့။ နေပါ ဦး။ ကိုင်းဟေ့ . . . လင်းလုပါပြီ။ သိပ်မပေါ့ကြနဲ့။ လင်းမှပဲ နားကြ ပေတော့။ အခုတော့ ဒုက္ခခံလိုက်ကြဦးဟ''

''ရတယ် မန်နေဂျာကြီး ရတယ်''

မည်သို့ပင်ဖြစ်စေ။

မလှမ်းမကမ်း တောမြိုင်ကြီးထဲမှ သားရဲတိရစ္ဆာန်တို့၏အသံ တွေ၊ ဆင်ရိုင်းအုပ်၏ တလှုပ်လှုပ် တချောက်ချောက်အသံတွေ၊ ပန်း ဆင်၊ ဆင်ဆိုးကြီး၏ 'တကျစ်ကျစ်'အသံပြုနေသည့် အန္တရာယ်ခေါ်သံ တွေနှင့် နပန်းလုံးရင်းဖြင့် မိုးစင်စင်သာလင်းခဲ့ရတော့သည်။

တစ်ညလုံး တစ်ရေးမျှ မမေးလိုက်ကြရ။

[ ၃ ]

''အဲဒါပဲ 'ကတွတ်ပီ'ရေ။ ကျုပ်တို့ရဲ့ 'ဒီနေ့လည်း ကံမ ကောင်းပါလား' ဖာတ်လမ်းက တစ်ညလုံး မျက်တွင်းချောင်ခဲ့ကြရတာ ကလား။ သံချောင်းတို့အဖေ၊ ကံကောင်းလို့မသေလို့ ဆိုရမှာပဲဗျို့''

''ဒီလောက် ဆင်ဆိုးရဲနေတဲ့တောကို ခြေစောင့်လက်စောင့် သေနတ်ကလေး တစ်လက်တစ်လေတောင်မပါဘဲ မြေမကြောက်ကင်း မကြောက် စွတ်ရွတ်ဝင်တဲ့ ဆရာကြီးတို့တွေ မသေကောင်းမပျောက် ကောင်း ရွာပြန်ရောက်လာတာတောင် တော်ပဲသေးတာပေါ့ခင်ဗျာ။ ကျုပ် ဖြင့် ရွာပြန်ရောက်လို့ အဘွားကြီးပြောသံလည်းကြားလိုက်ရော ဖင်နွေး အောင်တောင် မထိုင်နိုင်ဘူး၊ တန်းပြေးလာခဲ့ရတော့တာ''

ကျွန်တော်တို့၏အိမ်ရှင်၊ ကျွန်တော်က 'ကတွတ်ပီ'ဟု ချစ် ဝန်းကျိုးစယ်ခေါ်ဝေါ်နေသည့် မုဆိုးကျော် 'ဦးသန်းမောင်'က ကရုဏာ ဒေါသောဖြင့် မျက်စောင်းကြီးနာနာခဲရင်း ခပ်ဖိဖိပြောနေတော့၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တော်သေးလို့ 'ကတွတ်ပီ'ရေ။ အဲဒီ ပန်းဆင်ကြီးဆိုတာ ဟာ သောက်ကျိုးနည်း ကြီးတဲ့ကောင်ကြီးလားဗျာ။ မရှိဘူးဆို ၁၀ ပေ ၁၂ ပေ ပဲဗျ။ ခြေဆံလက်ဆံ အလုံးအထည်ကြီးကလည်း မြင့်မြင့် မောင်းမောင်းရှိပ။ အစွယ်ကြီးတွေများပြူးပြီးတော့ ကော့နေတာပဲ။

ဒီသတ္တဝါကြီးရဲ့ နပူးရေဒူးရေနဲ့ဆို ထင်သလို နင်းလိုက်ရေ လိုက်ရင် သေကုန်လိုက်ကြမယ့်အမျိုး။ အခုတော့ ပတ်ချောင်းရုံပဲချော နေလို့ ခင်ဗျားရေ။ အဲဒါတောင် ကြောက်လွန်လွန်းလို့ တွေးမိတိုင်း အသည်းတုန်နေတုန်းပဲ"

"နေပါဦး။ အဲဒီအကောင်ကြီးကို ဆရာကြီးတို့ အပ်ကျမ်ကျ မြင်လိုက်ကြရလို့လား"

"မြင်လိုက်ရပါသကောဗျာ။ ဆယ့်လေးငါးကောင်ပါတဲ့ ဆင် ရိုင်းအုပ်ကိုသာ အသံကြီးတွေကြားရုံကြားရပြီး မမြင်လိုက်ဘဲရှိခဲ့ကြ တာရယ်။ အဲဒီပန်းဆင်သင်းကွဲကြီးကိုတော့ ကျုပ်တို့အားလုံး အဆေ အချာကြီးကို မြင်လိုက်ကြရတာခင်ဗျ"

"ထင်ထင်ရှားရှားကြီးပဲလား"

"အင်းပေ့ါဗျာ။ ကျုပ်တို့ လက်နှိပ်မီးရောင်နဲ့ အောက်လင်း ဓာတ်မီးရောင်ကြီးအောက်မှာ အကောင်လိုက်ကြီးတွေ့ခဲ့ရတဲ့ဥစ္စာ"

"ဖိုးမောင်သန်းရေ့ နားရွက်ကြီးတွေ၊ ရောမအစွယ်ကြီးတွေ ဘီလူးသရဲကြီးကျနေတာပဲမောင်"

ဦးသန်းမောင်က စကားပြန်မဟာဘဲ ငြိမ်နေလေ၏။ တစ်စုံတစ် ရာ အတွေးနက်နေဟန်ရှိသည်။

"လဟာမငယ်ဘက်မှာလည်း နှစ်လောင်းပြိုင်နင်းသတ်ခဲ့ပြီး ဟိုးတစ်နေ့ကလည်း ဒီကြခင်းစုနားမှာ မိန်းမတွေကိုလိုက်ရင်းနဲ့ တစ်





ယောက်နင်းသတ်ခဲ့သေးဆို"

"အေးလေ ..."

"ဒီအကောင်ကြီးပဲတဲ့လား"

"ပြောကြတာပဲဟ။ 'လဟာမငယ်'ဘက်က နှစ်လောင်းပြိုင် ကိစ္စကြီးကတော့ မသေချာဘူး။ တောဆင်ရိုင်းအုပ်လို့လည်း ပြောနေ ကြတာပဲ။ ဒီကြခင်းစုကဟာတော့ ဒီကောင်ကြီးလက်ချက်ဆိုတာ သေ ချာတယ်။ ထွက်ပြေးတဲ့မိန်းမတွေက ပြောတဲ့ပုံပန်းသဏ္ဍာန်နဲ့ ဒီအကောင် ကြီးက ချွတ်စွပ်ကြီး"

"ဘာလဲ ဖိုးသန်းမောင်၊ မင်းအကောင်ကြီးကို သတိရနေ ပြန်ပြီလား"

ဦးသန်းမောင်က မတုန်မလှုပ်။ တွေတွေငေးငေး။ ရှာခံမှုဆိုး ကျော် ဖိုးချစ်ရီနှင့် စောထူးတို့ကသာ ကျွန်တော်တို့၏ဖာတ်လိုက်ကျော် ကတွတ်ပီကို ထူးထူးဆန်းဆန်းကြီးတွေ ကြည့်နေကြ၏။

"အင်း ..."

သူ့ထံက အင်းရှည်ဆွဲသံကြီးက မအီမလည်ထွက်လာသည်။

"ငါ့ကောင်ကြီးကတော့ ဟုတ်လောက်မထင်ပါဘူး ဖိုးချစ်ရီ ရာ။ ဒီအကောင်ကြီးက တောကျွံလာတဲ့ နောက်ထပ် ဒုက္ခကောင်ကြီး တစ်ကောင် ဖြစ်လိမ့်မယ်ထင်ပါရဲ့။ ငါ့အကောင်ကြီးအကြောင်းလည်း မင်းတို့ကျားချောင်းတစ်ရွာလုံး သိကြပြီးသားပဲဟော့။

ငါတို့အိမ်ကလွဲလို့ တစ်ရွာလုံး ငါ့အကောင်ကြီးအသားကို 'အောင်သေအောင်သား'အဖြစ် အိမ်တိုင်းဝေစု ပွဲတော်တည်ခဲ့ကြတာ မဟုတ်လား။ စဉ်းစားကြည့်လိုက်တိုင်း ရင်ထဲမချိလွန်းလို့ကွာ။ ငါ့ကောင် ကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကတွတ်ပီခမျှာ စကားကိုဆုံးအောင်ပင် မဆက်နိုင်။ စိတ်လက်မကောင်းဟန် သုန်သုန်မှုန်မှုန်ကြီးဖြင့် ရေနွေးကြမ်းကိုသာ အတွင်သားဖိ၍ သောက်နေလေ၏။

"နေဦးဗျ . . . ဦးလေးကိုသန်းမောင်။ ခင်ဗျားကောင်ကြီးဆိုတာ ဘာကြီးတုံးဗျူ။ ဒီမှာ တစ်ညလုံး တထိတ်ထိတ် တလန့်လန့်နဲ့ ရင်တုန်ပန်းတုန်ရှိနေရတဲ့အထဲ ခင်ဗျား အကောင်ကြီးက ဘယ်လိုပေါ်လာရပြန်တာလဲ"

"ဘာရှိရမတုံးဟ . . . ကိုလှသန်းရ။ ညကကောင်ကြီးထက် ပိုမိုက် ပိုရမ်း ပိုကြမ်းတဲ့ 'ကိုးလောင်း'ဆိုတဲ့ ဆင်ဆိုးကြီးပေါ့ကောင်ရ။ မိုက်ချက်ကတော့ ကမ်းကုန်ရော။ ဒီနားကျားချောင်းနဲ့ ချင်းကုန်းတစ်ဝိုက်မှာတင် လူသားကိုးယောက်တိတိကို နင်းသတ်ပစ်ခဲ့လို့ 'ကိုးလောင်း' လို့ နာမည်ဆိုးတွင်ခဲ့တဲ့ အကောင်ကြီးပေါ့ဟ"

"ကိုးလောင်း ဟုတ်လား"

"ဟုတ်တယ် ခင်ဗျာ။ 'ကိုးလောင်း'တဲ့"

"ကြားရချက်က နားဝမသက်သာလှပါကလားဗျာ။ ခင်ဗျားတို့ရွာကလေးကလည်း ရန်ကုန်မြို့ကြီးနဲ့မှ မိုင် ၄၀, ၅၀ ဝေးသေးတဲ့ဟာကို။ ဒီလောက်ကြီးတောင် ဒုက္ခများနေကြရသလားဗျာ။ ကျုပ်တို့ကိုယ်တွေ့မို့သာ ယုံကြရတော့တယ်။ နို့မို့ဖြင့် ယုံချင်စရာတစ်စက် မရှိဘူး။ မရှိရေးချ မရှိထဲက"

"ဒါတောင် မန်နေဂျာကြီးရေ၊ ဟောဒီရိုးမပတ် 'မဟာဗျူဟာ' ခရိုင်ချင်းဆက်လမ်းကြီး ဒုတ်ဒုတ်ထိ ပေါက်လာလို့ခင်ဗျ။ အရင်ကဆို ကျုပ်တို့ရွာကလေးတွေက ကိုယ့်ဇာတိ၊ ကိုယ့်အရပ်မို့သာ နေ့နေကြရတာ။ တကယ့် ပစ္စန္တရာဇ်ပဲခင်ဗျ"





ကျွန်တော့်ရင်ထဲ၌ တကယ်ပင်မကောင်းလှပါ။

တောနင့်မြို့၊ ကျေးလက်နှင့် မြို့ကြီးပြကြီးတွေ၏ ကွာဟမှုတွေ မြန်မြန်ကြီး ကျဉ်းမြောင်းလာကြမှသာ သည်လို လက်တွေ့လူမှုဒုက္ခတွေ ကင်းကြ,ဝေးကြရပေတော့မည်။

ယခုဖြင့် မှော်ဘီ–တိုက်ကြီးဝန်းကျင် သည်ရွာငယ်ကလေးများမှာ တောဆင်ရိုင်းအန္တရာယ်ကြီးကြောင့် သည်လိုမွင့်လင်းရာသီရောက်လာလေတိုင်း အိပ်ကောင်းခြင်းမအိပ်ကြရ။ အလုပ်ပျက်အကိုင်ပျက်။ တောထဲတောင်ထဲလည်း မဝင်ရဲ။ လုပ်ရာလုပ်ခင်းတွေ ပျက်စီး။ အသက်ဘေးက မလုံခြုံ။ ဒုက္ခ . . . ဒုက္ခ။

"နို့ . . . အဲဒီကိုးလောင်းကြီး ဘယ်ရောက်သွား၊ ဘာဖြစ်သွားတုန်း"

"ကျေးရွာလူထုကို ဒုက္ခပေးလွန်လွန်းလို့ သတ်မိန့်ပေးပြီး တပ်ကအဖွဲ့တွေနဲ့ ဝိုင်းပစ်သတ်လိုက်တာ သေပါပကော"

"အိုး . . . ဘယ်က မုဆိုးကျော်ကများ 'ကိုးလောင်းကြီး'ကို ပစ်သတ်လိုက်တာလဲ ခင်ဗျာ။ အာဂလူပဲ"

"ဘယ်သူရှိရဦးမလဲဗျူ။ ဒီကျားချောင်းက ရွာခံမုဆိုးပဲပေါ့"

"ဟေ . . . ဟုတ်ရဲ့လား။ ဘယ်သူများတုံး"

"ဒီမလေ . . . ဟောဒီ ဖိုးသန်းမောင်ကြီးပေါ့ဗျာ"

"ဗျာ"

ကျွန်တော့်နှုတ်က 'ဗျာ'ရုံပဲ 'ဗျာ'နိုင်ပေတော့၏။

အံ့ဩစိတ်တို့က လည်ချောင်းဝအထိ လှိုက်ခနဲ ခုန်တက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

"တကယ်ကတော့ ကျုပ်ဆရာရေ 'ကိုးလောင်း'ဟာ ကျုပ်တို့တိုက်ကြီးနယ်၊ ဖလုံကြိုးဝိုင်းထဲက သစ်ထုတ်လုပ်ငန်းတွေမှာသုံးဖို့ ပျဉ်းမနား၊ မင်းပြင်ဘက်က ပြောင်းပြီးရောက်လာခဲ့တဲ့ သစ်ဆွဲဆင်ကြီး တစ်ကောင်ပါပဲဗျာ။ ရေအေးမြောင်ဆင်ဝိုင်းက ဆင်ဦးစီး 'တောကျော်' နောက်ဆုံးစီးခဲ့တဲ့ စွယ်စုံဆင်ကြီးတစ်ကောင်ပ။

အရပ်က ကိုးပေထက်မနည်းမြင့်ပြီး အချိုးအစား အလွန်ကျနရုံသာမက အလွန်ခွန်အားဗလကြီးမားတဲ့ အကောင်ကြီးတဲ့။ အဲ အလုပ်အကိုင်မှာ အလွန်အသုံးကျ အသုံးဝင်သလောက် စိတ်မြန်လက်





မြန်ရှိလွန်းလှတဲ့ အဲဒီဆင်ကြီးဟာ သူ့ကို ခားရောချွန်းပါ ရက်ရက်စက်စက်သုံးပြီးခိုင်းစေခဲ့တဲ့ သူ့သခင် ဆင်ဦးစီးပဲ့ချိတ်တွေကို အငြိုးကြီးကြီး နင်းလိုက်ထိုးလိုက်နဲ့ သတ်ဖြတ်ခဲ့ဖူးသတဲ့ ကျုပ်ဆရာရဲ့"

"ဩော် . . . ဩော်"

"အဲဒီအကောင်ကြီးရဲ့ နာမည်ရင်းက 'စိန်ဘိုး'တဲ့ခင်ဗျ။ သူ့ရာဇဝင်တစ်လျှောက်မှာ လူကိုးယောက်ကို ရက်ရက်စက်စက်ကြီး နင်းသတ်၊ ထိုးသတ်ခဲ့တာကြောင့် မူလနာမည်ရင်းပျောက်ပြီး 'ကိုးလောင်း' ဆိုတဲ့နာမည်ဆိုးကြီး အဖတ်တင်ကျန်ရစ်ခဲ့တာပေါ့။ 'ကိုးလောင်းကြီး' ဖလုံကြိုးဝိုင်းထဲကိုရောက်လာတော့ သစ်တောဌာနကနေ 'တကယ်လို့သာ နောက်ထပ်တစ်ယောက်ယောက်ကို သတ်ခဲ့ဦးမယ်ဆိုရင် လူသတ်သမား 'ကိုးလောင်း'ကြီးကို သေဒဏ်ပေးတဲ့သဘော။ သေနတ်နဲ့ပစ်သတ်ဖို့ အမိန့်ရပြီးသား'တဲ့ ခင်ဗျ"

"ဖြစ်မှဖြစ်ရလေ 'ကတွတ်ပီ'ရယ်။ သူ့ကို အနိုးကပ် ကိုင်တွယ်ထိန်းသိမ်းရတဲ့ အမိလိုအဖလို ဆင်ဦးတဲ့ပဲ့ချိတ်ကိုးဦးတိတိကိုတောင် ရက်ရက်စက်စက်သတ်ခဲ့ပြီး၊ နောက်ထပ်လည်း လူထပ်သတ်ဖို့ အလားအလာရှိနေတဲ့ ဒီလိုဆင်ဆိုးကြီးကိုများ ဘာလို့တစ်ခါတည်း အပြတ်ရှင်းမပစ်ရသလဲဗျ။ ဘာလို့ နောက်ထပ်လူသတ်တဲ့အထိ စိမ်ပြေနပြေ စောင့်ဆိုင်းနေရတာတဲ့တုံး"

"တန်ဖိုးကြီးတဲ့ သစ်ဆွဲဆင်ကြီးကိုးဗျ။ အရွယ်ကလည်း သန်တုန်းမြန်တုန်း၊ အားခွန်ဗလကလည်းကောင်း၊ ရှားရှားပါးပါး အရပ် ၁၀ ပေနီးပါး အကောင်ကြီးဆိုတော့ နှမြောစရာကြီးကိုး။ နို့ပြီး . . . သူ့အပေါ် အနိုင်အထက် လွန်လွန်ကဲကဲနှိပ်စက်လွန်း၊ မညှာမတာခိုင်းစေလွန်းမှ လူသတ်လို့သာသတ်ကရော့၊ သာမန်အချိန်မှာတော့ဖြင့် အသ်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆင်တစ်ကောင်အနေနဲ့ သူ့အလုပ်ကိုသူ ကျွမ်းဝင်ကျင်လည်သလို အလုပ်ကိုလည်း မနိုမကတ်တမ်း တုံးပေကျွဲရေလုပ်တတ်တဲ့ ကောင်ကြီးတဲ့ဗျ။

အလုပ်မလုပ်ရတဲ့အချိန်ဆိုလည်း သူ့ဆင်ဦးစီးတွေနဲ့ ဆင်ဦးစီးကတော်တွေအလိုကျ ထင်းခွေ၊ ရေခပ်စတဲ့ အိမ်အလုပ်တွေကို အိမ်မှာမွေးထားတဲ့ ခွေးကလေးကြောင်ကလေးများလို ကလန်ရရ လုပ်ပေးတတ်တဲ့ ဆင်လိမ္မာတစ်ကောင်ဖြစ်ကြောင်းလည်း ဆင်ဝိုင်းတစ်ခုလုံးက သိနေကြသတဲ့ ဆရာရဲ့"

"ဩ . . . အဲသလိုကြီးကိုး"

"ဟုတ်ပ ခင်ဗျာ။ သစ်ဆွဲရော သစ်ထုတ်လုပ်ရာမှာ အင်မတန်နိုင်းကောင်းတဲ့ ပထမတန်းဆင်ကြီးတစ်ကောင်တဲ့ခင်ဗျာ။ သူ့သခင် ဆင်ဦးစီးတွေက သူ့ခေါင်းပေါ်ကနေပြီး ချွန်းတစ်ချက်မမြှောက်ရဘဲ ပါးစပ်ကနိုင်းရုံနဲ့တင် အဆမတန်ကြီးမားလေးလံတဲ့ တန်ကျော်သစ်ကြီးတွေကိုတောင် ဆင်ကူမပါစတမ်း မိုက်မိုက်ကန်းကန်း ဆွဲနိုင်ထုတ်နိုင်သတဲ့။ တောကျော်တောင်ကျော်ပြီးလည်း တစ်ကောင်ချင်းဆွဲပို့နိုင်သတဲ့"

"ဒီလောက်လိမ္မာနေမှဖြင့်ဗျာ၊ ဘယ့်နှယ်လုပ်ပြီး သူ့ဆင်ဦးစီး၊ သူ့သခင်တွေကိုချည်း သတ်ပစ်ခဲ့ရတဲ့ ရာဇဝင်ဆင်ဆိုးကြီးဖြစ်ခဲ့ရပြန်တာတုံး"

"အဲဒါကတော့ ဘဝကံပဲ ကျုပ်ဆရာရေ့။ 'သတ္တဝါတစ်ခုကံတစ်ခု'လို့ လောကပြောရိုးရှိပါရောလား။ အေး . . . အဲဒီအတိုင်းပ။ ဆင်လိမ္မာပြန်တော့ ဦးစီးပဲ့ချိတ်တွေက မှူးရှူး၊ ဖောက်တီဖောက်ထိုး၊ 'ဖောင်ပဲနရွဲ'ကောင်တွေနဲ့ချည်း သွားသွားညားရသကိုး ကျုပ်





ဆရာရဲ့။ အဲ . . . အဲဒီမှာပဲ ဆင်ကောင်းက ဆင်ဆိုးဖြစ်ရှာရပြန်ရော။ ကဲ . . . ဘယ့်နှယ်တတ်နိုင်ပမတုံး။ ကံပ"

"ဟုတ်တော့လည်း ဟုတ်ပါသလေ။ 'လင်ဆိုးမယား တဖားဖား' 'သားဆိုးအမေ တပေပေ'ဆိုသလိုပဲ ရှိတော့မပေါ့။ 'သခင်မကောင်းတော့ ကျွန်ခံ' ဖြစ်ရတတ်တာပဲလေ"

"ဟုတ်ဗျား။ အဲ . . . အဲဒီကောင်ကြီးရဲ့သောက်ကျင့်လို့ ပြောရမလား၊ 'ကျောက်ကောင်းကြိုးမကောင်း'ဆိုသလို အကျင့်တန်တယ်ပဲ ရမယ်ရှာရမလား။ အဲဒီကောင် 'ကိုးလောင်းကြီး'ဟာ ဆင်ဦးစီးနဲ့ ဆင်ဦးစီးကတော်တွေ လစ်ရင်လစ်သလို ဆားအိုး၊ ငါးပိအိုးတွေကို ဖွေ့ခနဲနေအောင် အပိုက်နှိုက်ပြီး ကျကျနနကြီး စားလားစားတတ်ရဲ့။ ဆန်အိုး၊ ဆီအိုးတွေကိုဆွဲပြီး စားပစ်သောက်ပစ်လုပ်လား လုပ်တတ်ရဲ့တဲ့ခင်ဗျ။ ဆင်အလစ်သုတ်သမားဆိုပါတော့လေ"

"ဟား . . . ဟား . . . ဟား . . အဲဒီလိုမျိုးလည်း ရှိတတ်သေးသကိုးဗျ။ ကျလည်းကျတဲ့ဆင်ပဲ။ လူဝင်စားဆင်လားမှ မသိတာဗျာ"

"ရယ်မနေနဲ့ ကျုပ်ဆရာ၊ အဲဒီအကျင့်တန်တဲ့ ကိစ္စတွေကြောင့်ပဲ သူ့သခင်တွေက သူ့ကိုငြိုးစူပြီး ရက်ရက်စက်စက် မညှာမတာ အပြစ်ပေးကြတာပ။ အဲ . . . အဲဒီတင် သူ့သခင်တွေကို သူကသတ်ပြန်ရော"

"ရှေးဘဝက ဝဋ်ကြွေးတွေထင်ပဗျာ တကတဲ။ ကဲ . . . နောက် ဘယ့်နှယ်ဒီအကောင်ကြီးကို သတ်ဟယ်ဖြတ်ဟယ် ဖြစ်ကုန်ရသတုံး 'ကတွတ်ပီ'ရဲ့"

"တောကျော်ကလည်း တောကျော်။ ကိုးလောင်းကလည်း ကိုးလောင်း ပြောရတော့မှာပဲဗျို့။ တောကျော်ဆိုတဲ့ ဆင်ဦးစီးကလည်း အရက်



www.burmeseclassic.com

www.burmeseclassic.com



မသောက်ရ မနေနိုင်။ အရက်ကလေး တမြမြလုပ်တတ်တဲ့သူ။ အရက်ကလေးမှ နှုတ်ခမ်းမပေလိုက်နဲ့ သွေးကဆိုးချင်ပြီ။

ယုတ်စွအဆုံး တဲဘေးမှာ သူ့ဘာသူ ခွေခွေကလေးလှဲအိပ်နေတတ်တဲ့ ခွေးပိန်မကိုတောင် အလကားနေရင်း ထကန်ချင် ကန်တတ်တဲ့ကောင်။ 'ကိုးလောင်း' ကလည်း နာမည်တစ်လုံးနဲ့ အကောင်ကြီးလေ။ သူ့ကျောပေါ် သူ့ဦးကင်းပေါ်ကို အရက်မူးတက်ရင် မကြိုက်ချင်တတ်ဘူး။

ဆင်မိုလို့သာ လူ့စကားမပြောတတ်ပေမဲ့ သူ့သခင်တောကျော်မို့ အရက်ကလေးထွေထွေနဲ့ ကျောပေါ်တက်ပြီလားဆိုမှဖြင့် တယ်မဟုတ်ချင်တော့ဘူး။ အာခံချင်သလိုလိုဘာလိုလို၊ ခံတန်တန် ညစ်ကတ်ကတ် လွှတ်လုပ်ချင်တော့တာ။ တောကျော်ကလည်း စိတ်ကလက်တစ်ဆစ်ရယ်။ ထစ်ခနဲဆို ဓားကိုင်ချွန်းကိုင်''

''အင်း ... အဲဒီတော့ ...''

''တိုတိုပြောကြစို့ ကျုပ်ဆရာရယ်။ ဦးကင်းပေါ်ထိုင် အရက်တွေအလွန်အကျွံမူးနေတဲ့ သူ့သခင်တောကျော်ရဲ့ ဓားချက် ချွန်းချက်တွေရယ်၊ အဆမတန် ပူလောင်ပြင်းပြတဲ့ နွေအပူဒဏ်ရယ်၊ နေမွန်းတိမ်းသည့်အထိ မညှာမတာ အနိုင်းခံနေရတဲ့ ပင်ပန်းမှုဒဏ်တွေရယ်ကြောင့် 'ကိုးလောင်းကြီး' စိတ်ဖောက်မာန်ထ၊ သူ့သခင်ကိုခါချ၊ ခြေနဲ့နင်းသတ်ပြီး တောဝင်သွားခဲ့တော့တာပဲ။ တစ်လကိုးသီတင်း တောနင်းရှာပေမဲ့ မတွေ့ရဘူးတဲ့။ ရိုးမထဲဝင်သွားမှာပေါ့လေ။ ဆင်ရိုင်းအုပ်တွေကလည်း ဝင်ခလုတ်ထွက်ခလုတ်နဲ့ဟာကိုး''

''သြော်''

''ဟော ... ပေါ်မယ့်ပေါ်လာတော့ ကျားချောင်းအရှေ့ဘက်၊



BURMESE CLASSIC .com



ဒူးကွဲမြောင်ဘက်မှုစ်ချိုးတဲ့ ဖိုးသာထူးတို့သားအဖကို နင်းသတ်လိုက်တော့တာပဲ။ အဲဒီလိုနဲ့ ရက်ပိုင်းအတွင်းကလေးမှာကို တောင်ခြမ်းဘက်မှာ ဝါးခုတ်တဲ့ အလုပ်သမားတစ်ယောက်၊ ရေဘုတ်ဘက်မှာ ထင်းတောတက်တဲ့ ကရင်ကြီးလင်မယားကို နင်းသတ်ခဲ့ပြန်သေးသလေ''

''အို ... အို ... တယ်ဆိုးတဲ့ အကောင်ကြီးပါလား''

''ဒါဘာဟုတ်သေးတုံး ကျုပ်ဆရာ။ ကျုပ်တို့ ကျားချောင်းရွာမြောက်နား တစ်ခေါ်သာသာမှာ တောင်ယာကလေး၊ ကွမ်းခြံကလေးစိုက်ရင်းပျိုးရင်း ရွာပြင်တောင်ယာမှုပဲ ဓားမဦးချအိမ်တည်ပြီးနေကြတဲ့ ဖိုးမောင်တို့မိသားစုတွေကို လုပ်သွားချက်ကမှ လွှတ်နာစရာကောင်းတော့တာကလား''

''အင်း ... အင်း ... လုပ်ပါဦး။ ဘယ်လိုဖြစ်ကြလို့လဲ''

''ကျုပ်တို့ရွာပြင်မှာနေကြတဲ့ သူတွေဟာ ဆင်ဆိုးရန်ကိုကြောက်လွန်းလို့ ဘယ်လိုနေကြရသလဲဆိုတာ ဆရာသိရဲ့မဟုတ်လား။ ဟောဟိုမလေ ... ဝါးပင်ဝါးရုံထိပ်ဖျားမှာ ငှက်အသိုက်ဆောက်သလို မဖွယ်မရာ လင့်တဲကလေးတွေရှိပါရော။ အေး ... နေ့ခင်း ဆင်ရန်အေးချိန်ဆို ကိုယ့်အလုပ်ကိုယ်လုပ်။

ပြီးပလား၊ နေညိုပလားဆိုမှဖြင့် အဲဒီဝါးရုံပေါ်က အိမ်ကလေးပေါ်ကို ကြိုးလှေကားနဲ့ စုပြုတက်။ ပြီးရင် ကြိုးလှေကားကို ခေါက်သိမ်းပြီး တစ်ညလုံး နေကြပေရော့။ လင့်စင်သဘောမျိုးလိုပ ကျုပ်ဆရာ။ စားလည်း အဲဒီပေါ်၊ အိပ်လည်းအဲဒီပေါ် ပဲခင်ဗျ''

''ဝင်္ဂကြီးလိုက်တာဗျာ''

''အဲ ... ဖိုးမောင်တို့လင့်စင်၊ ထားပါလေ 'ဝါးရုံအိမ်'ကလေးကမြင့်တော့ အတော်မြင့်သား။ မရှိဘူးဆို ပေအစိတ်၊ သုံးဆယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိထင်ပ။ ဒီကအပြန်ကျ ကျုပ်ပြမလေ။ ဆင်တစ်ရပ်၊ နွားမောင်းတစ်ကမ်း မမီနိုင်ပါဘူး။ နို့ပေသိ၊ လူများကံဆိုးပြီဆိုတဲ့အခါ ထင်းခြောက်စကတောင် မြွေဖြစ်ပြီးတက်ခဲလို့ သေချင်သေတတ်သေးတာရော။

ဖိုးမောင်တို့မိသားစုတွေလည်း အဲဒီအတိုင်းပဲခင်ဗျာ။ ဆင်ရန်ကြောက်လို့ လင့်စင်ပေါ် တက်ပါတယ်ဆိုမှ သမီးအကြီးကလေးက အလေးအပေါ့စွန့်ချင်ရှာလို့ ခဏလေးဆင်းမိကြပါတယ်။ ဒီလိုချက်မျိုးကိုစောင့်နေတဲ့ သေနာ့ကောင် 'ကိုးလောင်းကြီး'က အလစ်ချောင်းနေရာက ထွက်တဲ့ပြီး 'ဗျိ'ခနဲ နင်းချလိုက်ပါရောဗျို့။

ကလေးမလေးခမျာ မသေမရှင် မချိမဆံ့ကြီး ဆန့်ငင်ဆန့်ငင်နဲ့တဲ့ခင်ဗျ။ 'အဖေရေကယ်ပါဦး ... အဖေရေ ... ကယ်ပါဦး' လို့ သူ့အဖေကို အားကိုးတကြီး အော်ရှာသေးသတဲ့။ အကောင်ယုတ်ကြီးကလည်း ကလေးကအော်လေ၊ အသံကြားရာကို တဗျိဗျိနဲ့ နင်းချေပစ်လေ လုပ်နေတော့တာကိုး။

ဘယ်ကြည့်ရက်မလဲဗျာ ...။ ဖအေ့ရင်ထဲ မီးပုံကြီးပေါက်လို့နေတာပ။ 'ဖြစ်ချင်ရာဖြစ်ကွာ'ဆိုပြီး ဒေါသမွှန်မွှန်နဲ့ လက်ထဲကဓားမကြီးနဲ့ ဖွတ်ဝင်ပိုင်းတော့တာပဲတဲ့လေ။ ဖိုးမောင်က သူ့သမီးလေးများ သက်သာလိုသက်သာငြားပ။ မရလိုက်ရှာတော့ပါဘူး။ ဆင်နင်းတဲ့ယပ်တောင်ဆိုသလို ပိချပ်ပြားကိုဖြစ်လို့ဗျာ။ ပွဲချင်းပြီးသေရှာပါရော။

အဲ ...ဖိုးမောင်ခမျာလည်း အစွယ်နဲ့ စုံပစ်ထိုးတာကို ခံထားလိုက်ရတာ ကျုပ်တို့ကျားချောင်းသားတွေ အုပ်လိုက်ကြီး ပြေးလိုက်သွားကြတော့ ကိုးလောင်းကြီးကို မတွေ့ရတော့ဘူးဗျား။ ကံဆိုးတဲ့ဖိုးမောင်ကိုတော့ ပေါင်တခြားလက်တခြား မရှုမလှ ရုပ်ပျက်ဆင်းပျက်သေပွဲဝင်နေတဲ့ သွေးအလူးလူး အလောင်းကောင်အနေနဲ့ပဲ တွေ့ရပေ





တော့တယ်''

''ကျွတ် ... ကျွတ် ... ကျွတ်''

''ဒါတောင် 'ဝါးရုံအိမ်'ပေါ်က သူ့မိန်းမခင်လှနဲ့ ကလေးတစ်မြုကို ဒုက္ခပေးဦးမလို့ ကြံသေးတာရယ်။ ဝါးရုံပင်ကြီးကို နှာမောင်းနဲ့ ဖက်ဆွဲပြီး ခါချနေသေးတာတဲ့ ကျုပ်ဆရာရဲ့။ ကျုပ်တို့လူစုတွေရဲ့အသံ၊ မီးတုတ်တဝင်းဝင်း အလင်းရောင်တွေကြောင့် အန္တရာယ်ကောင်ကြီး ထွက်ပြေးသွားလို့သာရယ်။ နို့မို့ဆို တစ်မိသားစုလုံး ပြုတ်ပြုတ်ပြုန်းဖြစ်ရှာကရောပေါ့''

''အင်း ... ဒုက္ခတွေကလည်း နည်းပါဘူးလား 'ကတွတ်ပီ'ရယ်''

''အဲဒီမှာတင် ကျုပ်လည်း စိတ်ထဲမှာ တုံးတုံးချလိုက်မိတော့တာပဲ။ ဒီသတ္တဝါဆိုးကြီး မိုက်စမသိမ်းသရွေ့ ဒီအတိုင်းငါမနေတော့ဘူး။ ဒီအကောင်မိုက်ကြီးကို တစ်တောရှင်းပစ်ဖို့က ငါ့တာဝန်ပဲလို့လေ''

''ကောင်းပါလေ့ဗျာ''

''သစ်တောဌာနကလည်း ဒီ 'ကိုးလောင်း' ဆင်ဆိုးကြီးကို သတ်မိန့် ခွင့်ပြုပေးလိုက်ပြီးပြီ။ 'ချင်းကုန်း'က တပ်ကို တာဝန်လွှဲသတဲ့။ ဗိုလ်မှူးကြီးတင့်ဝေကပဲ ချင်းကုန်းဥက္ကဋ္ဌ ကိုမြင့်လွင်နဲ့ ကျုပ်ကိုခေါ်တွေ့ပြီး ဒီအကောင်မိုက်ကြီးကို လက်စတုံးဖို့ တာဝန်ပေးခဲ့တာပေါ့။ သူ့တပ်က ဗိုလ်ကြီးတစ်ယောက်နဲ့ အရာခံဗိုလ်ကြီး ထောင်ခိုလျှံရယ်၊ တပ်စိတ်တစ်စိတ်ရယ် လက်နက်၊ ကျည်အပြည့်အစုံနဲ့ တွဲထည့်ပေးမတဲ့''

''ဒီပွဲတော့ ကျားနဲ့ဆင် လယ်ပြင်တွေ့ကြတော့တာပဲနော။ နို့ဒီဆင်ဆိုးကြီးကို လိုက်လို့ရော မီကြသေးရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"နိုး . . . နိုး . . . ကျုပ်ဆရာ။ ဆင်ဆိုတဲ့ သတ္တဝါများဟာလေ တတ်သိလိမ္မာရုံမက ကောက်ကျစ်တဲ့နေရာမှာလည်း လွှတ်ဉာဏ်သွားတဲ့ အကောင်မျိုးကြီးတွေခင်ဗျ။ သူ့လုပ်ပုံလုပ်ပေါက်တွေနဲ့ သူ့ကိုတောနင်းရှာပြီး သတ်ကြတော့မယ်ဆိုတာ ဒီကောင်ကြီးက ရိပ်မိတယ်ဗျာရေ။ အကင်းအညာက ပါးပါးလှပ်လှပ်ကလေးရယ်။ တောခြေတောစဆီကို ပြန်မကပ်တော့ဘဲ ရိုးထဲဝင်ခိုနေတာ တစ်လကိုးသီတင်း"

"အဲဒါဆို ဘယ်လိုလုပ်တုံး . . . ကဲ"

"နေရာတကာမှာ 'ကီး'ဆိုတာ ရှိတတ်စမြဲပဲ ကျုပ်ဆရာရဲ့။ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်ဆိုတာတော့ မလွဲတမ်းရှိတတ်ကြသား။ ကျုပ်ပြောခဲ့ပကော။ ဒီအကောင် 'ကိုးလောင်း'ကြီးဟာ သူ့သခင်တွေရဲ့ မီးဖိုချောင်က ဆီ၊ ဆန်၊ ဆား၊ ငါးပိဆို အလွန်ကြိုက်။ ကလေးဆိုးကြီးလိုကို နိုးနိုးစားတတ်ပါသကော ဆိုတာကိုလေ"

"အင်း . . . အဲဒီတော့ . . ."

"အဲဒါ အချက်၊ 'ကီးပွိုင့်'။ ဒီအကောင်မိုက်ကြီးကို 'ဖိဖိနှိပ်ခွေ' မယ့် 'ဝှက်ဖဲ'ပေါ့ ကျုပ်ဆရာ"

"ဘယ်လို . . . ဘယ်လို . . ."

"ဒီလိုခင်ဗျ . . .။ အဲဒီကောင်ကြီး ပုန်းနေခိုနေတဲ့ ရေပုတ်တို့၊ 'လဟာမငယ်'တို့ အရှေ့ဘက်ရိုးထဲက မြောင်ကျပ်တွေဆီအထိ ကျုပ်မယ်လိုက်ရတော့တာပေါ့။ ဆင်နဲ့လူပဲဗျာ။ တိရစ္ဆာန်နဲ့လူသား၊ ရေရှည်မှာ ဘယ်ယှဉ်နိုင်ပမတုံး။ သင်းရဲ့ခြေရာခြေကြောင်းနဲ့ သင်းခိုနေတတ်တဲ့ လျှိုကိုတွေ့ရောဆိုကြပါစို့။ ဘာလုပ်ရတယ်မှတ်သလဲ။

ထင်းခုတ်သမား၊ တောတက်သမား မှဲ့ကျွန်သလိုလိုနဲ့ ဝါးလိုင်းထဲမှာ ထမင်းထုပ်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်ငါးခြမ်း သင်းကြိုက်ကလေးတွေထည့်။ သင်းနဲ့လက်လှမ်းတမီ လက်တစ်ကမ်းမှာ ထိမသာချထား။ ဒီလိုမျှားခေါ်ခဲ့ရတာ"

"ခင်ဗျားကောင်ကြီးက ခင်ဗျားရဲ့ 'လက်နက်ပုန်း'တွေကို စားရောစားရဲ့လားဗျာ။ ဘယ့်နှယ်တုံး"

"လူကြံရင် ထရံတောင် ဘာဖြစ်ဆိုလား . . . ဟုတ်ဘူးလား ကျုပ်ဆရာ။ ဒီအကောင်ကြီး ဘယ်နေနိုင်လိမ့်မတုံး။ ပြီးတော့ . . . တိရိုင်းစိတ်မိုက်ဝင်နေတုန်းသာ 'ဆင်ကန်းတောတိုး'ဆိုသလို ထင်မိသင်ရာ စွတ်ရွတ်လုပ်တတ်ကလား။ သိစိတ်ဝင်ချိန်၊ သွေးအေးချိန်မှာတော့ဖြင့် ကလေးမြေးငယ်များလိုပဲ သနားစရာ၊ ချစ်ကြင်စရာပါခင်ဗျား။ ဒီလိုပြောလို့ ဒီလူသတ်ကောင်ကြီးဘက်က ရှေ့နေလိုက်နေတာလည်း ဟုတ်ပါဘူး။ သဘာဝကိုသာ ပြောရတာပါ"

"ဒီတော့ . . ."

"တိုတိုပြောကြစို့ . . . ကျုပ်ဆရာ။ ကျုပ်ကြွေးတဲ့ 'အပင်း'ကို သင်းအကောင်ဆိုးကြီး 'မောင်ကျွန်တစ်တို့'ဖြစ်ပြီး ကျွားချောင်းရွာခြေဆီအထိ ပြန်ရောက်လာတဲ့ဘဝကို ရောက်ကရော့"

"ကဲ . . . ဒီမှာမှ ကျုပ်တို့ မျှော်တော်ဇောနဲ့ မောနေရတဲ့ မြင်ရာဇာကတွတ်ပီ'ရဲ့ တကယ့်စွန့်စားခန်းက စတော့တာကိုး။ ကိုင်းလုပ်ဗျာ။ 'ကိုးလောင်းကြီး'ရဲ့ ဇာတ်သိမ်းကို နားဆင်ကြရအောင်"

"အဲဒီနေ့က အရေးအခင်းကြီးပြီးလို့ သိပ်မကြာသေးဘူးခင်ဗျ။ ၁၉၅၉ ခုနှစ်စပိုင်း၊ ဇန်နဝါရီလဆန်းလောက် မှတ်တာပဲ။ ရာသီဥတုကတော့ သာယာတယ်ခင်ဗျ။ 'ကိုးလောင်းကြီး'ရဲ့ သေပန်းပွင့်ချိန်က နှောင်းပိုင်း နှစ်နာရီသာသာ သုံးနာရီလောက်မှာပ။ နေရာက ကျွား







www.burmeseclassic.com

www.burmeseclassic.com



ချောင်းရှာနဲ့ တစ်မိုင်သာသာဝေးတဲ့ ကြိမ်တောလျှိုကြီးထဲမှာခင်ဗျ”

မုဆိုးကျော် ‘ကတွတ်ပီ’က ရေနွေးကြမ်းကို ‘ဂွတ်ခနဲ’ ... ချလိုက်သည်။ တောက်လျှောက်ကြီးပြောလာရ၍ သူလည်းမောပြီ။ ... နွေးတွေလည်း အေးစက်နေပြီ။

ပြီးမှ။

“အဲဒီအချိန် ...အဲဒီနေရာမှာပေါ့ ခင်ဗျ”

# [ ၅ ]

❑

“ကျေးရွာသူ ကျေးရွာသားများ ခင်ဗျာ ...ဆင်ဆိုးကြီးရဲ့ အန္တရာယ်ကကြီးလွန်းတာမို့ လိုက်လံကြည့်ရှုခြင်း လုံးဝမပြုကြဘဲ ရွာထဲမှာပဲ စုစုစည်းစည်း နေပေးကြပါခင်ဗျား။ သေနတ်နဲ့ ပစ်ခတ်နှိမ်နင်းမှုမို့ ကျည်ဉီးမှာ လူရှိမနေအောင် ရှင်းထားပေးရပါမယ်။ ပိုင်းဝန်းကူညီကြပါခင်ဗျား”

“ကိုးလောင်းဆင်ဆိုးကြီးကို ကြိမ်တောလျှိုကြီးထဲ မောင်းသွင်းရမှာပါခင်ဗျား။ ဘေးကနေပဲပန်းပြီး ခြောက်လှန့်ပေးကြပါ။ လုံခြုံရေးရဲဘော်တွေကို ကျော်ပြီးတော့ တားမြစ်နယ်မြေထဲကို လုံးဝဝင်မလာကြပါနဲ့ခင်ဗျား”

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချင်းကုန်း ၇ . ၀ . တ ဥက္ကဋ္ဌကြီး ဦးမြင့်လွင်၏ အသံ... အက်အက်က အသံချဲ့စက်အော်လံတစ်ဆင့်မှ တရစပ် ထွက်လာနေ... သူမောလျှင် အရာခံကြီး ဆရာကြီးထောင်ဇာလျှံ၊ တပ်ကြပ် ဆရာ... သောင်းတို့က တစ်လှည့်စီ အော်ဟစ်သတိပေးနေရလေသည်။

မအော်မဟစ် အသံမပြုဘဲလည်း ငြိမ်နေ၍မဖြစ်။

'ကိုးလောင်း'ဆင်ဆိုးကြီးကို သုတ်သင်ကြမည့် ကျားချော... မှဆိုးကျော်တပ်ကြပ်ကြီး (ငြိမ်း) ဦးသန်းမောင်နှင့် တပ်ကလက်န... ကိုင်အဖွဲ့တွေ၊ သစ်တောဌာနဝန်ထမ်းတွေ၊ အခြေအနေပေးလျှင် ... ဆေးသေနတ်ဖြင့်သာ ပစ်ခတ်ဖမ်းဆီးဖို့ 'မြိုင်ဟေဝန်'ဆင်စခန်း... ကျွမ်းကျင်ပညာရှင် ဝန်ထမ်းတွေ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသ... ရဲဘော်တွေဖြင့်ပင် ထပ်ထပ်ကြမ်းအုန်းအုန်းထ၍ နေပေပြီ။

'ဆင်ဆိုးကြီးကို သုတ်သင်တော့မတဲ့' ဟူသည့်သတင်း... လည်း တောမီးပျံ့သလို ပျံ့နှံ့လောင်လေသဖြင့် ရွာနီးချုပ်စပ် ကျေး... ကလေးများမှ၊ မော်ဘီတိုက်ကြီးဘက်မှ ပွဲကြည့်ပရိသတ်တွေကလည်း... တောင်မသိမြောက်မသိ၊ ဘုမသိဘမသိ၊ ကျားချောင်းကိုချည်း ဦးတိုက်... လာလျက် ပွဲကြီးစည်နေတော့သည်။

"ဗိုလ်ကြီးရေ ... 'ကိုးလောင်းကြီး'ကတော့ တွေ့ရမြင်ရ... ကို အစွယ်စမ်းသွားနေပြီခင်ဗျ။ သူ့ဘက်ကလည်း သေသေကြေကြေ... သူ့အစွမ်းရှိသလောက် ပြန်တွယ်တော့မယ်ဆိုတဲ့သဘောပဲဗျို့"

မိုးတွင်းခါတောင်ကျရေ ဒလဟောထိုးဆင်းရာမှ သဘာ... အလျောက် ဖြစ်တည်လာခဲ့သည့် ချောက်ကမ်းပါးကြီး၏ကမ်းပါး... ၌ မြေပြင်မှကိုးပေခန့်အမြင့်တွင် ပေါင်လုံးခန့်ရှိ၊ မသေးလှသော... အစွယ်ရာကြီးတွေကို တစ်သီတစ်တန်းကြီး ထင်ထင်ရှားရှားတွေ့...





ရသဖြင့် ဦးသန်းမောင်က ဗိုလ်ကြီးတင်အောင်ထွန်းကို လက်ညှိုးညွှန်၍ ပြကာ ပြောလိုက်ရသည်။

ချင်းကုန်းတပ်မှ တပ်ဖွဲ့ဝင်များက ခြောက်လုန့်ပစ်ခတ်၍လည်း ကောင်း၊ ကျန်ဆင်ဖမ်းအဖွဲ့များက 'ဟိုးဟိုး ဟေးဟေး'အော်ဟစ်၍ လည်းကောင်း ညာသံပေးလျက် ပတ်ချာလည်ဝိုင်းကာ လျှိုကြီးအတွင်း အတင်းမောင်းချခြင်းခံထားရသဖြင့် လူသတ်ကောင် 'ကိုးလောင်းကြီး' က စိတ်ဆိုးမာန်ဆိုး ဒေါ်ဖောင်းနေခြင်းဖြစ်၏။

အတန်တန်သတိပေးထားပါလျက် 'သေကွင်းသေကွက်'ထိ ချက်ကောင်းကို သေသေချာချာမရွေးချယ်ဘဲ လက်တန်းထိုးပစ်ခတ် ထားကြသည့် ကျည်သုံးလေးချက်က ဆင်ကြီးကိုထိမှန်ထားပြီးဖြစ် ကြောင်း သူ့သွားလမ်းကြောင်းတစ်လျှောက်၌ စွတ်ကြောင်းကြီးသဖွယ် တွေ့နေရသည့် ထူးကြိုးရာကြီးနှင့်အတူ သွေးစက်သွေးကွက်များက သက်သေခံလျက်ရှိပေသည်။

လျှိုချောင်းကလေး၏အနေအထားမှာလည်း သစ်ပင်ချုံနွယ် များ ပိုမိုထူထပ်လာ၏။ ကြိမ်တော၊ ကိုင်းတော၊ ထွေးတောကြီးများ ရှုပ်ရှုပ်ထွေးလျက် ချောင်းရိုးကလေးမှာ အချိုးအကွေ့မြွေလိမ်မြွေကောက် များ စဉ်တိုက်ဆက်တိုက်ကြီးဖြစ်၍ လာနေသဖြင့် သူတို့၏အာရုံကို နောက် ကျိစေလျက်ရှိတော့သည်။

"ဆင်နှင်းခံချင်ရင်၊ ဆင်နဲ့အစွယ်ဖမ်းတမ်း ကစားချင်ရင် ချောင်းထဲကလိုက်၊ ဆင်ကြီးကို အပြီးအပိုင် ကျကျနန ပစ်ချင်သုတ် သင်ချင်ရင် ချောက်ကမ်းပါးအပေါ်စီးက လျှောက်လိုက်တဲ့ဗိုလ်ကြီး ရဲ့။ လူသတ်နေကျဆင်ဆိုးကြီးမျိုးနဲ့ ရင်ဆိုင်ရတဲ့အခါ သူ့ကိုတိရစ္ဆာန် ဆိုပြီး လျှော့တွက်မထားမိဖို့ အရေးကြီးတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းမောင်က သူ့စိတ်ကြိုက် ရွေးချယ်ယူဆောင်လာခဲ့သည့် အမဲကြီးပစ် ၄၇၀ ဗိုး နှစ်လုံးပြူးရိုင်ဖယ်ကြီးကိုပစ်ခတ်ရန် အသင့် အနေအထားဖြင့် သတိရှိရှိကိုင်တွယ်ရင်း သူ့ဘေးက ပန်း၍လိုက်လာ နေသည့် ဗိုလ်ကြီးကိုငဲ့ကာကြည့်လျက် ပြောလိုက်သည်။

သူတို့ရှေ့မှ ဆင်ခြေရာကြီးများမှာ အလှမ်းကျဲလျက် တစ်ခါ တစ်ခါတန်၍ ရပ်နားသွားဟန် သွေးကွက်သွေးအိုင်ကြီးများကို တွေ့ရ သည်။ ကြိမ်နွယ်ကြီးများ၊ ဒိုးနွယ်ချုံကြီးများ၊ ကိုင်းတောကြီးများက လည်း သိပ်သိပ်သည်းသည်း အားကောင်းလှတော့၏။ ဦးသန်းမောင်တို့ နှစ်ဦးသားမှာ တစ်ကိုယ်လုံးချွေးတွေ တုတ်တုတ်ကျလျက် ရွှဲနစ်နေ လေပြီ။

"ဟောဒီမှာဗျို့ ... သစ္စာဝါကြီးဖြတ်နင်းသွားတဲ့ ခြေရာလတ် လတ်ဆတ်ဆတ်ကြီးတွေ။ ကိုင်း ... ဗိုလ်ကြီးရေ၊ အသင့်သာပြင်ထား ပေရော့။ ဒီဆင်က ကျုပ်တို့နဲ့ သိပ်မဝေးတော့ဘူးဗျ။ ဒီမှာ သူပေါက် သွားတဲ့သေးတွေ။ အငွေ့မအေးသေးဘူးဗျ။ သေးမြှုပ်တွေတောင် မငြိမ် သေးဘူးခင်ဗျ"

"ဟုတ်ပ ဆရာကြီးရာ။ ဒါနဲ့ ဒီကောင်ကြီးမျိုးကို ကျုပ်တို့ လက်စွဲတော် 'ဂျီသရီး''ဂျီဖိုး'နဲ့ လဲအောင်လုပ်နိုင်ပါ့မလား ဆရာကြီး"

"သိပ်စိတ်မပူပါနဲ့လေ။ 'ဦးကင်း'နဲ့ 'နားတွင်း'လို ချက်ကောင်း ကိုထိရင် ဗုန်းခနဲ ပစ်လဲနိုင်ပါရဲ့။ နို့ပေတဲ့ ... ဗိုလ်ကြီးက ဘေးဆီး ရန်ကာသဘော ပန်းပြီးသာလိုက်ခဲ့ပေးပါ။ ဒီသစ္စာဝါဆိုးကြီးကို ကျုန် တော်ဆော်ပါ့မယ်။ ဒီ ၄၇၀ ရိုင်ဖယ်နဲ့ကတော့ 'ကိုးလောင်း'မကလို့ 'ဆယ်လောင်း'ဆိုလည်း ဖင်ထိုင်အလဲပဲသာအောက်မေ့"

ဦးသန်းမောင်က စကားပြောနေရာမှ ...

စိတ်ကူးသစ်စာပေ



"ဒီမှာကြည့်လိုက်စမ်းပါဦး ဗိုလ်ကြီးရာ၊ စွယ်လုံးစိုက်ထား တဲ့အရာကြီးတွေ"

ဟု သဲပြင်ပေါ်က ကြီးမားလှသည့် အစွယ်ရာကြီးများကို ပြ လိုက်၏။

"ဒိုင်း"

"ဒိုင်း"

ခပ်အုပ်အုပ် ကော်ဒိုက်ယမ်းအားပေါက်ကွဲသံက ပစ်မှတ်ကို ကျကျနနကြီး ထိမှန်လိုက်ကြောင်း သက်သေပြနေသလိုရှိသည်။

"ပစ်ပြီဗျို့၊ ဂျီ-၄ သံပဲ။ ဆရာကြီးစိန်သောင်းတို့ဘက်က ထင် ရဲ့၊ ထိတာတော့ထိတယ်။ လဲ,မလဲတော့ မသေချာဘူး။ ဟော ... ဟော ... တောတိုးသံ ခင်ဗျ။ အသင့်သာပြင်ထားတော့ ဗိုလ်ကြီးရေ။ သေမင်းငင်ကြီးတော့ ကျုပ်တို့ဆီကို တည့်တည့်ကြီး လာနေပြီ"

ဦးသန်းမောင်က ခပ်သဲ့သဲ့အသံဖြင့် သတိပေးလျက် အသံ ကြားရာ ချောင်းရိုးကလေး၏ ဟိုးဘက် ကြံခင်းလွင်ပြင်ကြီးနှုတ်ခမ်းမှ ကြိမ်တော၊ ကိုင်းတောကြီးဆီ မေးငေါ့ပြလိုက်လေ၏။

နှစ်ဦးသား သေနတ်များကိုအသင့်ပြင်ကာ ရှေ့တူရူမြင်ကွင်း ကိုသာ မျက်စိရှင်ရှင် နားလျှင်လျှင်ထား၍ ပြူးကြည့်နေမိကြတော့သည်။

မကြာလှပါ။

'ကျစ်ကျစ် ... ကျစ်ကျစ်'ဟု ဆင်အံသွားကျိတ်သည့် ဒေါသ ထွက်နေသောအသံကြီးကို ပီပီသသ ရှင်းရှင်းကြီး ကြားလိုက်ကြရ၏။ အလွန်ကြီးမားလှသည့် ကိုယ်လုံးကိုယ်ထည်ကြီးနှင့် ဆင်ဆိုးသစ္စာဝါ ကြီးသည် သူ့နှာမောင်းကြီးကို တဖြောင်းဖြောင်းရိုက်လျက် ဒယီးဒယိုင် လှမ်းလာနေသည်ကိုလည်း တွေ့လိုက်ကြရသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လှုသတ်နေကျ 'ကိုးလောင်း'ဆိုတဲ့ ဆင်ကြီးဟာ သင်းပဲ ကိုး"

မုဆိုးကြီးဦးသန်းမောင်၏ မျက်စိထဲတွင် တောင်ယာတဲတလုံး ပြင်ကလေး၌ မြင်မကောင်းရှုမကောင်း လဲကျသေဆုံးနေရှာသည့် ဖိုး မောင်၏ ရုပ်ပျက်ဆင်းပျက် အလောင်းကောင်ကြီးနှင့် မြေပြင်တွင် သွေးတွေအိုင်ထွန်းကာ ချပ်ချပ်ပြားပြားကလေး နင်းချေအသတ်ခံထား ရသည့် ဖိုးမောင်၏သမီးကလေးတို့ကို ဖျတ်ခနဲ မြင်ထင်လာမိသည်။

နှလုံးသားက ရုတ်တရက်ကြီး တင်းခနဲ၊ ဖျဉ်းခနဲ ဖြစ်သွား၏။

"သွားပေရော့လကွာ"

ဟုကြုံးဝါးလျက် ကိုင်းရွက်များအကြားမှ ပြူထွက်စ ဆင်ကြီး ၏ဦးနှောက်ပိုင်းဆီသို့ တိတိကျကျချိန်ရွယ်၍ ၄၇၀ နိုင်ဖယ်ကြီး၏ ပစ်ခလုတ်ကို မိမိရရဆွဲချလိုက်တော့သည်။ ဒိုင်းခနဲ တုန်ဟည်းပဲ့တင် ရိုက်ခတ်သွားသည့် ကော်ဒိုက်ယမ်းပေါက်ကွဲသံနှင့်အတူ မိုလ်ကြီးတင် အောင်ထွန်းထံမှလည်း ဆင်ဆိုးကြီး၏လက်ပြင်ဆီသို့ 'ဂျိ—ဖိုး'ဖြင့် နှ ချက်ဆက်တိုက်ကြီး ပစ်ခတ်လိုက်မှုကြောင့် လျှိုချောင်းကလေးတစ်ပြင် လုံး သောသောညံသွားပေတော့၏။

ကောက်ပင်ရိတ်ချလိုက်သကဲ့သို့ ဖြည်းညင်းလေးကန်စွာ တအိ အိ ပြိုလဲသွားပြီးနောက် ဆင်ကြီး၏ကိုယ်လုံးကြီးမှာ ပက်လက်လန်၍ ကျသွားတော့သည်။

သို့နှင့်တိုင် ဖွတ်ကြီးဖွဲ့ခတ်ထားသည့်နှယ် မျက်တောင့်မှကြီး တွေပြူးထွက်လာလျက် သူ့ကို 'ဖိဝိန်ခြွေ'သည့်မုဆိုးအား ရှာဖွေနေ ဟန် ဦးသန်းမောင်ကြီးကို စိုက်ကြည့်နေသေးသဖြင့် ဆင်ကြီး၏ရှေ့





တည့်တည့်ထိပ် အချိုင့်ကြီးအလယ်သို့ လက်စသိမ်းကျည်တစ်တောင့် ကို အကျအနချိန်ရွယ်ကာ ပစ်ချလိုက်တော့မှသာ မလှုပ်မယှက်ငြိမ်ကျ သွားတော့၏။

ယခုမှပင် ....ဟိုမှသည်မှ လှုသံသူသံတွေက ဆူညံလာ လျက် တော၏ရှုခင်းသည် အသက်ဝင်လာသလိုရှိလာသည်။

နေဝန်းသည်၊ ကြံခင်းပြင်ကျယ်ကြီးထိပ်နားတွင် တွဲလွဲခိုရင်း 'ကိုးလောင်းကြီး'၏ သက်မဲ့ခန္ဓာကြီးကိုချောင်းကြည့်လျက် အသုဘရှု နေလေတော့သည်တကား။

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

လရောင်သည် ကျားချောင်းရွာကလေးအပေါ်သို့ ထိန်ထိန်သာအောင်ပင် ရက်ရက်ရောရောကြီး သွန်ချနေလေသည်။

ရွာကလေးသည် ဆိတ်ငြိမ်အေးချမ်းစွာ လဲလျောင်းအိပ်စက်နေလေပြီ။ ယခင်ညများက ရွာရှိအရွယ်ရောက်ပြီး ယောကျ်ား ပျိုပျိုရွယ်ရွယ်မှန်သမျှ ညလုံးပေါက်လုနီး ဆင်ကင်းစောင့်ခဲ့ရလေသမျှကို ယခုမှသာအတိုးချကာ အိပ်စက်နေရဘိသကဲ့သို့ ငြိမ်သက်လွန်းစွ။

မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် 'မြိုင်ဟေဝန်' ဆင်စခန်းမှ ပညာရှင်ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ဆင်ယဉ်များကို အသုံးပြုလျက် တောကျွံနယ်ကျွံ ဝင်ရောက်လာသည့် တောဆင်ရိုင်းအုပ်ကို ရိုးမတောကြီးထဲသို့ ပြန်လည်မောင်းနှင် ပို့ဆောင်ပြီးခဲ့သည်မှာ





ရက်သတ္တတစ်ပတ်ခန့် ရှိခဲ့ပြီဖြစ်ရာ ဆင်ဆိုးရန်ကင်းပနေသည့် ကျားချောင်းရွာကလေးမှာ လရောင်အောက်၌ ချစ်စရာပင်ကောင်းနေသေးတော့၏။

"ကိုယ့်ဆရာရေ ကျုပ်ရဲ့မှဆိုးစိတ်ကပဲ စွဲလမ်းနေမိသလား၊ ဥပါဒါန်လားတော့ သိနိုင်ဘူးဗျာ။ 'ကိုးလောင်းကြီး'ဟာ ကျုပ်လက်ချက်နဲ့ သေသွားရတာတောင် အခဲကျေဟန်မတူဘူးခင်ဗျ။ အသက်ထွက်ခါနီး သင်းကြည့်သွားတဲ့ မျက်လုံးကြည့်ပုံကြီးကို ကျုပ်ဖြင့်စိတ်ထဲ ဖျောက်လို့မရနိုင်ဘူး။ ဒီကောင်ကြီးကလည်း သေတာတောင်မှ မကျွတ်မလွတ်နဲ့ တစ္ဆေဖြစ်နေသေးဟန်တူရဲ့"

"ဘာလို့လဲ 'ကတွတ်ပီ'ရဲ့။ ဘာကြောင့် အဲဒီလို ဒန်သေကြီး အပ်ကျမပ်ကျ ပြောနိုင်ရတာတုံး"

"ကျန်တဲ့ ကျုပ်အိမ်သားတွေတော့မသိဘူး၊ ကျုပ်တော့ဖြင့် ညလယ်ပိုင်းသန်းခေါင်ကျော် လူခြေတိတ်ချိန်ဆို 'ကိုးလောင်းတစ္ဆေကြီး' က ကျုပ်အိမ်နောက်ဖေးမီးဖိုချောင်က ဆားအိုး၊ ငါးပိအိုးတွေ၊ ဆီပုံး၊ ဆန်ပုံးတွေ လျှောက်ဆွဲနေ့,လှန်လှောနေတာကို ခဏခဏတွေ့ရသဗျ။ မေတ္တာပို့ပြီး 'သရဏဂုံ'ပုတီးစိပ်လိုက်ရင် ပျောက်သွားပြန်ရော ကိုယ့်ဆရာရေ"

"ဗျို ..."

တစ်ညသားက ကျွန်တော်တို့၏ မုဆိုးကျော် 'ဖိုးသန်းမောင်' က ကြေကြေကွဲကွဲပြောလာသည့် ထိုစကားကို မယုံတစ်ဝက်၊ ယုံတစ်ဝက်ကြားခဲ့ရပြန်သည်။

မည်သို့မှတ်ချက်ပေး၊ နှစ်သိမ့်ပေးရမည်မှန်းပင် မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဂလုံ ... ဂလုံ ... ဝွမ် ..."

"ဟ ... ဘာလဲဟ"

အိမ်ရှေ့ သီဟိုဠ်ပင်ခြေရင်းတန်းလျားဆီမှ အသံတွေကြားမိကြားရာ အိမ်နောက်ဖေးဘက်ဆီသို့ကဲ၍ ကြည့်လိုက်မိ၏။

"အလိုလေး ... မြတ်စွာဘုရား"

လရောင်ဖွေးဖွေးအောက်ဝယ် မတ်မတ်မားမားကြီး တွေ့လိုက်ရသည်က ကြီးမားလွန်းလှသည့် ဆင်ကြီးတစ်ကောင်။

"ဗုဒ္ဓေါ ... ဘုရား ... ဘုရား ... ဘုရား ..."

သေချာရလေအောင် လက်နှိပ်မီးဖြင့် ဝေ့ခနဲဝဲ၍ ထိုးကြည့်လိုက်၏။ ဘယ်ဆီကိုပျောက်လေသည်မသိ။ မရှိပြီ။ နတ္ထိ။

ရင်တွေ တဒိုင်းဒိုင်းခုန်၍ အသည်းတုန်အူတုန် ဖြစ်လာရလေတော့၏။ ထိုင်နေရာမှ သုတ်ခနဲထလျက် ရေအေးအေးတစ်ခွက်ကို ခပ်မြန်မြန်ကြီး မျိုချလိုက်ရတော့သည်။

"ဗုဒ္ဓေါရေ ... 'ကိုးလောင်းတစ္ဆေ'ကြီးများလား"

ကျားချောင်း၏ ညကဖြင့် စကားပြန်မပေးနိုင်။

လရောင်လင်းလင်းအောက်၌ ကွေး၍ကောင်းတုန်း။ ∎

(တိုက်ကြီးမြို့နယ် 'ကျားချောင်း' ရွာကလေးနှင့် 'ဦးလေးကိုသန်းမောင်' သို့ သတိတရ။)

မာန်သစ်ခင်း



www.burmeseclassic.com

[ ၁ ]

❑

သူ့အမည်က 'မြသီး'။

သူ့ကိုမွေးစဉ်က လည်ပင်းရှေ့ဘက်တည့်တည့်၊ ညှပ်ရိုးနှစ်ချောင်းဆုံရာ ချိုင့်ခွက်အထက်တွင် အသားပိုအသီးကလေး တစ်လုံးပါလာသည်။ ထိုအသီးကလေးမှာ ဖန်စိမ်းရောင်လဲ့နေသည်။ ထို့ကြောင့် သူ့အမည်သည် 'မြသီး'ဟု တွင်ခဲ့သည်။

ယခု မြသီးအသက် နှစ်ဆယ်ကျော် သုံးဆယ်နီးပါးအရွယ်တွင် သူ့လည်ပင်းမှ အသီးကလေးမှာ တောဆီးသီးအရွယ်ခန့်ရှိနေပြီ။ ဖန်ရောင်လဲ့မနေတော့။ စိမ်းညို့၍ နေသည်။





လည်ပင်းမှ 'မြသီး'ကလေးတစ်လုံးမှလွဲ၍ သူ့တွင်စိတ်ဝင်တားစရာ ဘာမှမရှိ။ အသားကညိုမှောင်မှောင်၊ မျက်နှာကလုံးချောင်ချောင်၊ မျက်စိက အနည်းငယ်စွေသေးသည်။ ခေါင်းတုံးအမြဲရိတ်ထား၏။

မြသီးမှာ အဖေမရှိတော့။ သူငယ်စဉ်ကပင် ဆုံးပါးသွားခဲ့သည်။ မိခင်ကြီးသည် သူတတ်သမျှ အကြောနှိပ်ပညာဖြင့် အနှိပ်သည်လုပ်ကာ နှစ်ဝမ်းနှစ်ခါးအတွက် လုံးပန်းခဲ့ရသည်မှာ ယခု မြသီးအရွယ်ရောက်လာသည့်တိုင်အောင်ပင် ဖြစ်သည်။

သူတို့၏ မြို့သိမ်မြို့ငယ်ကလေးတွင် အဘွားကြီး၏အနှိပ်သည်အလုပ်မှာ စားလောက်သောက်လောက် အောင်ရသည်တော့မဟုတ်။ မှုဆိုးမသားအမိအား သနားကြသောကြောင့် ဟိုကသည်က ပေးကြကမ်းကြသဖြင့် အသက်ယှဲ့ယှဲ့ကလေး ဆက်နေနိုင်ခဲ့သည်။

သားယောကျ်ားလေးခါးတွင် ပုဆိုးမြဲလျှင် ကျောင်းသို့ပို့ကြသည်မှာ ရှေးရိုးရာဓလေ့ပင်ဖြစ်၏။ မြသီးသည် မြို့အစွန်အဖျားတွင်ရှိသော 'ဗောဓိကုန်း'ဘုန်းကြီးကျောင်း၌ ကျောင်းသားဖြစ်ခဲ့ဖူးသည်။ ဆွမ်းခံချိန်တွင် ကြေးစည်ရိုက်သည့်အလုပ်နှင့် ဆွမ်းတောင်းထမ်းသည့်အလုပ်တို့ကို ပျော်ပျော်ကြီးလုပ်ဆောင်နိုင်ခဲ့သော်လည်း စာကျက်ချိန်တအံချိန်တွင်ကား မြသီး အလွန်စိတ်ညစ်သည်။

သူငယ်ချင်းတွေ ပရိတ်ကြီးကုန်၍ နမက္ကာရ၊ ရတနာရွှေချိုင့်သို့၊ သဂြိုဟ် စသည်ဖြင့် အဆင့်ဆင့်တက်နေကြချိန်တွင် မြသီးမှာ 'မင်္ဂလသုတ်'က မတက်နိုင်။ သုံးဝါတိုင်တိုင် 'ယံမင်္ဂလ'ချည်း ဖိအော်နေခဲ့ပြီးသည်၏အဆုံး၌ သူလက်မလျှော့လိုသေးသော်လည်း ဘုန်းကြီးက လက်လျှော့သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မြသီး စာမအံချင်ရင်လည်း နေပါစေတော့'ဟု စာချဦးပဉ္ဇင်းအား မိန့်တော်မူသည်ကို ကြားရလေ၏။

သူတစ်ပါးစာအံချိန်တွင် ဘာမျှလုပ်စရာမရှိသော မြသီးအား ကပ္ပိယကြီးက တိတ်တဆိတ်လက်တို့ခေါ်ကာ ဗေဒင်သင်ပေးသည်။ တိတ်တဆိတ် လက်တို့ခေါ်ရခြင်းအကြောင်းကား ကျောင်းထိုင်ဆရာတော်ကြီးမှာ ဝိနည်းတော်နှင့်အညီ ကျင့်ကြံနေထိုင်တော်မူသော ပုဂ္ဂိုလ်ဖြစ်သည်။

ကျောင်းတွင် ဗေဒင်ဟောသည်၊ ဗေဒင်သင်သည်ကို မကြိုက်၊ ထို့ကြောင့် ကပ္ပိယကြီးက အခြားကျောင်းသားနှင့် ကိုရင်တွေ စာအံစာကျက်ချိန်တွင် မြသီးအား လူမရှိသော ဇရပ်တစ်ဆောင်သို့ခေါ်သွားကာ တိတ်တခိုး ဗေဒင်သင်ပေးခြင်းဖြစ်သည်။

ကပ္ပိယကြီးကိုယ်တိုင်က ဗေဒင်ပညာကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်သူတော့မဟုတ်။ 'ဗေဒင်အချုပ် မဟာဘုတ်'ဟု သူအမြဲပြောလေ့ရှိသည့်အတိုင်း 'မဟာဘုတ်' လောက်သာတတ်သူဖြစ်သည်၊ သည့်အပြင်တော့ မတောက်တစ်ခေါက်မျှသာ။ မည်သို့ပင်ဖြစ်စေ မြသီးသည် ကပ္ပိယကြီးပေးသမျှ ဗေဒင်ပညာကိုတော့ ကုန်အောင်ယူနိုင်ခဲ့သည်။

"ဒီကောင်က စာသာကျက်လို့မရတာ အတွက်အချက်ကျတော့ တော်သဟ"

ဟု ကပ္ပိယကြီးက သူ့ကွယ်ရာတွင် ချီးကျူးခဲ့လေသည်။

ထိုကာလထုံးစံအတိုင်းပင် ဘုန်းကြီးကျောင်းသားသည် နံနက်စာကို ကျောင်းတွင်စားရသည်။ ညနေစာကိုမူ မိမိအိမ်သို့ ပြန်စားရ၏။ ညကျတော့ ကျောင်းတွင်ပင် ပြန်အိပ်ရသည်။





မြသီးသည် ဘုန်းကြီးကျောင်းသားဘဝနှင့်ပင် အသက်တစ်ဆယ့်လေးငါးနှစ်အရွယ်သို့ ရောက်လာခဲ့၏။ ရှင်သာမဏေဝတ်ရန် ရည်မှန်းချက်လည်းမရှိ၊ စာပေပညာသင်ယူနေသည်လည်း မဟုတ်ပါဘဲလျက် ကျောင်းဆွမ်းကိုစားမနေသင့်တော့ဟု မြသီးသဘောပေါက်လာသည်။

သို့ဖြင့် မြသီးသည် 'မင်္ဂလသုတ်' ထော့ကျိုးတစ်ပုဒ်နှင့် 'မဟာဘုတ်'တွက်ကိန်းတစ်ခုတို့ဖြင့် ကျောင်းပြီးခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

❑

အဖေရှိစဉ်က ရေနွေးကြမ်း တင်သောက်လေ့ရှိသော စားပွဲခုံပုသေးသေးလေးကို ကော်ပတ်စားအချောကိုင်ပြီး သစ်ရောင်သုတ်နေသည့်မြသီးအား အမေကနားမည်နိုင်ဟန်ဖြင့် ကြည့်သည်။

''အဲဒီခုံလေးကို ဘာလုပ်မလို့လဲသား''

ဟု မေးသည်။

''ကျွန်တော်အလုပ်လုပ်မလို့အမေ''

''အောင်မယ် ... အလုပ်လုပ်မလို့ ဟုတ်လား။ ငါ့သားက ဘာအလုပ်တွေများ လုပ်တတ်နေလို့လဲ။ အမေ့ကိုပြောစမ်းပါဦး''





မှန်၏။ ယခု အသက်နှစ်ဆယ်နားနီးလာနေပြီ။ မြသီး ဘာအလုပ်တစ်ခုမျှ လက်ကြောတင်းအောင် မလုပ်ဖူး။ အမေလည်း မနိုင်းရက်။

မြသီးက ပြုံးလျက် ...

''ကြည့်နေပါ အမေရယ်။ အမေနောက်တော့ သိလာရပါလိမ့်မယ်''

အမေသည် အတန်ကြာမျှပြုံးလျက် ကြည့်နေသည်။ နောက်တော့မှ သဘောပေါက်သွားဟန်ဖြင့် ...

''ဪ ... သိပြီ၊ သိပြီ။ အဲဒီစားပွဲခုံလေးရဲ့ မျက်နှာပြင်ပေါ်မှာ ကျားကွက်ဆွဲပြီး၊ သားသူငယ်ချင်းတွေနဲ့ ကျားထိုးကြဖို့မဟုတ်လားဟင်''

မြသီးသည် သူ့နဖူးကို သူ့လက်ဝါးဖြင့် ရိုက်လိုက်မိ၏။

''အမေကလည်းနော်၊ အလုပ်လုပ်ပါမယ်ဆိုမှ ကျားထိုးတာ အလုပ်လား အမေရဲ့''

''နို့ ... ငါ့သားက ဘာအလုပ်အကိုင်တွေများ လုပ်တတ်နေလို့လဲလို့ အမေမေးပါပကော''

မြသီးသည် ခေါင်းပြောင်ပြောင်ကို တစ်ချက်ကုတ်ပစ်လိုက်သည်။ အမေ့ကိုပြောရမှာ ရှက်နေသလိုလို ခံစားရ၏။

''ဟို ... ဟိုလေ ... အမေ ကျွန်တော် ဗေဒင်ဟောမလို့ပါ အမေရဲ့''

''ဟယ် ...''

မွေးခေါင်ခေါင် မိုးကြိုးပစ်ချသံ ကြားလိုက်ရသည့်နှယ်၊ အဘွားကြီးသည် မျက်လုံးမျက်ဆန်ပြူးသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှဟုတ်ရဲ့လား သားရယ်။ မင်းက ဗေဒင်ကော ဟောတတ်လို့လား။ သင်ကော သင်ဖူးလို့လား။ မတတ်ဘဲနဲ့တော့ သွားမလုပ်ပါနဲ့ကွယ်။ လူလိမ်ဆိုပြီး အကဲ့ရဲ့ခံရရင် ရှက်စရာကြီး"

အဘွားကြီးက စိုးရိမ်တကြီးပြောနေသည်။

အမေ စိုးရိမ်ကြီးနေမှန်းသိတော့လည်း မြသီးမပြောလျှင်မဖြစ်တော့။

သူ့အားငယ်စဉ် ဘုန်းကြီးကျောင်းတွင်ကတည်းက ကပ္ပိယကြီးဦးဖြူဦးက ဗေဒင်သင်ပေးခဲ့သည့်အကြောင်း၊ သူငယ်ချင်းတွေကိုအပျော်တမ်းတွက်ချက်ဟောပြောကြည့်ရာ တော်တော်များများမှန်သည်ဟုပြောကြကြောင်း။ ထို့ကြောင့် 'မြဖိရှင်' စေတီရင်ပြင်တစ်နေရာတွင် ဗေဒင်သွားဟောရန် စီစဉ်နေကြောင်း မိခင်ကြီးအား ရှင်းပြလိုက်၏။

နောက်တစ်ရက်တွင် 'မြဖိရှင်' စေတီရင်ပြင်တော်တစ်နေရာ၌ စားပွဲခုံလေးကိုရှေ့မှာထားကာ တည်ကြည်ငြိမ်သက်သော ဣန္ဒြေဖြင့် ထိုင်နေသည့် မြသီးကို မြင်တွေ့ကြရသည်။

'မြဖိရှင်' သည် ရှေးဟောင်းစေတီတော်တစ်ဆူ ဖြစ်၏။ စေတီတော်အတွင်းလိုဏ်ဂူထဲတွင် ပူဇော်ထားသော 'မဟာဖိန်' ခေါ် 'မဟာဖိန်' ရုပ်ပွားတော်မှာ ပို၍ရှေးကျသည်ဟု သုတေသီများက တွက်ဆကြသည်။ ထို့ကြောင့် ဂေါပကအဖွဲ့သည် လုံးခြုံရေးအစီအမံများကို စနစ်တကျ ပြုလုပ်ထားသည်။ မြသီးသည် ဂေါပကအဖွဲ့၏ခွင့်ပြုချက်ဖြင့် စေတီတော်အနီးရှိ ခရေပင်ရိပ်တွင် တစ်နေရာရခဲ့ခြင်းဖြစ်လေသည်။

စေတီတော်သည် မြို့အဝင်ကားလမ်းနံဘေးမှ တောင်ထိပ်တွင် ရှိသည်။ စေတီတော်တည်ထားရာတောင်ထိပ်မှ အနောက်ဘက်သို့မျှော်





လိုက်လျှင် တောင်စွယ်တောင်နှာမောင်းများ၊ တောင်ကြောများ ဆင့်ကာဆင့်ကာဖြင့် အဝေးတွင် မှိုင်းမြပြာရီနေသည့် ရိုးမတောင်တန်းကြီးကို မြင်ရလေသည်။

'မြဖိရှင်' စေတီကို မိဖုရားကြီး 'ပဏ္ဍုမြားဒေဝီစောမဲကျို' တည်ထားခဲ့သည်ဟုဆိုသည်။ 'မဟာဖိန်' ရုပ်ပွားတော်မှာ ဘုန်းတန်ခိုးကြီးသည်၊ ဆုတောင်းပြည့်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာသူများ မပြတ်မလပ်ရှိနေတတ်သည်။ စေတီတော်တောင်ခြေတွင် ဧည့်သည်များတည်းခိုရန်အတွက် ဇရပ်ကလေးများနှင့် ထမင်းဆိုင်များဖြင့် စည်ကားနေခဲ့ဖူးသည်။

အချိန်မှာ မြန်မာပြည်လွတ်လပ်ရေးရပြီးစ၊ ၁၉၅၀ ဝန်းကျင်တစ်ဝိုက်တွင် ဖြစ်လေသည်။ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ တစ်ပြည်လုံးအနှံ့ ပေါ်ပေါက်လာသဖြင့် ရပ်ဝေးဘုရားဖူးဧည့်သည်များ အလာကျဲသွားသည်။ ထမင်းဆိုင်ကလေးများလည်း မရောင်းချရတော့သဖြင့် တစ်ဆိုင်ပြီးတစ်ဆိုင် ပြုတ်နေလေသည်။

"ဟ . . . ဧည့်သည်မလာလို့ တို့ထမင်းဆိုင်တွေ ပြုတ်နေကြပြီ။ မြသီးက ဘာစိတ်ရူးပေါက်ပြီး ဘုရားပေါ်မှာ ဗေဒင်ဟောမယ်လုပ်ရတာလဲ။ ဘယ်သူက လာမေးမှာတဲ့လဲ"

"ဒါတော့မပြောနဲ့လေ၊ သူက ဗေဒင်ဆရာပဲ။ သူ့တွက်ကိန်းနဲ့သူတော့ရှိမှာပေါ့"

"နို့ . . . သူက ဗေဒင်ကောတတ်လို့လား"

"တတ်ရုံမကဘူး သိပ်မှန်တယ်တဲ့။ ကောင်လေးတွေပြောတာလေ"

တောင်ခြေရှိ ထမင်းဆိုင်ခန်းတွင် မြသီးအကြောင်းပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ကြခြင်းဖြစ်၏။

ယနေ့ပါဆိုလျှင် သုံးရက်ရှိပြီ။ မေဒင်မေးသူတစ်ယောက်မျှ မလာ။ မြသီးမှာ ခရေပင်ရိပ်တွင် ငုတ်တုတ်ထိုင်ရင်း အချိန်ဖြုန်းနေရသလိုဖြစ်နေသည်။ စကားပြောဖော်ပင်မရှိ။ အိပ်ငိုက်ချင်သလို ဖြစ်လာသည်။ အိပ်ငိုက်သွား၍တော့မဖြစ်။ ကိုယ့်အလုပ်ကို မလေးစားရာရောက်သည်။ ထို့ကြောင့် မြသီးသည် ကျောက်သင်ပုန်းအပေါ်တွင် စာလုံးလေးတွေ ချရေးနေလိုက်သည်။ အမှတ်မထင်ချရေးလိုက်မိသည့် စာလုံးလေးများကို ပြန်ဖတ်ကြည့်ပြီး သဘောကျနှစ်မြို့က်သွားသည်။

'မြသီး 'မြဖိရှင်' တောင်ပေါ်မှာရှိသည်'

မြသီးသည် သူရေးလိုက်သောစာကြောင်းလေးကို အတန်ကြာစိုက်ကြည့်နေသည်။ ဖတ်လို့ကောင်းသည်။ အဓိပ္ပာယ်လည်းရှိသည်။ သို့ပေမဲ့ သည်ဝါကျလေးကို ဘယ်နေရာတွင် အသုံးချရပါ့။ သူငယ်ချင်းတစ်ယောက်ယောက်နှင့် တိုင်ပင်ရလျှင်ကောင်းမည်ဟု တွေးမိစဉ်မှာပင် အရိပ်တစ်ခုလို 'သုတ်'ခနဲရောက်ချလာသည်က 'မောင်မောင်'။

မောင်မောင်က သစ်စက်ပိုင်ရှင်သူဌေးသား။ ယခု ဆယ်တန်းရောက်နေပြီ။ မောင်မောင်ရှင်ပြုခါနီးတွင် သူ့အဖေက ဘုန်းကြီးကျောင်းမှာ လာထားခဲ့ဖူးသည်။ သည်ကတည်းက မြသီးနှင့်ခင်မင်သွားခဲ့သည်။

မြသီး မောင်မောင့်အား သူစာရေးထားသည့် ကျောက်သင်ပုန်းလေးကို ထိုးပေးသည်။

"အဲဒီစာလေး ဖတ်ကြည့်ပါဦးကွာ"

မောင်မောင်သည် ကျောက်သင်ပုန်းကို အတန်ကြာစိုက်ကြည့်လိုက်ပြီး ခေါင်းပြန်မော့လာ၏။

"ဝါကျလေးကလှတယ်ကွ။ မင်းအဲဒါ ဘယ်နေရာမှာသုံးမလဲ"





မြသီး ခေါင်းခါသည်။

"မစဉ်းစားတတ်ဘူး။ ပျင်းပျင်းနဲ့ ချရေးကြည့်တာ"

"သောက်ရှူး"

မောင်မောင်က ဆဲလည်းဆဲ၊ သူ့ခေါင်းပြောင်ပြောင်ကိုလည်း တစ်ချက်ပုတ်လိုက်၏။

"ဒီအကြောင်းကို ပျဉ်ပြားတစ်ချပ်ပေါ်မှာရေး ပျဉ်ပြားကို မြားပုံဖြစ်အောင် အဖျားကိုချွန်၊ အရင်းဘက်ကိုအခွလုပ်၊ အဲဒီပျဉ်ပြားကိုဟို . . . တောင်ခြေတောင်ပေါ်တက်လမ်းက သစ်ပင်တစ်ပင်မှာ သံနဲ့ကပ်ရိုက်ထားမယ်လေ။ အဲဒါ . . . မင်းအတွက် လမ်းညွှန်တိုင်ဖြစ်ရောပေါ့ကွာ။ ငါလုပ်ပေးမယ်"

ပြောပြောဆိုဆို မောင်မောင်သည် ကျောက်သင်ပုန်းပေါ်က ဝါကျလေးကို သူ့အိတ်ထဲတွင်အသင့်ပါလာသည့် စက္ကူတစ်ရွက်ပေါ်၌ ရေးကူးလိုက်၏။

"ကဲ . . လာ၊ တောင်အောက်ဆင်းပြီး လက်ဖက်ရည်သွားသောက်ကြမယ်"

မြသီးသည် ကျောက်သင်ပုန်းနှင့်ကျောက်တံကို စားပွဲခုံလေးပေါ်တွင် တင်ထားခဲ့ကာ မောင်မောင်နှင့်အတူ တောင်အောက်သို့ဆင်းလာခဲ့လေသည်။

နောက်တစ်နေ့နံနက်တွင် မောင်မောင်ရောက်လာပြီး သူလုပ်လာခဲ့သည့် လမ်းညွှန်တိုင်လေးကို တောင်ခြေက တက်လမ်းအနားရှိသစ်ပင်တွင် ကပ်ရိုက်ပေးသွားသည်။ ပျဉ်ပြားကိုအဖျားချွန်ကာ အရင်း၌အခွလုပ်၍ မြားပုံဖော်ထားသည်။ ဆေးရောင်အနက်သုတ်ထားသည်။ စာလုံးလေးများက အဖြူရောင်ဖြစ်သည်။ အဝေးမှကြည့်လျှင် မြားနက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတောင်ပေါ်သို့ ဦးမော့ပုံသန်းနေဟန်မြင်ရ၏။

"ဒါမှ မင်း တောင်ပေါ်မှာရှိနေတာ လူသိမှာကွ"

ဟု မောင်မောင်က ပြောသွားသေးသည်။

မှန်သည်။ သိပ်မကြာ။ အသက် ၄၀ ဝန်းကျင်အရွယ်၊ သားသားနားနားလူတစ်ယောက် မြသီးထံသို့ တန်းတန်းမတ်မတ်လျှောက်လာသည်။

"မောင်မြသီး မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

ကျောင်းဆရာတစ်ယောက်မှန်းတော့ မြသီးသိနေခဲ့သည်။ နာမည်မသိ။ နေရပ်မသိ။ မျက်မှန်းတန်းနေခဲ့သည်သာရှိသည်။

ကျောင်းဆရာသည် မြသီးရှေ့ကျောက်ပြားပေါ်တွင် ထိုင်ချလိုက်သည်။

"တောင်တက်က လမ်းညွှန်မြားကလေးကိုတွေ့လို့ တက်လာခဲ့တာကွ။ ဆရာ ဒီနေ့ဆယ်နာရီထွက်မယ့်သင်္ဘောနဲ့ တောင်ပတ်လည်မြို့ကို လိုက်မလို့ကွာ။ အဲဒါ ခရီးသင့်မသင့် ဟောပေးစမ်းပါဦး"

"ဟုတ်ကဲ့ ဆရာ"

မြသီးသည် ကျောက်သင်ပုန်းနှင့် ကျောက်တံကို အသင့်ပြင်လျက် . . .

"မွေးနှစ်နဲ့ မွေးနေ့မွေးရက်ကလေးပြောပါဦး ဆရာ"

ကျောင်းဆရာပြောသည်တို့ကို ကျောက်သင်ပုန်းပေါ်တွင် ချရေးပြီးသော်လည်း ဘာမျှမတွက်မချက်သေးဘဲလျက် အတန်ကြာတွေဝေနေမိသေးသည်။ ထို့နောက် ကျောင်းဆရာ၏မျက်နှာကို မျက်တောင်မခတ်၊ စူးစူးစိုက်စိုက်ကြီး စိုက်ကြည့်နေလိုက်၏။ ထိုစဉ် မြသီး၏လည်





ပင်းမှ အသားပိုအသီးကလေးသည် မခံမရပ်နိုင်အောင် ယားယံ၍လာလေသည်။ လက်ဖြင့် ခပ်ဖိဖိလေးပွတ်လိုက်ရာ ခေါင်းထဲ၌ မိုက်ခနဲဖြစ်ကာ မူးတူးရိဝေဖြစ်သွားသည်။ အိပ်ချင်လာသည်။ မျက်ခွံအစုံသည် သူ့အလိုလို မှိတ်သွား၏။

အာရုံထဲတွင် အနိဋ္ဌာရုံမြင်ကွင်းတစ်ခုကို ပြက်ပြက်ထင်ထင်မြင်ရသည်။ သင်္ဘောကုန်းပတ်ပေါ်တွင် ရုပ်ပျက်ဆင်းပျက် ပိုးလိုးပက်လက်သေဆုံးနေသော အလောင်းများ၊ ဒဏ်ရာဖြင့်အော်ဟစ်ညည်းတွားနေကြသူများ၊ ရုတ်ခြည်းပင်မြင်ကွင်းသည် ပျောက်ကွယ်သွား၏။ မျက်လုံးကိုဖွင့်လိုက်သည်။ သူ့ကို အကဲခတ်သလိုစိုက်ကြည့်နေသော ကျောင်းဆရာကိုတွေ့ရသည်။

"ဆရာ . . . ဒီနေ့သင်္ဘောနဲ့ မလိုက်ပါနဲ့ဆရာ။ ဆရာ့အတွက် ခရီးမသင့်ဘူး။ အသက်အန္တရာယ်ထိ ရှိလာနိုင်ပါတယ်"

သူ့အသံမှာ မသိမသာပင် တုန်ယင်နေသည်။

ကျောင်းဆရာက တလေးတစားဟန်ဖြင့် ခေါင်းညိတ်သည်။

"ဟုတ်လား မောင်မြသီး၊ ဒါဆို ဆရာမလိုက်တော့ဘူးကွာ။ အိမ်ပဲပြန်တော့မယ်"

ကျောင်းဆရာသည် မြသီးအား ဉာဏ်ပူဇော်ခ,ဆိုကာ ငွေစက္ကူ ငါးကျပ်တန်တစ်ရွက်ပေးသွားသည်။ မြသီးအတွက် ဗေဒင်ပညာဖြင့် ပွဲဦးထွက်ရရှိသောငွေပင် ဖြစ်သည်။ သည်ငါးကျပ်တန်လေးကို အမေ့အားပေးလိုက်လျှင် အမေဘယ်လောက်ပျော်လိုက်လိမ့်မလဲ။ လက်ဖက်ရည်တစ်ခွက်တစ်မတ်၊ မုန့်ဟင်းခါးတစ်ပွဲဆယ်ပြား။ ထမင်းအဝစားသုံးမတ်ခေတ်တွင် ငွေငါးကျပ်သည် မနည်းမနောပါလား။

ထိုနေ့ညနေ သုံးနာရီခန့်တွင် ကျောင်းဆရာသည် ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ရောက်လျှင်ရောက်ချင်းပင် မြသီး၏ပခုံးနှစ်ဖက်ကို တင်းကျပ်စွာဖက်လျက် ...

"မောင်မြသီးဟာ ဆရာရဲ့ အသက်သခင်ကျေးဇူးရှင်ဖြစ်သွားပြီ"

ဟုဆိုသည်။

"ဒီလိုကွ ...။ မနက်က တောင်ပတ်လည်ကိုထွက်သွားတဲ့ သဘော်ဟာ သပြုချောင်းထဲမှ သူ့ပုန်တွေကမ်းနှစ်ဖက်ကညှပ်ပြီး ဝိုင်းပစ်တာခံရသတဲ့။ သေသူရော ဒဏ်ရာရသူပါမနည်းဘူးတဲ့။ ခု သတင်းရောက်လာတယ်။ ဆရာလိုက်သွားဖြစ်ရင် ဆရာလည်းသေမလား၊ နာမလားတော့ မသိဘူးပေါ့ကွာ။ မောင်မြသီးရဲ့ပညာကို ဆရာလေးစားပါတယ်။ အဲဒီအတွက်ထပ်ပြီး ပူဇော်ပါရစေဦး"

ဟုဆိုကာ အိတ်ထဲက ငွေစက္ကူတစ်ထပ်ကို ထုတ်ပေးသည်။

"ငွေနှစ်ရာပါ မောင်မြသီး။ အဲဒါ ဆရာရဲ့အလယ်တန်းပြ ဆရာ တစ်လစာပါ"

ကျောင်းဆရာသည် သူ့ကို ဖျစ်ညှစ်နှုတ်ဆက်ပြီး ပြန်ဆင်းသွားသည်။

မြသီးမှာ တွေဝေအံ့ဩစွာဖြင့် ကျန်ရစ်၏။

ထိုကျောင်းဆရာ၏အမည်မှာ 'ကိုမောင်ရွှေ'ဖြစ်ကြောင်း နောင်မှသိရသည်။

ကျောင်းဆရာကိုမောင်ရွှေ၏သတင်းသည် မြို့လုံးအနှံ့ ပြန့်သွားသည်။ မြသီးသည်လည်း နာမည်ကျော်ဗေဒင်ဆရာလေးဖြစ်သွား၏။

နောက်တစ်နေ့တွင် မောင်မြသီးထံ ဗေဒင်လာမေးသူမှာ မနည်း





လှပေ။ တစ်နေ့လုံးလိုလို ဟောနေခဲ့ရသည်။ အချို့က မြသီးကိုမြင်ဖူးအောင် လာကြည့်ကြသည်။

"ဒီကောင်လေးက ရိုးရိုးဗေဒင်တွက်တတ်ရုံသာမကဘူး၊ အကြားအမြင်ပါရနေတာ"

ဟု ကျောင်းဆရာကိုမောင်ရွှေက စကားစပ်တိုင်း ပြောနေလေသည်။

မြသီးမှာကား သူ့အဖြစ်ကို သူနားမလည်နိုင်အောင်ဖြစ်နေရသည်။

သူ့အမြင်အာရုံထဲတွင် နိမိတ်ပုံထင်သည်ဆိုသောအဖြစ်က အမြဲဖြစ်နေသည်မဟုတ်။ တစ်ခါတစ်ရံမှသာဖြစ်သည်။ ထိုသို့မြင်တော့မည်ဆိုလျှင် သူ့လည်ပင်းမှ အသားပိုအသီးကလေးသည် ယားယံ၍လာတတ်လေသည်။ ဘာကြောင့်မှန်းတော့သူမသိ။

မှတ်မှတ်ရရ မောင်မောင့်အဖေတုန်းကလည်း တစ်ကြိမ်ဖြစ်ဖူးသည်။ မောင်မောင့်အဖေ ဦးထွန်းလှသည် သစ်စက်ထောင်ထားရုံသာမက ကိုယ်တိုင်သစ်ထုတ်လုပ်ငန်းလုပ်သူဖြစ်သည်။ ဂျစ်ကားတစ်စီးဖြင့် အမြဲခရီးသွားနေတတ်သည်။

တစ်နေ့တွင် 'မြဇိရင်' တောင်ပေါ်သို့ ဦးထွန်းလှ ရောက်လာသည်။

"မောင်မြသီးရေ ... ဦးလေး ကြိမ်တောကြီးရွာဘက် သွားမလို့ကွာ။ ခရီးသင့်မသင့် ကြည့်ပေးပါဦး"

ဟု တရင်းတနှီးပြောသည်။

မြသီးက ဦးထွန်းလှ၏မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်စဉ်မှာပင် လည်ပင်းမှ အသားပိုအသီးကလေး ယားယံလာသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



မှုးဝေအိပ်ငိုက်သလိုဖြစ်ကာ မှိတ်ထားသောမျက်လုံးအစုံတွင် ဂျစ်ကားတစ်စီးရေထဲသို့ နစ်ဝင်နေသည်ကို မြင်လိုက်ရ၏။

“ဦးလေး . . . ခရီးမသင့်ဘူး။ အန္တရာယ်နဲ့ကြုံရနိုင်တယ်”

ဟု မြသီးဟောသည်။

ဦးထွန်းလှ မယုံ။ သူက သူပုန်အဖွဲ့ကို အမြဲဆက်ကြေးပေးနေသည်။ သူ့ကိုရော၊ သူ့ဂျစ်ကားကိုပါ သူပုန်တွေ အကျွမ်းတဝင်သိထားပြီးဖြစ်သည်။ သူ့ကို အန္တရာယ်ပြုစရာ အကြောင်းမရှိဟု သူတွက်သည်။ ပြီးတော့ မြသီးဆိုတာက သူ့သားမောင်မောင်နှင့်မှ ရွယ်တူ။ မလောက်လေးမလောက်စားဟုမြင်သည်။ ခရီးထွက်သွား၏။

သူတွက်ထားသလို သူပုန်တွေကတော့ ဘာမျှမလုပ်။ ကြိမ်တော်ကြီးချောင်းကို ဖောင်ဖြင့်ဖြတ်ကူးစဉ် ဖောင်မြုပ်သွားသည်။ ဂျစ်ကားရော လူပါ ရေထဲနစ်သွားသည်။ ကံကောင်းလို့မသေ။ လူသာအိမ်ပြန်ရောက်နိုင်သည်။ ဂျစ်ကားကို လူငှား၍ ဖော်ရတုန်းဖြစ်သည်။

မြသီး ပို၍ နာမည်ကြီးဖို့ဖြစ်လာခြင်းပင်။

[ ၃ ]

❑

အချိန်က မွန်းတိမ်းစ။

တောင်အောက်မှတက်လာသော လူကြီးသည် စကားမပြောနိုင်သေး။ အမောဖြေရင်း မြသီးကို အကဲခတ်နေသည်။ နဖူးမှစို့နေသောချွေးများကို အင်္ကျီလက်ဖြင့်သုတ်လိုက်ပြီးမှ မေးငွေ့နှင့် စကား [illegible]

“မြသီးဆိုတာ မောင်ရင်လား”

လူကြီး၏အသံမှာ မလိုအပ်ဘဲ မာကျောနေသည်ဟု မြသီးထင်သည်။

“ဟုတ်ပါတယ် ခင်ဗျာ”

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် ဖက်ကိုစောင်းလျက် တစ်ခုခုကို စဉ်းစားဟန်ဖြင့် အတန်ကြာငြိမ်နေသည်။ ပြီးတော့မှ . . .

"ကျုပ် အလုပ်တစ်ခုလုပ်မလို့။ အဲဒီအလုပ် အောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာ သိချင်တယ်။ ကြည့်ပေးပါ"

"ဘာအလုပ်ပါလဲခင်ဗျာ"

"ဘာအလုပ်လဲဆိုတာ ကျုပ်မပြောနိုင်ဘူး။ အောင်မြင်မလား၊ မအောင်မြင်ဘူးလားဆိုတာသာ သိချင်တယ်"

မြသီး အကျပ်ဆိုက်သွားသည်။ သည်လို မေးသည်မျိုးတစ်ခါမှမကြုံဖူး။ သို့သော် လူကြီးက ကြောက်စရာကောင်းသည်။ အတင်းအကျပ် တောင်းဆိုနေသည်။ လူကြီးကျေနပ်အောင်တော့ အာရုံပြုကြည့်လိုက်ရတော့မည်။

မြသီးသည် လူကြီး၏မျက်နှာကို အာရုံစူးစိုက်၍ကြည့်လိုက်၏။ ခဏချင်းမှာပင် လည်ပင်းမှအသားပိုသီးကလေး ယားယံလာသည်။ ထို့နောက် ရီဝေမေးငိုက်သွားသည်။ သူ့အမြင်အာရုံထဲတွင် လူကြီး၏လွယ်အိတ်ထဲမှ ပစ္စည်းတစ်ခုကို သေသေချာချာ မြင်လိုက်ရလေသည်။ ခြောက်လုံးပြူးသေနတ်တစ်လက်။

သူ မျက်လုံးပြန်ဖွင့်ပြီး အဖြေပေးလိုက်သည်။

"ဘာအနှောင့်အယှက်မျှ မမြင်ဘူး။ အောင်မြင်လိမ့်မယ်"

ကြီးသည် ကျေနပ်ပုံတော့မရ။ သည့်ထက်ပိုပြီး ပြည့်ပြည့်စုံစုံ သိချင်နေဟန်ရှိ၏။ သို့သော် သူကိုယ်တိုင်က သူ့အလုပ်ကို ပြည့်ပြည့်စုံစုံ ပြောမပြနိုင်သဖြင့် ဘာမျှဆက်မမေးတော့။ သုတ်ခနဲထပြီး တောင်အောက်သို့ ဆင်းသွားသည်။

မြသီးသည် ဂေါပကအဖွဲ့ရုံးခန်းသို့ ပြေးသွားပြီး သတင်းပို့





လိုက်၏။

ထိုနေ့ညနေတွင် သူပုန်ခေါင်းဆောင် 'ဖဲထီး'ကို ခြောက်လုံးပြူးတစ်လက်နှင့်အတူ ဖမ်းဆီးရမိကြောင်းသတင်းသည် တောမီးပမာပျံ့နှံ့သွားသည်။ ဖဲထီးသည် သူတို့သူပုန်အဖွဲ့မှ မြို့ကိုဝင်ရောက်စီးနင်းနိုင်ရန်အတွက် တိတ်တဆိတ်ရပ်ဖျက်ကာ လာရောက်လေ့လာနေစဉ်ဖမ်းမိသွားခြင်းဖြစ်လေသည်။

မြသီးကြောင့် ဖဲထီးအားဖမ်းမိသည်ဟူ၍ကား အများမသိအောင် လျှို့ဝှက်ထားသည်။ မြသီးအား ဖဲထီးတို့အဖွဲ့က ရန်ရှာလာမည်ကို စိုးရိမ်ရသည်။ သို့သော် လူအများသည် သတင်းမှန်ကို တစ်စွန်းတစ်စ ရကြသည်။ မြို့ကို သူပုန်ရန်မှကာကွယ်ပေးသည့် ဆောင်ရွက်ချက်အတွက် မြသီးအား တိတ်တဆိတ်ကျိတ်၍ ကျေးဇူးတင်နေကြသည်။ အချို့က မြသီးအိမ်သို့သွားကာ ငွေများ၊ လက်ဆောင်များပေးကြသည်။ ချီးကျူးဂုဏ်ပြုကြသည်။

နောက် ရက်သတ္တပတ်ခန့်အကြာတွင် ဖဲထီး၏နောက်လိုက်သူပုန်များသည် အခြားသူပုန်အဖွဲ့တစ်ဖွဲ့နှင့် ပူးပေါင်း၍ အနောက်ရိုးမတက်မှ တောင်ကြောအတိုင်းဆင်းကာ နေ့လယ်ကြောင်တောင်ကြီးမှာပင် မြို့ကိုဝင်ရောက်စီးနင်းလေသည်။ သူပုန်အဖွဲ့မှာ အင်အားအတော်များသည်။ မြို့လုံခြုံရေးတာဝန်ယူထားသော တပ်မတော်နှင့် ရဲတပ်ဖွဲ့မှ ပြုပ်ရှုပ်ချုံချုံ ခုခံတိုက်ခိုက်သည်။ ခက်ခက်ခဲခဲ တွန်းလှန်တိုက်ထုတ်သည်။ နေဝင်ခါနီးတွင် သူပုန်တို့လက်လွှတ်ထွက်ပြေးကြသည်။

'မြဖိရှင်'တောင်ပေါ်က ခရေပင်ရိပ်တွင် မြသီး၏အလောင်းကိုတွေ့ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

နှစ်တွေလည်း ကြာညောင်းခဲ့ပါပြီ။

မြို့ငယ်ကလေးသည် ယခင်ကထက် အဆ,ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်နေခဲ့ပြီ။ သူပုန်သူကန်ရန်လည်း မရှိတော့။

'မြဇီရှင်'တောင်ခြေတွင် ကုန်မျိုးစုံဆိုင်များ၊ စားသောက်ဆိုင်များကို တခမ်းတနား ဖွင့်လှစ်ထားကြ၏။ ဇရပ်ငယ်များနေရာတွင် တည်းခိုခန်းများဆောက်ထားကြသည်။ တောင်တက်လမ်းမှာ စကြံမိုးအုတ်လမ်းဖြစ်သည်။ စကြံနိတစ်လျှောက်တွင် ပန်းသည်နှင့်ဖယောင်းတိုင်၊ အမွှေးတိုင်သည်များကိုတွေ့ရသည်။ တောင်ပေါ်တွင် ဘုရားဖူးများဖြင့် အမြဲမပြတ်စည်ကားနေ၏။





သည်နေရာကလေးသို့ရောက်တိုင်း ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်'သည် သူငယ်ချင်းမြသီးကို သတိရသည်။ မြသီးအတွက် သူရေးပေးခဲ့သည့် လမ်းညွှန်ပျဉ်ပြားကလေးသည် ဆွေးမြည့်ပျက်စီးသွားပြီ။ သို့သော် သူရေးခဲ့သည့် ဝိုင်းဝိုင်းစက်စက် စာလုံးလေးများကိုမူ မျက်စိထဲတွင် အမြဲမြင်လျက်ရှိသည်။

**မြသီး 'မြဇီရှင်' တောင်ပေါ်မှာရှိသည်။**

''မင်းတကယ် 'မြဇီရှင်'တောင်ပေါ်မှာရှိနေတယ်လို့ပဲ ငါယုံကြည်တယ် သူငယ်ချင်း။ သူတစ်ပါးကံကြမ္မာကို မှန်မှန်ကန်ကန်မြင်နိုင်စွမ်းပေမဲ့ ကိုယ့်ကံကြမ္မာကို ဘာကြောင့် မမြင်ခဲ့တာလဲဆိုတာ ငါတစ်သက်လုံး တွေးမဆုံးနိုင်အောင်ဖြစ်နေရတယ် သူငယ်ချင်းရယ်''

ဆရာကြီး ဦးမောင်မောင်၏မျက်လုံးများသည် မျက်ရည်များကြောင့် ဝေဝါးမှုန်ရီလျှက်၊ ပင့်သက်တစ်ချက်အရှိုက်တွင် မျက်ရည်ပေါက်များ ကြွေကျသွားလေ၏။

အောင်သာမိုး



www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ရာသီဥတုက သာတောင့်သာယာရှိသော နွေနေ့လယ်ခင်း တစ်ခု။

ကိုလှမောင်သည် ကားနားရက်ဖြစ်သဖြင့် သားဖြစ်သူရဲရင့်၏ ကျောင်းအပြန်ကို လည်တဆန့်ဆန့်မျှော်ရင်း အိမ်ရှေ့ကွပ်ပျစ်တွင် သတင်းစာဟောင်းတစ်စောင်ကို စိတ်မပါသော်လည်း ဖတ်နေမိ၏။

"ကိုလှမောင် ... ကိုလှမောင်၊ အား ... နာ ... နာလိုက်တာ။ ကယ် ... ကယ်ပါဦး ... ကိုလှမောင်ရယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းအခန်းထဲမှ ရုတ်တရက်ထအော်လိုက်သော ဇနီးဖြစ်သူမမြင့်၏ စူးစူးဝါးဝါးအသံကြောင့် သတင်းစာဖတ်နေသော ကိုလှမောင် ထိတ်လန့်သွားသည်။

"မြင့် ... မမြင့် ဘာဖြစ်လို့လဲ"

အိမ်အတွင်းခန်းထဲသို့ ကိုလှမောင် ဒရောသောပါး ပြေးဝင်သွားပြီး စိုးရိမ်စွာ မေးလိုက်ခြင်းဖြစ်သည်။

"ကျွန် ... ကျွန်မ ဗိုက်နာနေပြီတော့။ ကယ်ပါဦး ကိုလှမောင်ရယ်"

ဇနီးဖြစ်သူမမြင့်က ငိုသံပါကြီးနှင့် ဖြေလိုက်သည့်အခါ ကိုလှမောင် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။

ဇနီးဖြစ်သူ ကိုယ်ဝန် လစေ့နေ့စေ့ကြီးနှင့် မွေးဖွားရန်မလိုတော့ဟု ကျွမ်းကျင်သော သားဖွားဆရာမ (အရပ်လက်သည်)ဒေါ်နှင်းသုတိပေးထားသည်ကို ကိုလှမောင်လည်း သိခဲ့ရ၏။

ခု ... ဇနီးဖြစ်သူ ဗိုက်နာပြီဆိုတော့ မီးဖွားတော့မှာ သေချာသည်။ ထို့ကြောင့် ကိုလှမောင်က ...

"ဟာ ... ဒါဆိုမဖြစ်ဘူး။ ဒေါ်နှင်းကို အမြန်ခေါ်ရမယ်"

"နေ ... နေပါဦး ကိုလှမောင်ရယ်၊ အား ... အ"

ဇနီးဖြစ်သူက တားလိုက်ခြင်းဖြစ်သည်။

"ဒီလောက်ဖြစ်နေတာ။ ခေါ်မှသင့်မှာပေါ့"

"ကျွန်မကိုယ်ကျွန်မ သိပါတယ်မှုင်။ ချက်ချင်းကြီးတော့ မမွေးနိုင်သေးဘူးထင်တယ်"

"ဒါဆို ခုန ..."

"မွေးဖွားရက်နီးကပ်လာလို့ သန္ဓေသား လှုပ်ရှားတာပါတော်"





"ဒါဆို ခုရော ... ဘယ်လိုနေသေးလဲ"

"ခုနလောက်တော့ မဆိုးတော့ဘူး"

ထိုအချိန်မှာ သားဖြစ်သူရဲရင့် ကျောင်းမှပြန်ရောက်လာသည်။

"ဖေဖေ ... မေမေဘာဖြစ်လို့လဲ"

"မင်းမေမေ ဗိုက်နာနေလို့"

ကိုလှမောင်က ပြောလိုက်သဖြင့် သားဖြစ်သူရဲရင့်မှာ မိခင်ဆီသို့ ဝင်ထိုင်လိုက်သည်။

"မေမေ"

"ဘာလဲ သား"

"ဘယ်လိုနေသေးလဲ"

"သက်သာသွားပါပြီ။ သား ဒီနေ့ကျောင်းကပြန်တာ နောက်ကျလှချည်လား"

"အိမ်စာအတွက်လုပ်နေလို့ မေမေ"

"ဒါဆိုလည်း ရေသွားချိုးတော့။ မေမေ ဘာမှမဖြစ်တော့ဘူး။ သက်သာသွားပြီ"

ဇနီးဖြစ်သူက ပြောပြီး ထထိုင်လေ၏။ ခုန သူမဟုတ်သည့်အတိုင်း။ ခုတော့လည်း ဘာမျှမဖြစ်သည့်ပုံစံမျိုး။

ကိုလှမောင် ကြည့်၍ သက်ပြင်းချလိုက်မိသည်။

"မင်း ဘာမှမဖြစ်တော့တာ သေချာတယ်နော်"

ကိုလှမောင်က ဇနီးဖြစ်သူအား သံသယမကင်းစွာ မေးမြန်းလိုက်ခြင်းဖြစ်ပါသည်။

ထိုအခါ ဇနီးဖြစ်သူက ခေါင်းညိတ်လျက် ...

"ကျွန်မအတွက် မစိုးရိမ်ပါနဲ့တော့။ ရက်ပိုင်းလောက်မှ မွေး



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့တော့ ထင်တယ်''

''ဘာပဲဖြစ်ဖြစ်၊ အထူးဂရုစိုက်ရလိမ့်မယ်။ မင်းမပေါ့နဲ့ ... မမြင့်''

ကိုလှမောင်က စိုးရိမ်စွာဖြင့်ပြောပြီး အိမ်အတွင်းခန်းထဲမှ ထွက်လာခဲ့သည်။

အပြင်ရောက်မှ သက်ပြင်းကို ပေါ့ပါးစွာချနိုင်တော့သည်။

[ ၂ ]

❑

သို့ဖြင့် နံနက်မိုးသောက် အလင်းရောက်သည့်အခါ ကိုလှမောင်တစ်ယောက် ပစ္စည်းများ ပြင်ဆင်ထုပ်ပိုး၍ ...

''မမြင့် ... ကို ဒီနေ့ ပွဲရုံကကုန်တွေတင်ပို့ဖို့ ခရီးဝေးထွက်ရလိမ့်မယ်။ အဲဒါ ...''

''အို ... ကျွန်မအတွက် နောက်ဆံမတင်းပါနဲ့ရှင်။ ကိုယ့်အလုပ်သာကိုယ် စိတ်ဖြောင့်ဖြောင့်သွားပါတော်''

ကိုလှမောင် စိတ်အေးသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီအချိန်မှာပင် ကိုလှမောင်သည် ပွဲရုံရှိရာသို့ ကားကို မောင်းခဲ့၏။

ကိုလှမောင် အဆိုပါပွဲရုံတွင် ကုန်တင်ကားမောင်းသော ဒရိုင်ဘာအဖြစ် လုပ်ကိုင်လာခဲ့သည်မှာ သားဖြစ်သူရဲရင့်၏တစ်သက် ဖြစ်သည်။ ယခုဆိုလျှင် သားဖြစ်သူရဲရင့်မှာ လေးတန်းကျောင်းသား အရွယ်ရှိနေပြီ မဟုတ်ပါလား။

ကိုလှမောင်သည် ပွဲရုံတွင် ကုန်တင်ကားမောင်းသည်ဆိုသော် ငြားလည်း ကုန်ပွဲရုံကိုပိုင်ဆိုင်သောသူဌေးအား တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့ချေ။ ပွဲရုံမန်နေဂျာ၊ သူဌေးလူယုံ ဦးသော်ကောင်းနှင့်သာ ပွဲရုံနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှ ညှိနှိုင်းရသည်။ ဆက်ဆံရသည်။

သို့ရာတွင် ဤပွဲရုံကိုပိုင်ဆိုင်သော သူဌေးမှာ မြို့တွင်နေထိုင် ပြီး ပွဲရုံပေါင်းများစွာနှင့် အခြားစီးပွားရေး လုပ်ငန်းများလည်း လုပ် ကိုင်ကြောင်းသိရသည်။

ထို့ပြင် သဘောအလွန်ကောင်း၍ ဘာသာရေး လွန်စွာမှလိုက် စားသူဟုလည်း ဦးသော်ကောင်း မကြာခဏပြောမှု၍ သိနေသည်။

ဤပွဲရုံတွင် ကိုလှမောင်၏ ကုန်ကားမောင်းလုပ်သက် ဆယ်နှစ်ကျော်ခဲ့သော်လည်း လုပ်ငန်းတွင် နာမည်ပျက်မရှိခဲ့ဖူးသလို၊ လုပ်ငန်းအပေါ် တိကျသဖြင့် ဦးသော်ကောင်းကိုယ်တိုင် သဘောကျခဲ့ ၏။ ကိုလှမောင်မှ ကိုလှမောင်ဟု ဆိုရမည်ပင်။

ထိုကဲ့သို့ ရိုးသားကြိုးစားစွာ လုပ်ကိုင်ရင်းဖြင့် သားဖြစ်သူ ရဲရင့်မှလွဲပြီး သားသမီး နောက်ထပ်မရနိုင်တော့ဘူးဟု ထင်ထားရာမှ ကိုလှမောင်ဇနီးတွင် ဆယ်နှစ်သံဝင်စရောက်မှ ကံအားလျော်စွာ ကိုယ်ဝန် ရရှိခဲ့၏။

---





ယခုမွေးဖွားရန် ရက်ပိုင်းသာလိုတော့ချေမည်။ ဇနီးမီးဖွားခါနီး စိတ်မချသော်လည်း မဖြစ်မနေသွားရမည့် အလုပ်တာဝန်ကရှိနေသဖြင့် ကိုလှမောင် နောက်ကြောင်းမအေးသော်ငြား အတင်းဖွတ်မိုတ်၍ ထွက် လာခဲ့ရခြင်းဖြစ်သည်။

ကိုလှမောင်သည် အတွေးစကိုဖြတ်လျက် ပွဲရုံရှိရာသို့ ကား ကို မောင်းခဲ့၏။

ထိုပွဲရုံသည် ကိုလှမောင်တို့နေထိုင်သော ရွာကြီး၏ ပင်လယ် ဆိပ်ကမ်းတွင် တည်ရှိပါသည်။ ကုန်ရောင်းကုန်ဝယ်သမားများ ခြေချင်း လိမ်ပြီး လွန်စွာမှစည်ကားလှသဖြင့် နယ်မြို့လေးတစ်မြို့နှင့်မခြား ရောင်းပန်းရောင်းဝယ် ကောင်းပါသည်။

ကိုလှမောင်သည် ထိုပွဲရုံမှ ကုန်ပစ္စည်းများကို အခြားမြို့ရွာ များသို့ ပို့ဆောင်ပေးရခြင်းဖြစ်၏။

ပြီးလျှင် ထိုမြို့ရွာများမှ ကုန်ပစ္စည်းတို့ကို ပြန်လည်တင်ဆောင် ခဲ့ရသည်။ ထိုကုန်ကားမောင်းသောအလုပ်မှာ ကိုလှမောင်မိသားစုအတွက် မပိုလျှံသော်လည်း လုံလောက်ပါသည်။

ထို့ကြောင့် ဤအလုပ်ကို ကိုလှမောင်အသက်နှင့် တန်ဖိုး ထား၍ လုပ်ဆောင်ခဲ့သဖြင့် မန်နေဂျာ ဦးသော်ကောင်းကိုယ်တိုင် အခြား သူများထက် သဘောကျနှစ်မြို့က်ခဲ့ခြင်း ဆိုရမည်။

ကိုလှမောင်သည် ပွဲရုံ၌ ကုန်ပစ္စည်းများတင်ဆောင်လျက် အခြားမြို့တစ်မြို့သို့ ထိုနေ့မှာပင် ထွက်ခွာခဲ့ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

ကိုလှမောင် ခရီးကုန်တင်ကားထွက်သွားပြီး နေ့လယ်ပိုင်းမှာပင် ဖနီးဖြစ်သူမမြင့် ကောက်ကာငင်ကာ ဗိုက်နာတော့သည်။

အိမ်တွင် မည်သူမျှမရှိသဖြင့် အခက်တွေ့ရသည်။

ထို့ကြောင့် အိပ်ရာပေါ်အသာလှဲ၍ နာကျင်မှုကို မှိတ်ကြိတ်ခံသည်။

သို့သော် ...မရချေ။ မကြာခင် မွေးဖွားဖို့သေချာပြီ။ မမြင့် ခန္ဓာကိုယ်တစ်ခုလုံး ဇောချွေးများပြန်ကာ အသက်ကို မှန်မှန်ရှူရလေ၏။





ထို့နောက် မမြင့်သည် အားယူကြိုးစား၍ အိမ်နီးနားချင်း ဒေါ်ကလေးမကို အကူအညီတောင်းရတော့သည်။

"ဒေါ်ကလေးမ ... ဒေါ်ကလေးမ"

အိမ်နီးနားချင်း ဒေါ်ကလေးမက မမြင့်ခေါ်သံကြားသဖြင့် ချက်ချင်းရောက်လာသည်။

"ဘာဖြစ်လို့လဲ မမြင့်"

"ကျွန် ... ကျွန်မ မခံနိုင်တော့ဘူး။ မွေးတော့မယ်ထင်တယ်။ ကျွန်မကို ကူညီပါဦး"

"ဟင် ... ဒုက္ခပဲ။ ခုလိုချိန်မှာ မောင်လှမောင်က ခရီးထွက်သွားရတယ်လို့"

ဒေါ်ကလေးမက စိုးရိမ်မကင်းလေသံဖြင့် အပြစ်တင်သည်။ ထိုအချိန်မှာပင် မမြင့်သည် ယောကျ်ားဖြစ်သူအား အပြစ်မမြင်ရက်။ သူမအား တမင်ထားခဲ့ပြီး မျက်နှာလွှဲခဲပစ် လုပ်ခဲ့သည်မဟုတ်။ သူမအပေါ် အိမ်ထောင်ဦးကတည်းက အစစအနွံတာခံ၍ ချစ်ရှာသည်။ ယနေ့အချိန်အထိ အလုပ်ကို အခြားသားမယားများကဲ့သို့ ပင်ပင်ပန်းပန်းမလုပ်ကိုင်ခဲ့ရ။ လုပ်ခွင့်လည်း ကိုလှမောင်က မပေးခဲ့ချေ။

ခုကိစ္စမှာ သူမကိုယ်တိုင် ဘာမျှမဖြစ်ကြောင်းပြော၍ ကိုလှမောင်ခရီးထွက်သွားခြင်း ဖြစ်သည်။ ခုရက်ပိုင်း သူမမီးဖွားခါနီးဖြစ်၍ ယောကျ်ားဖြစ်သူအား အနားတွင် ရှိစေချင်ပါသည်။

သို့သော် တစ်သက်လုံးက ဒီမိသားစုကို ထမင်းကျွေးခဲ့သော အလုပ်အား ကိုယ့်ဘက်က ပြန်တာဝန်ကျေစေချင်သည်။ ထို့ကြောင့် သူမကိုယ်တိုင်သွားခိုင်း၍ သွားခဲ့ခြင်းပင်။ ပြီးတော့ အလုပ်ကလည်း လွန်စွာမှ အရေးကြီးနေသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အပြစ်မဟုတ်ပါဘူး ဒေါ်ကလေးမရယ်။ ကျွန်မက ဘာမှ စိတ်မပူရဘူးပြောလို့ ခရီးထွက်သွားတာပါ။ ကျွန်မကို ကူညီပါနော်"

"အို ... ကူညီရမှာပေါ့ကွယ်။ အိမ်နီးချင်းတွေပဲ။ ပြီးတော့ ညီမအတွက်က သိပ်အရေးကြီးဆုံးအချိန် ဖြစ်နေတယ်မဟုတ်လား"

"ဒါဆို ကျွန်မကို ... အား ... အ ... သားဖွားဆရာမ ဒေါ်နှင်းကို အမြန်ခေါ်ပေးပါနော် ... အ ... အား"

မမြင့်စကားမဆုံးမီမှာပင် ဒေါ်ကလေးမ ခပ်သုတ်သုတ်ထွက်သွားသည်။

မကြာပါချေ။ သားဖွားဆရာမ ဒေါ်နှင်းနှင့်အတူ ဒေါ်ကလေးမ ပြန်ရောက်လာသည်။

"တူမကြီး မွေးဖို့သေချာပြီ။ အိပ်ခန်းထဲဝင်ပေတော့"

ဒေါ်နှင်းနှင့် ဒေါ်ကလေးမက ဗိုက်နာနေသော မမြင့်ကိုတွဲကူ၍ အိမ်အတွင်းခန်းထဲသို့ နေရာချပေးသည်။

ထို့နောက် မမြင့်သည် လွန်စွာမှဗိုက်နာလွန်းလှသဖြင့် အိပ်ရာပေါ် လူးလိမ့်နေရ၏။ ပါးစပ်ကလည်းအော်ဟစ်၍ မျက်ရည်ပိုးပိုးပေါက်ပေါက် ကျလာသည်။ အဆိုးဆုံးက သားဦးမွေးပြီး ဆယ်နှစ်ကျော်ကြာမှ ယခု မီးဖွားရမည့်အတွက် အခက်အခဲနှင့် များစွာရင်ဆိုင်လိုက်ရခြင်း ဖြစ်ပေတော့သည်။

"အခြေအနေကြည့်ရတာ ညနေပိုင်းမွေးဖို့သေချာပြီ တူမကြီး"

သားဖွားဆရာမဒေါ်နှင်းက မမြင့်၏ကိုယ်ဝန် အခြေအနေကို စမ်းသပ်ပြီး ကောက်ချက်ချသည်။

ဒေါ်နှင်းမီးဖွားပေးသော အိမ်ထောင်ရှင်အမျိုးသမီး ဤရွာ





တွင် များပြားလှစွာရှိသည်။ အားလုံး ချောချောမောမောမွေးဖွားပေးနိုင်သည်ချည်းသာ။

ခုလည်း ဒေါ်နှင်းမှတ်ချက်အတိုင်း ဤနေ့ညနေ သူမမွေးဖွားဖို့ သေချာပြီ။ သူမလည်း အခြေအနေကို ရိပ်မိပြီးသားဖြစ်သည်။

ထို့နောက် မမြင့်သည်။ စကာမပြောနိုင်တော့ဘဲ အိပ်ရာထဲတွင် နာကျင်မှုဝေဒနာကိုခံစား၍ မွေးဖွားချိန်ကိုသာ အားတင်းပြီး ကြိုးစားနေရတော့၏။

သတင်းကြားသိ၍ တချို့ရွာထဲက ဆွေမျိုးသားချင်းနှင့် အသိများ မမြင့်အိမ်သို့ အလျှိုလျှိုရောက်လာပြီး အားပေးကြသည်။ တချို့လည်း ဘုရားစာများရွတ်၍ အမြန်ဆုံးမီးဖွားနိုင်ရန် ဆုတောင်းပေးကြလေသည်။

သို့ဖြင့် အချိန်က မီးဖွားချိန်ကို တဖြည်းဖြည်း ချဉ်းနင်းဝင်ရောက်လာလေပြီ။

ထို့နောက် ...။

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

ကိုလှမောင်သည် သတ်မှတ်ထားသည့်မြို့တွင် ကုန်ပစ္စည်းချ၊ ငွေရှင်းပြီးနောက် ပြန်ထွက်ခွာလာခဲ့၏။

ယခင်အခေါက်များက ထိုမြို့သို့ရောက်ပြီး နောက်တစ်နေ့မှပင် အေးအေးလူလူ ပြန်လှေ့ရှိ၏။

ယခု ကိုလှမောင်မှာ ကိုယ်ဝန်မီးဖွားခါနီးဖနီးသည်အား နောက်ကြောင်းမအေးသဖြင့် အခါတိုင်းလို ညမအိပ်တော့ဘဲ ချက်ချင်းထွက်ခွာလာခဲ့ခြင်း ဖြစ်၏။





ကားမောင်းနေသော်လည်း လမ်းတစ်လျှောက်လုံး ဇနီးဖြစ်သူထံသို့သာ စိတ်ရောက်နေ၏။ ဇနီးဖြစ်သူ မီးဖွားနေမည်လား။ မည်သည့်အခက်အခဲများကိုကြုံနေပြီလည်း စသဖြင့်အတွေးတို့က တစ်ရံမလပ်အောင် ကပ်ငြိပါလာသည်။

ကားကို သတိကြီးစွာထားမောင်းနေရင်းမှ တစ်ခါတစ်ရံ စိတ်က လွတ်လွတ်သွားသည်။ အထိအခါမျိုး၌ အသိရိပ်ခနဲဝင်၍ 'ငါကားမောင်းနေပါလား' ဟူသောအသိဖြင့် အန္တရာယ်မဖြစ်အောင် ထိန်းချုပ်ရလေ၏။

ဤသို့ဖြင့် ကိုလှမောင်၏ကုန်တင်ကားမှာ အဝေးပြေးလမ်းမပေါ်၌ အခါတိုင်းမောင်းနေကျအရှိန်ထက် ပိုမြန်လျက်ရှိပါသည်။

ထိုအချိန်၌ ရွာတွင်ကျန်ခဲ့သော ဇနီးဖြစ်သူမမြင့်မှာလည်း မီးဖွားရန်အတွက် အကြိတ်အနယ် ကြိုးစား၍ အခက်အခဲများကို ရင်ဆိုင်နေရ၏။

သို့ဖြင့် နာရီပေါင်းများစွာကြာမြင့်ပြီး ညနေပိုင်းအချိန်သို့ ချဉ်းနင်းဝင်ရောက်လာသောအခါ ကိုလှမောင် မောင်းနှင်လာသောကုန်တင်ကားကြီးမှာ ရွာခြေသို့ ရောက်ရှိလာပေပြီ။

သို့ရာတွင် ကံမကောင်းအကြောင်းမလှစွာဖြင့် သတိလက်လွတ်ဖြစ်သွားသော ကိုလှမောင်သည် ရွာအဝင်ကုန်းအဆင်းတွင် ကားလမ်းဘေးသို့ထိုးကျကာ ပွဲချင်းပြီး ဆုံးသွားရှာလေတော့၏။

ထိုကဲ့သို့ တစ်ဖက်မှ အနိဋ္ဌာရုံဖြစ်ပွားသွားချိန်မှာပင် တစ်ဖက်တွင်ရှိသော ဇနီးဖြစ်သူမှာ သမီးမိန်းကလေးအား ချောမောစွာ လူ့လောကထဲ မွေးဖွားပေးလိုက်နိုင်တော့၏။

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး ရက်သတ္တပတ် နှစ်ပတ်ကျော်အကြာတွင် ဇနီးဖြစ်သူမမြင့်သည် မီးတွင်းထဲမှထွက်၍ ယောကျ်ားအပြန်ကို စောင့်မျှော်ခဲ့၏။

သို့သော် တစ်ရက်ပြီးတစ်ရက် ကုန်သာသွားသည် ယောကျ်ားဖြစ်သူကား ပြန်ရောက်မလာ။ ထို့ကြောင့် စိုးရိမ်စိတ်ပူ၍ ရက်သားအရွယ်သမီးလေးကို သားကြီးရဲရင့်နှင့်ထားလျက် ပွဲရုံသို့ သူမကိုယ်တိုင်သွားရောက်မေးမြန်းလေတော့၏။





"ကျွန်မယောကျ်ား၊ ကျွန်မမီးဖွားတဲ့ရက်မှာပဲ ကုန်ကားထွက်သွားတာ ပြန်မရောက်သေးလို့ လာစုံစမ်းတာပါ"

မမြင့်က စိုးရိမ်စွာ မေးမြန်းလိုက်သည်။

ထိုအခါ အမှန်အတိုင်းသိစေရန်အတွက် မန်နေဂျာဦးသော်ကောင်းက အဖြစ်မှန်ရှင်းပြလိုက်တော့သည်။

"စိတ်တော့ ခိုင်ခိုင်ထားပါ ငါ့တူမ။ တူမမီးဖွားတဲ့ ညနေပိုင်းမှာပဲ မောင်လှမောင် အချိန်မီပြန်ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ ရွာအဝင်ကုန်းဆင်းမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးပါးသွားရှာတယ်"

"ရှင်"

မမြင့် အထိတ်တလန့်ရေရွတ်လျက် မျက်လုံးများပြာခနဲဖြစ်သွားသည်။ အသိတရားအားလုံး ကမ္ဘာကြီးပျက်သလိုဖြစ်သွားသည်။

"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

"စိတ်ကိုထိန်းပါ တူမ။ အဲဒီအချိန်ကတည်းကဖွင့်ပြောဖို့ တူမမီးဖွားပြီးခါစဆိုတော့ ဆိုးကျိုးတွေဖြစ်မှာစိုးလို့ ဒီကိစ္စကို အသိမပေးဘဲထားခဲ့တာ။ အခုလို အေးအေးဆေးဆေးကျမှ ဖွင့်ပြောဖို့ပါပဲ။ ခု ငါ့တူမရောက်လာလို့ အဖြစ်မှန်ရှင်းပြတာ"

မန်နေဂျာ ဦးသော်ကောင်း၏စကားတို့ကို မကြားတစ်ချက်၊ ကြားတစ်ချက်။ မမြင့် စိတ်မထိန်းနိုင်တော့ဘဲ မျက်ရည်များ တာတမံကျိုးသလို စီးကျလာသည်။ ရင်မှာ တလှပ်လှပ်ဖြစ်လာ၏။

"ဖြစ်မှဖြစ်ရလေ ကိုလှမောင်ရယ်"

သူမ ကြေကွဲဝမ်းနည်းစွာ ရေရွတ်လိုက်သည်။ သူမ၏သားသမီးများ အဖေမဲ့ဖြစ်လေပြီ။ သူမ ဘာလုပ်ရမည်နည်း။

"တရားနဲ့ဖြေပါ ငါ့ညီမ။ လူတိုင်းက သေမျိုးချည်းပါ။ သေတ္



www.burmeseclassic.com

www.burmeseclassic.com



မကွဲရင်၊ ရှင်ကွဲကွဲရတာ လူ့ဘဝရဲ့ဓမ္မတာပါ။ ကိုယ့်မှာကျန်ရစ်ခဲ့တဲ့ သားသမီးတွေအတွက် ကိုယ်ဘာလုပ်ရမလဲဆိုတာပဲ စဉ်းစား။ ဒီလိုမှ မစဉ်းစားခဲ့ရင် ဆိုးကျိုးတွေ ထပ်ကြုံရမှာ''

''ကျွန်မ . . . ကျွန်မ ဘယ်လိုဖြေရမလဲ ဦးလေးရယ်''

''အချိန်က ကုစားသွားမှာပါ။ သွားလေသူအတွက်ကောင်းဖို့နဲ့ ကျန်ရစ်သူကိုယ့်သားသမီးတွေအတွက် ငါ့တူမမှာ တာဝန်ရှိတယ်။ ဒီလိုမှမဟုတ်ဘဲ ပူဆွေးသောကဖြစ်နေရင်တော့ သွားလေသူလည်း စိတ်ဖြောင့်မှာမဟုတ်ဘူး''

မန်နေဂျာဦးသော်ကောင်း၏ ဖျောင်းဖျနှစ်သိမ့်မှုကြောင့် မမြင့်အသိဝင်လာ၏။ သူမ ဘာဆက်လုပ်ရမည်ဆိုသည်ကိုလည်း နားလည်လိုက်သည်။

''ကျွန်မကြိုးစားမှာပါ ဦးလေး''

''အေး . . . ကောင်းပါရဲ့ကွယ်။ ကျန်ရစ်သူ ငါ့တူမတို့အတွက် ဦးလေး တစ်ခုစီစဉ်ထားပါတယ်။ ဘာမှအားငယ်နဲ့ ဟုတ်လား''

သားနှင့်သမီးလေးအတွက် မမြင့် အားပြန်မွေးရတော့မည်။ လောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ရပေတော့မည်။

''ဟုတ်ကဲ့ပါ ဦးလေး။ ကျွန်မ အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ့မယ်''

ထို့နောက် မမြင့်သည် မန်နေဂျာဦးသော်ကောင်းအား နှုတ်ဆက်၍ ပြန်ခဲ့လေတော့၏။

[ ၆ ]

ထို့နောက်ပိုင်း မုဆိုးမတစ်ဖြစ်လဲ မမြင့်သည် သားကြီးရဲရင့်၊ သမီးငယ်သွေးတို့အား မိခင်တစ်ယောက်၏ မေတ္တာ၊ စေတနာတို့ဖြင့် လွှမ်းခြုံလျက် တည်ဆောက်ခဲ့သည်။

နေ့မနား၊ ညမနား အလုပ်ကိုကြိုးစား၏။

သို့ရာတွင် သူမအတွက် သားကြီးရဲရင့်၏ အထောက်အကူက များစွာရပါသည်။ လွန်စွာမှလည်း လိမ္မာ၍ သူမအပေါ် သိတတ်လေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် သူ၏ညီမလေး သွေးကိုချစ်လိုက်သည်မှာလည်း လွန်ရော။ သားကြီးရဲရင့်သည် ကျောင်းပိတ်ရက်နှင့် ကျောင်းမသွားမီ၊ ကျောင်းပြန်ချိန်တိုင်းတွင် အိမ်ဓာပတီရများ သူလုပ်ကိုင်တတ်သလောက် သူမအား ဝိုင်းကူပေးလေ့ရှိပါသည်။ တစ်ရွာလုံးကလည်း မိသားစုအပေါ် သိတတ်သော၊ သံယောဇဉ်ကြီးသော သားကြီးရဲရင့်အား ချီးမွမ်းပြောဆိုကြသည်။

အထူးသဖြင့် သားကြီးရဲရင့်သည် သူ၏ညီမလေးကို မည်သည့်တစ်ဦးတစ်ယောက်မျှ ပြောဆိုထိမရခြင်းပင် ဖြစ်သည်။ လက်ပေါ်က မချတော့။ ညီမဖြစ်သူကလည်း ရဲရင့်အရိပ်ပျောက်သွားသည်နှင့် အော်ငိုတော့သည်။ ရဲရင့်ရောက်လာပြီး ချော့မှ အငိုတိတ်သည်။

ထို့ကြောင့် သူတို့မောင်နှမနှစ်ယောက်၏ ဘဝရေစက်အထုံနှင့် လက်ရှိအခြေအနေကိုကြည့်ကာ မိခင်ဖြစ်သူမမြင့်ကိုယ်တိုင် အံ့သြပီတိဖြာခဲ့ရ၏။ ထိုအကြောင်းကို တစ်ရွာလုံးကတော့ ပြောမဆုံးခဲ့တော့ချေ။

ဤသို့ဖြင့် ကိုလှမောင်ဆုံးပါးသွားပြီး တစ်လကျော်ကျော်တွင် ကိုလှမောင် ဆယ်နှစ်ကျော်ကျော်လုပ်ကိုင်ခဲ့သောပွဲရုံမှ မန်နေဂျာဦးသော်ကောင်းရောက်လာသည်။

"လှကလေး ... လှကလေးအမေ မမြင့်ရှိသလား"

ဦးသော်ကောင်းက အိမ်ရှေ့တွင် ညီမဖြစ်သူအား ချော့သိပ်နေသောရဲရင့်ကို မေးမြန်းလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ ... ရှိပါတယ် ဘဘ"

ရဲရင့်သည် ဦးသော်ကောင်းကို မြင်ဖူး၊ တွေ့ဖူးရုံသာမက အတန်ငယ်လည်း သိကျွမ်းနေ၏။ သူ့ဖခင်ဆုံးပါးသွားချိန်က ဈာပနကိစ္စကို မြေကျပြီးသည့်အထိ အစစအကူညီပံ့ပိုးပေးခဲ့သူဖြစ်ခြင်းကြောင့်





ဟုလည်း ဆိုနိုင်ပါသည်။ ထို့ကြောင့် ရဲရင့်က ...

"အမေ ... ဒီမှာ ညွှေသည်ဘဘ ရောက်နေတယ်"

မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေသော မိခင်ဖြစ်သူမမြင့် ထွက်လာသည်။

"သြော် ... ဦးလေး ထိုင်ပါဦးရှင်'

မမြင့်က ဖျာတစ်ချပ်ခင်း၍ နေရာထိုင်ခင်းပေးသည်။

"ကျွန်မတို့မှာ မပြည့်စုံတော့ အားနာပါတယ်ရှင်"

"ရပါတယ်ကွယ်။ ဒါတွေ အရေးမကြီးပါဘူး။ ခုလာတာ ... မောင်လှမောင်ကိစ္စနဲ့ ပတ်သက်တယ်"

"ဟုတ်ကဲ့ ပြောပါရှင်"

ထိုအခါ ဦးသော်ကောင်းသည် အနက်ရောင်အတာချိကော့စ်အိတ်ထဲတွင် အသင့်ယူဆောင်လာသော ငွေထုပ်ကိုယူ၍ မမြင့်ထံကမ်းပေးလိုက်ရင်း ...

"ဒါကို ငါတို့မတို့ ရင်းနှီးစားသောက်ဖို့ လက်ခံလိုက်ပါ။ သူဌေးက စိစဉ်နိုင်းလိုက်တာပါ"

မမြင့် အံ့သြသွား၏။ ကမ်းပေးလာသော ငွေထုပ်ကို မယုံကြည်နိုင်စွာ ကြည့်နေမိ၏။

ထိုအချိန်၌ သားကြီးရဲရင့်လက်ထဲမှ သမီးငယ်လေးသွေးမှာ ပါးခနဲ အော်ငိုလိုက်၏။

"အို ... အို ... တိတ်ပါ ညီမလေးရယ်။ မငိုနဲ့၊ မငိုနဲ့။ မေကြီးစိတ်ညစ်လိမ့်မယ်"

သမီးငယ်လေးမှာ အငိုတိတ်သွားသည်။

ထိုအခါ ဦးသော်ကောင်းက သားကြီးရဲရင့်နှင့် သမီးငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



သွေးကို စိတ်မကောင်းစွာကြည့်လျက် ...

"ယူပါကွယ်။ သူ့ဒြေးထောက်ပံ့တာကို ဘယ်လိုမှသဘောမထားပါနဲ့။ အထူးသဖြင့် မောင်လှမောင်ရဲ့ လျော်ကြေးအတွက်လို့ မတွေးမိစေဖို့ပဲ။ သူ့ဒြေးအလုပ်မှာ မောင်လှမောင်ဟာ သက်တမ်းအကြာဆုံးနဲ့ သစ္စာအရှိဆုံးလူတစ်ယောက် ဖြစ်ခဲ့တယ်။ ဒါကြောင့် မောင်လှမောင်ဆုံးပါးသွားတာ သူ့အတွက် လက်တစ်ဖက်ပြုတ်သွားသလိုလည်း ခံစားရတယ်တဲ့။ အခုထောက်ပံ့တာက လူမမည်ကလေးနှစ်ယောက်နဲ့ ကျန်ရစ်ခဲ့တဲ့ ငါ့တူမ လုပ်ကိုင်စားသောက်ဖို့ သူ့ဒြေးက စာနာစိတ်နဲ့ထောက်ပံ့တာ။ ငါ့တူမလက်ခံလိုက်ပါ"

မမြင့်သည် ဦးသော်ကောင်းက အကျိုးသင့်၊ အကြောင်းသင့် နိုင်လုံစွာရှင်းပြလာသည့်အတွက် တစ်ဖက်၏စေတနာကို ငြင်းဆိုရန် မသင့်တော့။ မလွှဲသာ၍ လက်ခံခေါင်းညိတ်လိုက်ရတော့သည်။

"ကျေးဇူးတင်ပါတယ် ဦးလေး။ ကျွန်မ လက်ခံလိုက်ပါ့မယ်"

"အေး ... ဒီလိုမှပေါ့ကွာ။ ငါ့တူမကလေးတွေရဲ့ရှေ့ရေးက ရှိတယ်။ သားကြီးက ဘယ်နှစ်တန်းရောက်ပြီလဲ"

"ခု ငါးတန်းရောက်နေပြီ ဦးလေး"

"အေး ... အေး ... ကောင်းတယ်၊ ကောင်းတယ်။ ကလေးက ဉာဏ်ထက်မြက်ပြီး လိမ္မာမယ့်ပုံပါ။ ပြီးတော့ သူ့ညီမလေးနဲ့ မိခင်အပေါ်သိတတ်တဲ့အကြောင်း ရွာကလူတွေဆီက အမြဲကြားရတယ်"

ဦးသော်ကောင်းက သားဖြစ်သူရဲရင့်အား လှမ်းကြည့်လျက် ချီးမွမ်းစကားဆိုလိုက်သည်။

"ဟုတ်ပါတယ် ဦးလေး။ ကျွန်မသားက ကျွန်မအပေါ်ရော သူ့ညီမလေးအပေါ်ပါ သိပ်သိတတ်တာ။ ညီမကိုတော့ ဘယ်သူမှထိလို့





မရဘူး။ ခုလည်း ဦးလေးအမြင်ပဲ မဟုတ်လား။ သူ့ညီမကို သူကိုယ်တိုင်ထိန်းကျောင်းပေးနေတယ်။ သမီးကလည်း တခြားကလေးတွေလို ငိုတာတို့ဘာတို့ သိပ်မရှိပါဘူး"

မမြင့်က သူတို့မိသားစုလေး၏ နွေးထွေးမှုကို ရှင်းပြလိုက်သဖြင့် ဦးသော်ကောင်းမှာ ခေါင်းညိတ်လျက် သဘောကျသွားသည်။

"အေးကွယ် ... ကြားရတဲ့သတင်းတွေက အမှန်ပဲဖြစ်နေလို့ ဦးလေးစိတ်အေးရပါပြီ။ ကဲ ... ကဲ ... ဒီငွေတွေကို ငါ့တူမလက်ခံယူထားပေတော့"

မမြင့်က ဦးသော်ကောင်းထံမှ ငွေထုပ်ကို လက်ခံယူထားလိုက်၏။

ဦးသော်ကောင်းက ...

"ဒါ ငါ့တူမတို့ရဲ့ နွေးထွေးတဲ့မေတ္တာတရားကြောင့် အကျိုးဆက်ရရှိတယ်လို့ပဲ သဘောထားလိုက်ပါ။ ဒီငွေတစ်ဝက်ကို ကွယ်လွန်သူ မောင်လှမောင်အတွက် ကုသိုလ်ကောင်းမှုတစ်ခုခု ပြုပေးလိုက်ပါ။ ကျန်တစ်ဝက်ကို ငါ့တူမတို့အလိုရှိရာသာ သုံးပေတော့။ ကဲ ... ကဲ ဦးလေးလည်းသွားတော့မယ်။ နောက်လိုအပ်တဲ့ အခက်အခဲရှိရင်လည်း ဦးလေးကိုပြောပေါ့ ... ဟုတ်လား"

ဤသို့ဖြင့် ဦးသော်ကောင်းပြန်သွားပြီး ရက်ပိုင်းအတွင်းမှာပင် ဆွေမျိုးသားချင်းများ၊ ရပ်ရွာလူကြီးများနှင့်တိုင်ပင်ကာ ရွာဦးကျောင်းတွင် ကွယ်လွန်သူကိုလှမောင်အတွက် ဆွမ်း၊ သင်္ကန်းများကပ်လှူ၍ ရေစက်သွန်းချအမျှပေးဝေလိုက်၏။

"အမျှ ... အမျှ ... အမျှ ... ကိုလှမောင်ရေ။ ကြားရာအရပ်က သာဓုခေါ်ပြီး ကောင်းမွန်တဲ့ဘုံဘဝကို ရောက်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကောင်းမှုပြုပေးလိုက်သည့်နေ့က တစ်ရွာလုံးလိုလိုပင် ကိုလှမောင်အတွက် သာဓုအနုမောဒနာ ခေါ်ပေးလိုက်ကြသည်။

ထို့နောက်ပိုင်း မမြင့်သည် ကျန်ရှိသောငွေတစ်ဝက်ကို သားကြီးရဲရင့်ကျောင်းစရိတ်ကို ဖယ်ထားပြီ ကျန်သောငွေဖြင့် အိမ်ရှေ့ဆိုင်ကလေးတည်ကာ သားအမိသုံးယောက်၏ဘဝကို ထဲထဲဝင်ဝင်ရုန်းကန်ရတော့လေသည်။ တစ်ချိန်က အေးအေးလူလူ နေခဲ့ရသော်လည်း ယခု မနေရတော့ပြီ။

❀ ❀ ❀

[ ၇ ]

❑

ဤသို့ဖြင့် ရက်မှလ၊ လမှနှစ်သို့ပင် တိုင်ခဲ့လေပြီ။

ယခုဆိုလျှင် သမီးလေးသွေးမှာ လေးတန်းကျောင်းသူအရွယ်သို့ ရောက်ရှိလာပြီဖြစ်၏။

ထိုအချိန်မှပင် သူမတို့၏မိသားစုဘဝလေးထဲ ပတ်ဝန်းကျင်၏ရိုက်ခတ်မှုက အဆိုးဝါးဆုံးဖြစ်လာတော့သည်။

သမီးလေးသွေး လူဝင်စားဟူ၍လည်းကောင်း၊ စုန်းမဟူ၍လည်းကောင်း အမျိုးမျိုးသမုတ်ခဲ့ကြခြင်းကြောင့်ပင်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးသွေးကိုယ်တိုင်ကလည်း စကားကို လည်လည်ပတ်ပတ်ပြောဆိုနိုင်သော ဤအရွယ်ရောက်မှပင် မကြာခဏ ထူးဆန်းသောကိစ္စများကို ကြိုတင်ဟောကိန်းထုတ် သတိပေးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ကျောင်းတွင်လည်း သမီးလေးသွေးကို စုန်းမဟူ၍ အထင်အစွဲရှိကာ အဆက်အဆံသိပ်မလုပ်ကြပေ။

တစ်ခါက အတန်းပိုင်ဆရာမ ရေကြောင်းခရီးထွက်ခါနီးအချိန်တွင် သမီးလေးသွေးက သူမ၏ဆရာမကို ပြောဆိုသတိပေးလိုက်ရင်း-

"ဆရာမ ... မနက်ဖြန် ခရီးမထွက်ပါနဲ့။ အန္တရာယ်နဲ့ကြုံလိမ့်မယ်"

"ဘာဖြစ်လို့လဲ သမီး"

"သမီးညက အိပ်မက်ထဲမှာ စက်လှေတစ်စီးမှောက်တာကို မြင်မက်တယ်"

ထိုကဲ့သို့ သတိပေးလိုက်သဖြင့် ထိုနေ့က ဆရာမ ခရီးမသွားဖြစ်ခဲ့ချေ။

သို့ဖြင့် ညနေပိုင်းသို့ရောက်သောအခါ စက်လှေမှောက်ကြောင်းသတင်းကို တိုက်ဆိုင်စွာကြားသိလိုက်ရသဖြင့် ဆရာမကိုယ်တိုင် အံ့သြထိတ်လန့်သွားခဲ့ရ၏။

ထို့ကြောင့် သမီးလေးသွေးကို ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောဆိုလေ၏။

တစ်ခါကလည်း ရွာမှ တောခုတ်သွားမည့် လူတစ်စုကိုလည်း အချိန်မီလိုက်တားခဲ့၏။

"ဦးဦးတို့ ... ထင်းသွားမခုတ်ကြပါနဲ့။ အန္တရာယ်ရှိတယ်"





"သမီးက ဘယ်လိုသိတာလဲ"

"ညက တောမီးလောင်တယ်လို့ အိပ်မက် မက်တယ်"

ဤသို့ဖြင့် ထိုနေ့ နေ့လယ်ခင်းမှာပင် တောမီးလောင်သောအခြေအနေဆိုးတစ်ခုကို တစ်ရွာလုံး အံ့သြဖွယ်ကြုံရတော့၏။

ထိုသို့ကြောင့် သမီးလေးသွေးအပေါ် တစ်ရွာလုံးက အမျိုးမျိုးထင်ကြေးပေး၍ ခေါ်ဝေါ်သမုတ်ကြတော့သည်။

တချို့ကလေးများဆိုလျှင် သမီးလေးသွေးကို ဝေးဝေးကရှောင်ကြသည်။

ထိုအခြေနေကိုကြည့်၍ မိခင်ဖြစ်သူ မမြင့်ကိုယ်တိုင် စိတ်မကောင်းခဲ့ချေ။ သို့သော် သားကြီးရဲရင့်က သမီးလေးအနားတွင်း အမြဲတစေရှိနေ၍ စိတ်အေးရတော့သည်။ နို့မဟုတ်လျှင် သမီးလေးတစ်ယောက်တည်း အထီးကျန်မှာသေချာသည်။ သားကြီးရဲရင့်ကလည်း သူ့ညီမအပေါ် သိပ်အလိုလိုက် သိပ်ချစ်ရှာလွန်းသည်။ အမြဲပူဆာသမျှလုပ်ဆောင်ပေးလေ့ရှိ၏။

တစ်ခါကလည်း ရွာထဲက သားကြီးရဲရင့်နှင့် ရွယ်တူရှိသော ချစ်စိန်ဆိုသည့်ကောင်လေးကို သမီးလေးသွေးမှ သတိပေးစကားဆိုကာ တားမြစ်ခဲ့၏။

"ကိုကြီးချစ်စိန်၊ နင်တောထဲ မသွားနဲ့။ အန္တရာယ်ရှိတယ်"

"နင်က ဘာမို့လို့လဲ။ စုန်းမလား။ ငါလုံးဝ အယုံအကြည်မရှိဘူး။ မယုံရင် နင်နဲ့ငါလောင်းမလား"

"သမီးမလောင်းချင်ပါဘူး။ ဒါပေမဲ့ ကိုကြီးချစ်စိန် တောထဲမှာ မြွေကိုက် (ပိုးထိ)ခံရတယ်လို့ အိပ်မက်မက်တယ်"

"သွားစမ်းပါဟာ။ ယုံတမ်းစကားတွေ လာမပြောစမ်းနဲ့။ ငါ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဘယ်သူတားတား သွားမှာပဲ"

ဟုပြောဆိုကာ အတင်းဖွတ်တရွတ် ထွက်သွားသည်။

မကြာပါ။ ချစ်စိန်ပိုးထိကြောင်း သတင်းဆိုးကို ကြားရတော့၏။ မြို့ဆေးရုံတင်ပို့သော်လည်း လမ်းတစ်ဝက်မှာတင် အသက်ဆုံးသွားရှာ၏။

ထိုနေ့မနက်က သတိပေးရင်း သမီးလေးသွေးနှင့် အချေအတင်များခဲ့သောကိစ္စအား လူတချို့ကသိထားကြ၍ ထိုသတင်းမှတစ်ဆင့် သမီးလေးသွေးသည် မကျေနပ်ဖြစ်ကာ စုန်းပညာဖြင့်ပြုစားလိုက်ကြောင်း ပြောဆိုစွပ်စွဲကြကုန်တော့၏။

သမီးလေးသွေးနှင့်ပတ်သက်ပြီး သတင်းဆိုးက တစ်နေ့တခြား ဆိုးဝါးလာသဖြင့် မိခင်ဖြစ်သူမမြင့်မှာ ပို၍ စိတ်မကောင်းဖြစ်ရသည်။

ထို့ကြောင့် သမီးလေးသွေးကိုလည်း နောက်နောင် ထိုကဲ့သို့ မပြောဆိုရန် သတိပေးရ၏။

"အမေကလည်း သမီးက ဘာမှားတာလုပ်လို့လဲ။ သူတို့ အန္တရာယ်ရှိလို့ စေတနာနဲ့ သတိပေးတဲ့ဟာ"

"ဘာပဲဖြစ်ဖြစ် သမီးရယ်။ စေတနာဟာ ဝေဒနာဖြစ်တယ် သမီး။ အမေ့စကားကို နားထောင်ပါနော်"

"အမေကရော သမီးဟာ လူဝင်စားတာတဲ့။ စုန်းမတို့ဆိုတာကို ယုံသလား"

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ်။ အမေက ဝမ်းနဲ့လွယ် မွေးခဲ့ရတဲ့အမေပါ။ ဒီကိစ္စ ဘယ်လိုဖြစ်နိုင်မလဲ"

"ဒါဆိုရင်လည်းပြီးတာပဲ အမေရယ်။ ဘယ်သူတွေဘာပြောပြော ဂရုစိုက်စရာလား။ ညီမလေးနဲ့ပတ်သက်ရင် သားလုံးဝ သည်းခံ





မှာမဟုတ်ဘူး။ အားလုံးကို ရင်ဆိုင်ရဲတယ်"

သားကြီးရဲရင့်ကပါ ပတ်ဝန်းကျင်က ပြောဆိုကြသည့် စကားများအတွက် မကျေမနပ်ပြောဆိုလေတော့၏။

"အင်း ... မင်းတို့မောင်နှမ နှစ်ယောက်နဲ့တော့ သိပ်ခက်တယ်ကွယ်။ ကဲ ... ကဲ ... ဒါတွေ ထားလိုက်ပါတော့။ အမေ ဟိုဘက်ရွာသွားစရာရှိတယ်။ ညီမလေးနဲ့အိမ်ဆိုင်ကို ကြည့်ထားလိုက်ဦး"

ထိုကဲ့သို့ပြောဆိုပြီး မိခင်ဖြစ်သူမမြင့် တစ်ဖက်ရွာသို့ ထွက်သွား၏။

ညမိုးချုပ်မှ ပြန်ရောက်လာသည်။

သားကြီးရဲရင့်က အိမ်တွင် ချက်ပြုတ်ထားသဖြင့် မမြင့် မပင်ပန်းတော့ချေ။

ဤသို့ဖြင့် တစ်ညနေတွင် ...

"အစ်ကိုကြီး ... ညီမလေးကိုလိုက်ပို့"

ညီမဖြစ်သူသွေးမှ အစ်ကိုဖြစ်သူရဲရင့်ထံတွင် တောင်းဆိုလိုက်သည်။

"ညီမလေးက ဘယ်သွားချင်လို့လဲ"

"ရွာသင်္ချိုင်းကုန်းကို"

"ဟင် ... ဘာသွားလုပ်ချင်လို့တုံး ညီမလေးရဲ့"

"အဖေ့ရဲ့မြေပုံကို သွားကြည့်ချင်လို့"

"ဩော် ... ညီမလေးရယ်။ အဖေ့မြေပုံက ဒီလောက်နှစ်တွေကြာနေမှဟာ"

"အို ... ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးလိုက်ပို့ရမယ်။ ညီမလေး သွင်းချင်လို့ လိုက်ပို့ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ညီမဖြစ်သူက အတင်းပူဆာ တောင်းဆိုလာသဖြင့် ရဲရင့် မငြင်းသာတော့။

"ကဲ ... ညီမလေးစိတ်ကျေနပ်အောင် အစ်ကိုကြီးလိုက်ပို့မယ် ... ဟုတ်လား"

"ဟေး ... ဒါမှ တို့အစ်ကိုကြီးကွ"

ဤသို့ဖြင့် ရဲရင့်သည် မိခင်ထံတွင်ခွင့်တောင်းကာ ရွာအစွန်သင်္ချိုင်းရှိရာသို့ ညီမဖြစ်သူသွေးဆန္ဒအရ လိုက်ပို့ဖြစ်သည်။

ရွာအစွန်ရှိ သင်္ချိုင်းသို့ရောက်သောအခါ ဖခင်ဖြစ်သူ၏မြေပုံကို ရှာကြသည်။

အတော်နှင့်မတွေ့။

ထိုအချိန်မှာ သူတို့မောင်နှမအနားသို့ ယောဂီဝတ်အဘိုးအိုတစ်ဦးရောက်လာပြီး ...

"အိမ်း ... လူကလေးတို့ဖခင်ရဲ့မြေပုံကို ရှာနေတာမဟုတ်လားကွယ်"

မေးလာသောအဘိုးအိုအား ဤသင်္ချိုင်းတွင် တစ်ကြိမ်တစ်ခါသော်မျှမတွေ့ဖူး၍ အံ့သြသွားသည်။ ရဲရင့်က ...

"ဟုတ်ပါတယ် ... အဘိုး။ ဒါနဲ့ အဘိုးကို ဒီမှာတစ်ခါမှ မတွေ့ဖူးဘူးထင်တယ်"

မေးလိုက်သဖြင့် အဘိုးအိုက တည်ငြိမ်စွာခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်ပါတယ်ကွယ်။ အဘိုးက ဂန္ဓာရီခရီးသွားတစ်ဦးပါ။ မကြာခင်ရက်ကမှ အဓိဋ္ဌာန်ကြောင့် ဒီလိုရောက်လာတာပါ"

"ဒါဆို ကျွန်တော်တို့အဖေရဲ့မြေပုံ ဘယ်မှာရှိတယ် သိနိုင်ပါ့လား"

အမေးအမြန်းနှင့် အတွေးအခေါ်ရှိသော ရဲရင့်၏မေးမြန်းချက်ကို အဘိုးအိုမှာ လွန်စွာမှ သဘောကျသွား၏။ ထို့ကြောင့် ယောဂီဝတ်အဘိုးအိုက ...

"လူကလေးရဲ့မေးခွန်းကိုတော့ သဘောကျသဟေ့။ အဘိုး ဒီကိုရောက်တာ ရက်ပိုင်းလောက်ရှိပေမဲ့ ဒီသင်္ချိုင်းထဲမှာ ဘယ်နေရာကဘာရှိတယ်ဆိုတာ အကုန်သိပြီးပြီကွယ့်"

"ဒါဆိုရင် ကျွန်တော့်အဖေရဲ့မြေပုံကို ပြပါဦး"

"ရှေ့မှာမြင်ရတဲ့ မြေပုံအဟောင်းဟာ လူကလေးတို့အဖေရဲ့မြေပုံပဲကွယ့်"

"ဟုတ်လား။ အဘိုးက ကျွန်တော်တို့အဖေမှန်း ဘယ်လိုကဘယ်လို ..."

အမေးအမြန်းထူပြီး ကျိုးကြောင်းဆီလျော်သော ရဲရင့်၏မေးမြန်းချက်များကြောင့် အဘိုးအိုက ပြုံးလိုက်၏။

"ဒီလိုကွယ့်။ မနေ့က ရွာကလူတစ်ယောက် ဒီကိုရောက်လာတယ်။ ဦးသော်ကောင်းတဲ့။ ကိုလှမောင်ဆိုတဲ့ မြေပုံကဆိုင်းဘုတ်ဟာ ဆွေးမြည့်ပြီးသံပြုတ်နေလို့ မနေ့ကမှ သံပြန်ရိုက်ဖို့ အဘိုးနေတဲ့နေရာမှာ ရွှေ့ထားခဲ့တာ။ အဲဒီ ဦးသော်ကောင်းဆိုတဲ့လူကြီးက အဘိုးထံမှာ အကူအညီတောင်းလို့ပါ။ ဒါနဲ့ အဘိုးက ကိုလှမောင်ဆိုသူအကြောင်းကို စိတ်ဝင်စားလို့မေးမြန်းတော့ သူတို့မိသားစုလေးအကြောင်းကို စိတ်မကောင်းစွာနဲ့ ရှင်းပြလို့သိခဲ့ရတယ်။ ဒါကြောင့် လူကလေးတို့မောင်နှမနှစ်ယောက်ကို တွေ့လိုက်တဲ့အချိန်မှာ လူကလေးတို့ပဲဆိုတာ အတပ်သိလိုက်တာ။ ကဲ ... ကဲ ... အဘိုးနေတဲ့နေရာမှာ လူကလေးတို့ဖခင်







www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မြေပုံဆိုင်းဘုတ်ကိုယူပြီး ဒီနေရာမှာ ပြန်စိုက်ခဲ့ကြဦး''

သို့ဖြင့် ရဲရင့်တို့မောင်နှမသည် ယောဂီဝတ်အဘိုးအိုနှင့်အတူ ဆိုင်းဘုတ်ကိုယူပြီး မြေပုံပြန်စိုက်လိုက်ကြ၏။ ထို့နောက် ယောဂီဝတ် အဘိုးအိုနှင့် စကားတွေလက်ဆုံကျပြီးနောက် အိမ်သို့ပြန်ခဲ့ကြ၏။

ဤသို့ဖြင့် ရဲရင့်တို့မောင်နှမသည် ယောဂီဝတ်အဘိုးအိုရှိရာ ရွာအစွန်သချိုင်းသို့ မကြာခဏ ရောက်ဖြစ်ခဲ့ကြ၏။

အဘယ်ကြောင့်ဆိုသော် ညီမဖြစ်သူသွေးမှ မကြာခဏပူဆာ သောကြောင့် လိုက်ပို့ခဲ့ရခြင်းပင်။

ယောဂီဝတ်အဘိုးအို စားသောက်ဖို့အတွက် ရဲရင့်တို့မောင်နှမ သည် တစ်ခါတစ်ရံ စားစရာများယူဆောင်သွားတတ်ကြ၏။

တစ်ခါတွင် ရဲရင့်သည် ညီမဖြစ်သူ သွေးနှင့်ပတ်သက်ပြီး ရွာကလူများ အထင်အမြင်လွဲပြီး တစ်ယူသန်အစွဲရှိနေခြင်းကို အဘိုးအို ထံ၌ မေးမြန်းဖြစ်လိုက်၏။

ထိုအခါ အဘိုးအိုက အလေးအနက် နားထောင်လိုက်ပြီး စကားဆုံးသည့်အခါ ...

''အိမ်း ... လူဆိုတဲ့သတ္တဝါတွေဟာ တရားသေဝါဒကို အကြွင်းမဲ့ယုံကြည်ကြတယ်။ အဲဒီ တရားသေဝါဒကို ဆုပ်ကိုင်ထားသမျှ အမုန်တရားနဲ့ ဝေးနေကြဦးမှာပဲ။ ဒီမှာ လူကလေး၊ လူကလေးရဲ့ညီမ လေးမှာ သူတို့သတ်မှတ်သလို ဘာလှူဝင်စား၊ ဘာစုန်းမမှ မဟုတ်ဘူး။ တကယ့်တော့ လူကလေးတို့နားလည်အောင် ရှင်းပြရရင် ဒီကသမီး လေးမှာ သာမန်လူတွေနဲ့မတူတဲ့ ဘဝအဆက်ဆက်က ကျင့်ကြံခဲ့တဲ့ ပါရမီတစ်ခု၊ ထူးခြားတဲ့ အစွမ်းသတ္တိတစ်မျိုးပေါ့ကွယ်။ ဘာကြောင့်ရှိ သလဲဆိုတော့ ဘဝအဆက်ဆက်က ကျင့်ကြံမှုနဲ့ ဆုတောင်းကြောင့်ပဲ။





ဒါကြောင့် ဒီဘဝမှာ သူများမမြင်နိုင်တာ၊ မသိနိုင်တာတွေကို ကြိုမြင် တယ်၊ ကြိုသိတယ်။ ဒါဟာ ထူးကဲတဲ့ စွမ်းအင်တစ်မျိုး၊ အထူးသဖြင့် ဉာဏ်ပညာအမြင်ပေါ့။ နားလွယ်ဆုံးပြောရရင် ထူးခြားတဲ့ အမြင်စွမ်း အင်တစ်မျိုးပေါ့။ ဒီလိုပါရမီရှင်တွေ အများအပြားရှိတယ်လို့လည်း ဘုရား ရှင်က ဟောကြားထားတာကွယ့်''

''ဒါဆို ညီမလေးမှာ အများမြင်သလို၊ လှူဝင်စားတို့၊ စုန်းမ တို့ဆိုတာ မဟုတ်ဘူးပေါ့''

''အမှန်ပေါ့ကွယ်။ လူတွေက ဒါကြောင့် အမှန်တရားနဲ့ ဝေး နေတာလို့ ပြောတာပေါ့။ ကဲပါ ... လူကလေးရယ်။ ခုချိန်မှာ ဒါတွေ ကို မတွေးတာအကောင်းဆုံးပဲ။ တစ်ချိန်ချိန်မှာတော့ လူကလေးတို့ အရွယ်ရောက်ပြီး သိလာကြမှာပါ။ ဘယ်သူတွေဘာပြောပြော၊ ဘာဆို ဆို၊ ခေါင်းထဲမထားနဲ့။ သည်းခံခွင့်လွှတ်စိတ်နဲ့ပဲ မေတ္တာထားပါ။ မေတ္တာ ဟာ အရာရာကို အောင်စေနိုင်တဲ့ လက်နက်ပဲကွယ့်''

''ဟုတ်ကဲ့ပါ အဘိုး''

''သမီးလည်း နားလည်ပါပြီ အဘိုး''

ထိုနေ့က ယောဂီဝတ်အဘိုးအို၏ ဆိုဆုံးမမှုများကြောင့် ရဲရင့် နှင့် ညီမဖြစ်သူ သွေး အားလုံးကိုနားလည်ပြီး ပြန်ခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## [ ၈ ]

❑

ရဲရင့်နှင့် ညီမဖြစ်သူသွေး အိမ်ပြန်နောက်ကျနေသဖြင့် မိခင်က မေးမြန်းသည်။

ထိုအခါ ရဲရင့်က အမှန်အတိုင်းရှင်းပြလိုက်၏။

"ညီမလေးက ရွာအစွန်သချိုင်းက အဖေ့မြေပုံကို ကန်တော့ချင်လို့ပူဆာတာနဲ့ လိုက်ပို့တာ။ ဟိုမှာ ယောဂီဘဘတစ်ဦးနဲ့တွေ့ပြီး ရင်းနှီးခဲ့တယ်။ ခုလည်း ညီမလေးသွားချင်တယ်ပူဆာလို့ လိုက်ပို့တာ"

"အမေက သားနဲ့သမီးကိုမတွေ့လို့ စိတ်ပူနေတာ။ နေစမ်းပါဦးကွယ်။ သချိုင်းကို သားတို့မောင်နှမနှစ်ယောက်တည်းသွားတာ မကြောက်ဘူးလား"

"မကြောက်ပါဘူး။ ယောဂီဘိုးဘိုးက ပြောတယ်။ သချိုင်းဆိုတာ တကယ်တော့ ကြောက်စရာကောင်းတဲ့အရပ် မဟုတ်ဘူးတဲ့။ လူ





တွေရဲ့ တရားရရာအရပ်လို့ ပြောတယ်"

"ဟုတ်တယ် အမေရဲ့၊ သမီးကိုတောင် အများက သတ်မှတ်သလို စုန်းတို့၊ လူ့ဝင်စားတို့မဟုတ်ဘူးတဲ့။ အများနဲ့မတူတဲ့ ဘဝအဆက်ဆက်က ပါရမီတွေလို့ပြောတယ်"

ရဲရင့်နှင့်အတူ ညီမဖြစ်သူသွေးပါ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။ မိခင်မမြင့်က ခေါင်းတဆတ်ဆတ်ညိတ်၍ ကျေနပ်သွားဟန်ပြသည်။

"ဒါပေါ့ သမီးရယ်။ သမီးကို အမေကိုယ်တိုင်မွေးထုတ်ခဲ့တာ သိတာပေါ့။ အမေက လည်လည်ဝယ်ဝယ်မပြောတတ်လို့ လူ့ဝင်စားတို့၊ စုန်းတို့မဟုတ်ဘူးလို့ပဲ အလွယ်ပြောခဲ့တာ"

"အဲဒီ ယောဂီဘိုးဘိုးက ဒီရွာက သချိုင်းမှာ ရက်အကန့်အသတ်မရှိ အဓိဋ္ဌာန်ဝင်ဦးမှာလို့ပြောတယ်။ ယောဂီဘိုးဘိုးက အရမ်းသဘောကောင်းတာပဲ အမေရဲ့"

"ဒါဆိုလည်း အမေစိတ်အေးသွားပါပြီ။ ဒါပေမဲ့ သားနဲ့သမီး အဲဒီကိုသွားရင် အမေ့ကိုတော့ အသိပေးသွားကြဦး"

"ဟုတ်ကဲ့ မေမေ"

"ဟုတ်ကဲ့ပါ မေမေ"

"ကဲ ... ကဲ ... သားတို့သမီးတို့ ထမင်းစားကြတော့။ ပြီးရင် အိမ်စာတွေလုပ်ရဦးမယ် မဟုတ်လား"

ရဲရင့်နှင့် ညီမဖြစ်သူသွေးက ခေါင်းညိတ်၍ ထမင်းစားရန်အတွက် မီးဖိုချောင်ထဲသို့ တက်ကြွစွာ သွားရောက်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

❑

ဤသို့ဖြင့် မကြာမီတစ်ရက်တွင် ရွာအစွန်သချိုင်းကုန်းမှ ယောဂီဝတ်အဘိုးအိုရှိရာသို့ ရဲရင့်နှင့်ညီမဖြစ်သူသွေးတို့ ရောက်ရှိသွားကြ၏။

ထိုအချိန်၌ ယောဂီဝတ်အဘိုးအို တရားဓမ္မအလုပ်ကို ပြုလုပ်နေသဖြင့် ရဲရင့်နှင့်ညီမဖြစ်သူသွေးမှာ ဖခင်ရှိရာမြေပုံသို့ သွားရောက်၍ ကန်တော့လိုက်ကြ၏။

မြေပုံဘေးရှိ မြက်ပင်နှင့် အခြားအမှိုက်သရိုက်များကိုလည်း သန့်ရှင်းရေးပြုလုပ်လိုက်ကြသည်။





ထိုသို့ ပြုလုပ်ပြီးချိန်မှာပင် သူတို့အနားသို့ ယောဂီဝတ် အဘိုးအို ရောက်လာ၏။

"အိမ်း ... သာဓုကွယ် ... သာဓု ... သာဓု"

"ဟာင် ... ဘိုးဘိုး"

"ဘိုးဘိုး"

ရဲရင့်တို့မောင်နှမနှစ်ယောက် လုပ်လက်စကိုသိမ်းလိုက်သည်။

"လူကလေးတို့မောင်နှမရောက်နေတာ ကြာပြီလားကွယ့်"

"မကြာသေးပါဘူး ဘိုးဘိုး။ ဘိုးဘိုး အလုပ်ပျက်မှာစိုးလို့ အဖေ့မြေပုံလာပြီး သန့်ရှင်းရေးလုပ်နေတာ"

"အိမ်း ... ကောင်းသောအလုပ်ဖြစ်လို့ ဘိုးဘိုးသာဓုခေါ်တာပေါ့ကွယ်"

ရဲရင့်က ရှင်းပြလိုက်သဖြင့် ယောဂီဝတ်အဘိုးအိုက ခေါင်းညိတ်ပြီး ကောင်းချီးပေးလေ၏။

"ဒါနဲ့ လူကလေးတို့လာတာ အကြောင်းကိစ္စရှိသေးလား"

"မရှိပါဘူး ဘိုးဘိုး။ ဘိုးဘိုးကိုလည်း မတွေ့တာကြာလို့။ ပြီးတော့ အဖေ့မြေပုံကိုလည်း ညီမလေးကကြည့်ချင်လို့ လာခဲ့တာ"

ရဲရင့်က ရှင်းပြလိုက်ခြင်းဖြစ်သည်။

"အင်း ... လူကလေးတို့လာတာနဲ့ အတော်ပဲ။ လူကလေးတို့မောင်နှမကို ဘိုးဘိုး ထူးဆန်းတာတစ်ခု ပြောစရာရှိတယ်"

ယောဂီဝတ်အဘိုးအိုက တည်ငြိမ်လေးနက်စွာ ပြောလိုက်သဖြင့် ရဲရင့်တို့မောင်နှမမှာ ရင့်ကျက်သောလူကြီးများပမာ ငြိမ်သက်၍ နားထောင်လိုက်၏။

"ညက ဘိုးဘိုးရဲ့အိပ်မက်ထဲမှာ လူကလေးတို့ခြံရဲ့ ခေါင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



က သရက်ပင်ကြီးအောက်မှာ အရောင်တွေ တလက်လက်တောက်နေတာကို မြင်ရတယ်''

''ဟင် . . . ဟုတ်လား ဘိုးဘိုး''

''အဲဒါ ဘာတွေလဲ ဘိုးဘိုး''

ရဲရင့်တို့မောင်နှမ တအံ့တသြဖြစ်သွားကြ၏။ စိတ်ဝင်စားလွန်းသဖြင့် မေးမြန်းခြင်းလည်း ပြုလိုက်သည်။

''အင်း . . . ဘိုးဘိုးရဲ့စိတ်ထင် အဲဒီသရက်ပင်ကြီးအောက်မှာ ထူးဆန်းတာတစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်''

''ဒါဆိုရင် ကျွန်တော်တို့က ဘာလုပ်ရမှာလဲ ဘိုးဘိုး''

ရဲရင့်က မေးမြန်းလိုက်သည်။ ယောဂီဝတ်အဘိုးအိုက တစ်ချက်စဉ်းစားဟန်ပြုလိုက်ပြီး . . .

''အိမ်ရောက်တဲ့အခါ လူကလေးတို့ရဲ့မိခင်ကို အကျိုးအကြောင်းပြောပြီး သရက်ပင်ကြီးအောက် တူးကြည့်ရင် အဖြေသိနိုင်တယ်''

''ဟာ . . . ဟုတ်တယ် ဘိုးဘိုး။ ကျွန်တော်တို့မောင်နှမ အမေ့ကို အကျိုးအကြောင်းပြောပြီး သရက်ပင်ကြီးအောက် တူးကြည့်မှ။ ဒါမှ ဘာရှိမလဲဆိုတာ သိနိုင်မှာ''

ဤသို့ဖြင့် ရဲရင့်တို့မောင်နှမသည် ယောဂီဝတ်အဘိုးအိုထံမှ ပြန်လာပြီး အိမ်ရောက်သည့်အခါ မိခင်ဖြစ်သူ မမြင့်အား အကျိုးအကြောင်း ပြောပြလိုက်၏။

သို့ရာတွင် မိခင်ဖြစ်သူက မယုံချေ။

သို့သော် ရဲရင့်တို့မောင်နှမ အတင်းပြောမှပင် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် တူးခွင့်ပေးလိုက်သည်။

ရဲရင့်တို့မောင်နှမ ဝမ်းသာသွားပြီး အိမ်ခေါင်းရင်းရှိ သရက်





ပင်ကြီးအောက်ခြေကို တူးလိုက်ကြ၏။

အတော်အတန်နက်သောအခါ အမာပစ္စည်းတစ်ခုကို 'ဒုတ်' ခနဲ ထောက်မိလေသည်။

ထို့ကြောင့် ရဲရင့်သည် မနားတမ်း ထိုအမာပစ္စည်းထောက်မိရာနေရာအား ဘေးပတ်ချာလည်မှစိုက်ပြီး တူးလိုက်သဖြင့် နောက်ဆုံးတွင် ရွှေဟောင်းသေတ္တာလေးတစ်လုံးကို တူးဖော်ရရှိလေတော့၏။

ထိုအခါ ရဲရင့်က မိခင်ဖြစ်သူ မမြင့်ကိုခေါ်ပြီး ထိုသေတ္တာလေးအား ပြလိုက်၏။

မမြင့်လည်း မယုံကြည်နိုင်။ အံ့သြစိတ်ဝင်စားပြီး ထိုသေတ္တာကို ဖွင့်ကြည့်လိုက်ရာ အထဲမှ လက်ဝတ်ရတနာအချို့နှင့် စာတစ်စောင်ကို တွေ့လိုက်ရတော့သည်။

ထိုစာကို အသေအချာကြည့်သောအခါ ကိုလှမောင်မသေဆုံးမီက ရေးခဲ့သောစာဖြစ်နေ၏။

ထို့ကြောင့် မိခင်ဖြစ်သူမမြင့်သည် အံ့သြနားမလည်စွာဖြင့် ထိုစာကို ဖတ်ကြည့်လိုက်လေတော့၏။

*ကျွန်ုပ်၏မယားနှင့် သားသမီးများအတွက် အနှစ်နှစ်အလလစုဆောင်းပြီး ဤရတနာပစ္စည်းများကို မြှုပ်နှံထားခဲ့ခြင်းဖြစ်ပါသည်။*

*ဤစာနှင့်ရတနာများကို တွေ့ရှိရသောအချိန်၌ တစ်ဝက်ကိုလှူဒါန်းပြီး ကျန်တစ်ဝက်ကို လိုရာအသုံးပြုနိုင်ပါသည်။*

**(လှမောင်)**

ဟူ၍ ရေးထားသောစာဖြစ်လေ၏။ ရက်စွဲအတိအကျကိုတော့ ရေးမထားခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်သူ ခင်ပွန်းဖြစ်သူအတွက် မမြင့်မှာ ပို၍ စိတ်မကောင်းဖြစ်မိသလို ဤကဲ့သို့ အမြော်အမြင်ကြီးမားခဲ့သော ခင်ပွန်းဖြစ်သူအား ပို၍ သတိရအောက်မေ့မိတော့၏။

မိခင်ဖြစ်သူမမြင့်သည် ထိုစာကိုဖတ်ရင်း လက်များတဆတ်ဆတ်တုန်၍ မျက်ရည်များကျလာသည်။

"ကိုလှမောင်ရယ်။ ရှင့်ရဲ့ကျေးဇူးတွေကို ကျွန်မတို့သားအမိတွေ ဘယ်လိုဆပ်ကုန်နိုင်တော့မလဲရှင်"

ပြောပြီး ရှိုက်ကြီးတငင် ငိုကြွေးလေတော့၏။

ထိုအချိန်မှာ ယောဂီဝတ်အဘိုးအို ရောက်လာပြီး ...

"စိတ်မကောင်းမဖြစ်ပါနဲ့ မိန်းကလေး။ ကျွန်ုပ်ချစ်သူ မိန်းကလေးတို့မိသားစုအတွက် သူ့ရဲ့ မေတ္တာတရားနဲ့စေတနာဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ ဒါဟာ လက်တွေ့ပဲမဟုတ်လား"

ထိုအခါ မိခင်ဖြစ်သူ မမြင့်က ယောဂီဝတ်အဘိုးအိုကို အံ့ဩစွာကြည့်လိုက်၏။ ပြီးမှ သားနှင့်သမီးပြောထားသည်ကို အမှတ်ရပြီး ယောဂီဝတ်အဘိုးအိုအား မည်သူမည်ဝါဖြစ်ကြောင်း နားလည်လိုက်၏။

"ကျွန်မ မယုံနိုင်လွန်းလို့ပါ အဘရယ်"

"လောကကြီးမှာ ဒီထက်မယုံကြည်နိုင်စရာတွေက အများကြီးပဲ။ ဒီတော့ မိမိလုပ်သင့်လုပ်ထိုက်တာကိုပဲ စဉ်းစားပါ"

ယောဂီဝတ်အဘိုးအိုကပြောပြီး နေရာမှ ပြန်ထွက်ခွာသွား၏။

ထွက်ခွာသွားပြီး အတန်ကြာမှ ယောဂီဝတ်အဘိုးအိုအား ကျေးဇူးတင်စကားလေးတောင် မပြောလိုက်မိသည့်အတွက် စိတ်မကောင်းဖြစ်သွားသည်။

ထို့နောက် မိခင်ဖြစ်သူ မမြင့်သည် ခင်ပွန်းဖြစ်သူစာထဲ၌





မှာထားသည့်အတိုင်း ရတနာပစ္စည်းများကို နှစ်ပုံပုံ၍ တစ်ပုံကို ခင်ပွန်းဖြစ်သူအတွက်ရည်စူး၍ ရွာဦးကျောင်း၌ ဇရပ်တစ်ဆောင်ဆောက်လုပ်ကာ ရေစက်သွန်းချ အမျှပေးဝေလိုက်သည်။ ကျန်ရှိသောတစ်ဝက်ကိုတော့ အိမ်ဈေးဆိုင်ကို ထပ်မံတိုးချဲ့၍ လုပ်ကိုင်လိုက်လေတော့၏။

သို့ဖြင့် ထိုသို့ပြုလုပ်ပြီးနောက်ပိုင်း လပိုင်းအတွင်းမှာပင် သိသိသာသာကြီး စီးပွားများတက်လာသဖြင့် တစ်ရွာလုံး မနာလိုဖြစ်လာကြတော့သည်။

အဆိုးဆုံးကား သမီးလေးသွေးအား စုန်းမဟူ၍ စွပ်စွဲပြောဆိုကာ ထိုးနှက်ကြခြင်းပင်ဖြစ်သည်။

တစ်နေ့တွင် သမီးလေးသွေးမှ ဈေးရောင်းချနေသော မိခင်ဖြစ်သူအပါးသို့ ရောက်လာပြီး ...

"အမေ"

"ဘာလဲ သမီး"

"အမေ့ကို သမီးပြောစရာရှိလို့"

ထိုအချိန်မှာ အစ်ကိုဖြစ်သူ ရဲရင့်လည်း အနားသို့ရောက်လာသည်။

"ဘာကိစ္စလဲ ညီမလေး။ အမေ့ကို ဘာပူဆာမလို့လဲ"

"မဟုတ်ပါဗျ အစ်ကိုကြီးရာ။ ညီမလေးပြောမှာက တခြားပါ"

သမီးလေးသွေးသည် အရွယ်နှင့်မလိုက်အောင် ချက်ချာသွက်လက်လွန်းလှသည်။ ထို့ကြောင့် သူမအပေါ် တစ်ရွာလုံးက အမြင်တစ်မျိုးဖြင့် သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

"ဒါဆိုလည်း ပြောလေ။ ဘာကိစ္စလဲ"

မိခင်ဖြစ်သူက မောင်နှမနှစ်ယောက်ကိုကြည့်၍ ကျေနပ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ သူတို့မောင်နှမနှစ်ယောက်က ထိုကဲ့သို့ ကြိုးစားနေကျဖြစ်သဖြင့် မိခင်ဖြစ်သူမှာ အလိုလိုသောကများ ပြေပျောက်စေခဲ့၏။

"မနက်ဖြန် လူနှစ်ယောက် အိမ်ကိုရောက်လာလိမ့်မယ်။ ပြီးတော့ အမေ့ဆီက ငွေချေးကြလိမ့်မယ်။ အဲဒါ သတိတော့ထားအမေ"

သမီးလေးသွေးမှ ပြောလိုက်သဖြင့် မိခင်ဖြစ်သူနှင့် အစ်ကိုဖြစ်သူရဲရင့် အံ့ဩမယုံကြည်နိုင် ဖြစ်သွားကြသည်။

သို့ရာတွင် ရှေ့တွင်ကြုံဖူးခဲ့သော အဖြစ်အပျက်များက ရှိနေသဖြင့် မယုံ၍ကလည်း မဖြစ်တော့ချေ။

"သမီး တကယ်ပြောတာလား"

မိခင်ဖြစ်သူက သံသယမကင်းစွာမေးသည်။

"သမီးညက အိပ်မက်မက်တာ အမေ"

"အင်း ... သမီးအိပ်မက်က များသောအားဖြင့် မှန်နေတာများတော့ အမေတို့ ပေါ့လို့တော့မဖြစ်ဘူး သမီး"

"သွေး ညီမလေး ... အမေ့ကို စိတ်ညစ်အောင်တော့ မလုပ်နဲ့နော်"

"ဟာ ... အစ်ကိုကြီးကလဲ။ ညီမလေးက တကယ်အိပ်မက်မက်လို့ ပြောတဲ့ဟာ"

"ကဲ ... ကဲ ... ဘာပဲဖြစ်ဖြစ်၊ အမေတို့ဘက်က သတိပိုတယ်ဆိုတာ မရှိဘူးပေါ့ကွယ်"

ထိုကဲ့သို့ပြောဆိုပြီးနောက် ရဲရင့်နှင့် ညီမဖြစ်သူ သွေးတို့ ကျောင်းတက်ခဲ့ကြတော့သည်။

## [ ၁၀ ]

နောက်တစ်နေ့တွင် သမီးလေးသွေးပြောသည့်အတိုင်း အမျိုးသားနှစ်ယောက် ရောက်လာကြသည်။

မိခင်ဖြစ်သူ မမြင့်အား ရေးဟောင်းနှောင်းဖြစ်များပြော၍ ၎င်းတို့လုပ်ငန်းအတွက် ငွေလိုအပ်နေ၍ ချေးကြ၏။

ထိုအချိန်၌ ရဲရင့်တို့မောင်နှမသည် ကျောင်းမှပြန်လာပြီး အိမ်ထဲသို့မဝင်သေးဘဲ အပြင်မှ နားထောင်နေခဲ့သဖြင့် ထိုသူတို့နှင့် မိခင်ဖြစ်သူ အပြန်အလှန်ပြောဆိုနေကြသော စကားများကို ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး . . . အမေတော့ အလိမ်ခံရပြီနဲ့တူတယ်"

ညီမဖြစ်သူသွေးက စိုးရိမ်စွာ တီးတိုးပြောလိုက်သည်။ ရဲရင့်က ခေါင်းညိတ်၍

"သေချာတယ် ညီမလေး။ အမေက အားနာတတ်တာ ခက်တယ်"

ဟုပြောဆို၍ ဆက်လက်၍ နားထောင်လိုက်ကြသည်။

"ကျွန်တော်တို့က အစ်ကိုလှမောင်နဲ့ ညီဝမ်းကွဲတွေပါ။ နာရေးဖြစ်တဲ့သတင်းကို လွန်ပြီးသိရတဲ့အတွက် များစွာစိတ်မကောင်းကြပါဘူး"

"ဟုတ်ပါတယ် အစ်မရယ်။ ခုလည်း ရှေ့မျက်နှာနောက်ထားပြီး လာခဲ့ရတာပါ။ ဒီရောက်မှ စကားပြောမထွက်ဘူး ဖြစ်နေတယ်"

ထိုလူနှစ်ယောက်က အတိုင်အဖောက်ညီညီနှင့် ပြောဆိုနေခြင်းကိုကြည့်၍ အပြင်၌နားထောင်နေသော ရဲရင့်နှင့် ညီမဖြစ်သူသွေးတို့ မိခင်အတွက် စိုးရိမ်သောကမကင်း ဖြစ်နေကြ၏။

"ပြောပါ . . . ငါ့မောင်တို့။ ဘာကိစ္စရှိလို့လဲ"

မိခင်ဖြစ်သူက စကားလမ်းဖွင့်ပေးလိုက်သဖြင့် ထိုလူနှစ်ယောက်အနက် တစ်ယောက်က . . .

"ဒီလိုပါ အစ်မ။ အစ်ကိုလှမောင်မသေခင်က ကျွန်တော်တို့လက်ရှိလုပ်နေတဲ့ လုပ်ငန်းနဲ့ပတ်သက်ပြီး အကူအညီတစ်ခုတောင်းထားတာရှိတယ်။ ကျွန်တော်တို့လည်း နယ်မှာခရီးလွန်နေတာနဲ့ ချက်ချင်းရောက်မလာနိုင်ခဲ့ဘူး"

ဟုပြောဆိုလေ၏။ နောက်တစ်ယောက်ကလည်း . . .

"ဟုတ်ပါတယ် အစ်မ။ ခုလည်း အစ်ကိုလှမောင်ကူညီမယ်





ပြောထားတဲ့ကိစ္စအတွက် လာခဲ့တာပါ"

"ကိုလှမောင်က ဘာကူညီမယ် ပြောထားလို့လဲ"

"ငွေနှစ်သိန်းပါ"

မိခင်ကမေးလိုက်သဖြင့် တစ်ယောက်က ဖြေလိုက်ခြင်းဖြစ်၏။

ထိုအခါ မိခင်ဖြစ်သူ မမြင့်မှာ ခေတ္တမျှစဉ်းစားလိုက်ပြီး . . .

"ကောင်းပြီလေ။ ကိုလှမောင်မသေခင်က ပြောထားတဲ့ကိစ္စအစ်မ မသိရပေမဲ့ ငါ့မောင်တို့အလုပ်အတွက် တကယ်လိုအပ်နေတယ်ဆိုရင် အစ်မကူညီလိုက်ပါ့မယ်"

"ဟာ . . . ဝမ်းသာလိုက်တာ အစ်မရယ်"

"အစ်မရဲ့ကျေးဇူး ကျွန်တော်တို့ တစ်သက်မမေ့ပါဘူး"

ထို့နောက် မိခင်ဖြစ်သူ မမြင့်ထံမှ ငွေနှစ်သိန်းကိုချေး၍ ထိုလူနှစ်ယောက် ပြန်သွားကြလေတော့၏။

ဒီတော့မှပင် ရဲရင့်တို့မောင်နှမ အိမ်ထဲသို့ဝင်လိုက်ကြပြီး မိခင်ဖြစ်သူအား . . .

"အမေက ဘာကြောင့် ဒီလူနှစ်ယောက်ကို ပိုက်ဆံချေးလိုက်တာလဲ"

"ဟုတ်တယ်။ သမီးပြောထားလျက်သားနဲ့ အမေရယ်။ ဒီလူကြီးတွေက လူလိမ်တွေပဲ"

ရဲရင့်နှင့်ညီမဖြစ်သူသွေးက မကျေမနပ်နှင့် ပြောဆိုလိုက်ကြခြင်းဖြစ်သည်။

"ပြီးတော့ အဖေ့ရဲ့ ညီဝမ်းကွဲတွေပြောပြီး ငွေချေးတဲ့ကိစ္စပေါ်ပေါ်တင်တင်ကြီးပဲ။ အမေက ဘာကြောင့် အလွယ်တကူပေးလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

ရဲရင့်က မိခင်အား အပြစ်တင်သလို ပြောလိုက်သည်။ ထိုအခါ မိခင်ဖြစ်သူက ရဲရင့်နှင့် ညီမဖြစ်သူသွေးကို ကျေနပ်စွာပြုံးကြည့်လိုက်၏။ ပြီးမှ ...

''အမေ အားလုံးသိပါတယ်၊ သားနဲ့သမီးရယ်။ သူတို့ လူလိမ်တွေဆိုတာမှန်တယ်။ ဒါပေမဲ့ ကိုလှမောင် သားတို့သမီးတို့အဖေနဲ့ ဆွေမျိုးမကင်းဘူးဆိုတာလည်း မှန်တယ်''

''ဒါနဲ့အမေက အလွယ်တကူပေးလိုက်ရောလား''

အချက်ကျကျ ပြောဆိုတတ်သော သမီးလေးသွေးကို ရင်ခွင်ထဲသိုင်းဖက်၍ ...

''ဒီမှာ သမီး။ သူတို့က အမေတို့ဆီက ငွေကိုလိုချင်နေတဲ့သူ။ မပေးရင် အမေတို့မိသားစုအတွက် အန္တရာယ်များတယ်။ ငွေဆိုတာ ပြန်ရှာလို့လွယ်တယ်။ ပြီးတော့ ငွေနှစ်သိန်းဆိုတာ သားတို့သမီးတို့အဖေထားရစ်ခဲ့တဲ့ ပစ္စည်းတွေအနက် အစွန်းထွက်လောက်တောင်မရှိပါဘူး။ ဒါကြောင့် အမေတို့မိသားစု အန္တရာယ်ကင်းဖို့အတွက် သူတို့လူလိမ်တွေဆိုတာ သိသိကြီးနဲ့ အမေထုတ်ပေးလိုက်တာပါ။ ကဲ ... ကဲ ... ဒီကိစ္စကို ခေါင်းထဲမထည့်ကြနဲ့တော့။ ကျောင်းကပြန်လာတာမောလာကြပြီ။ ရေချိုးပြီး အမေတို့မိသားစု ညစာအတူစားကြမယ်''

[ ၁၁ ]

❑

ထိုနောက်ပိုင်းတွင်လည်း မိခင်ဖြစ်သူထံသို့ မည်သည့်အရပ်က ရောက်လာကြမှန်းမသိသော ဆွေမျိုးများ ခြေချင်းလိမ်၍ရောက်လာကြပြီး ငွေများကို ဘာအတွက်၊ ညာအတွက် အကြောင်းပြချက်အမျိုးမျိုးပေး၍ ချေးငှားကြလေ၏။

မိခင်ဖြစ်သူမမြင့်ကလည်း ဆွေမျိုးဆိုသည့်ထိုလူများကို နှမြောတွန့်တိုခြင်းမရှိဘဲ ချေးငှားလေ၏။

ထိုကိစ္စနှင့်ပတ်သက်၍ ရဲရင့်တို့မောင်နှမ မိခင်အပေါ်အပြစ်တင်တိုင်း မိခင်ဖြစ်သူမမြင့်မှ အပြုံးမပျက်ဘဲ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပေးကမ်းစွန့်ကြဲခြင်းဟာ အောင်မြင်ခြင်းတစ်မျိုးပေါ့ သားနဲ့သမီးရယ်။ လူတိုင်းအပေါ် မေတ္တာမပျက်ပါစေနဲ့"

ဟူသောစကားဖြင့်သာ ဖြောင့်ဖျတတ်စမြဲ။ ထိုအခါ ရဲရင့်တို့မောင်နှမမှာ မိခင်စိတ်ချမ်းသာလျှင် ပြီးပြီဟူ၍သဘောပိုက်ကာ မိခင်ဖြစ်သူအား အပြစ်မတင်ရက်တော့။

သို့ရာတွင် ထိုအကြောင်းနှင့်ပတ်သက်၍ ရဲရင့်တို့မောင်နှမသည် ယောဂီဝတ်အဘိုးအိုအား ပြောပြဖြစ်ခဲ့သည်။

ယောဂီဝတ်အဘိုးအိုကလည်း အေးဆေးတည်ငြိမ်စွာဖြင့် ..

"မိခင်ဖြစ်သူကောင်းသလိုဆောင်ရွက်တာ အပြစ်မမြင်ကြပါနဲ့ကွယ်။ လူကလေးတို့ အပြစ်ရကြလိမ့်မယ်။ မိခင်ကိုစိတ်ချမ်းသာအောင်သာထားကြပါ"

ဟူ၍ ဆုံးမနှစ်သိမ့်ခဲ့၏။

ထိုရက်ပိုင်းအတွင်းမှာပင် ပွဲရုံမှ မန်နေဂျာဦးသော်ကောင်း မိခင်ဖြစ်သူ မမြင့်ထံသို့ရောက်လာပြီး လူတိုင်းအပေါ် မယုံကြည်ရန်နှင့် သားသမီးများအတွက် ရှေးရှုပြီး ငွေချေးတိုင်း အလွယ်တကူမပေးသင့်ကြောင်း သတိပေးတားမြစ်လေ၏။

ထိုကဲ့သို့ သတိပေးပြောဆိုပြီးနောက် မိခင်ဖြစ်သူမမြင့်သည် နောက်ထပ်ရောက်လာကြသော ဆွေမျိုးများအား အကျိုးအကြောင်းပြော၍ ငွေမချေးတော့ချေ။ ထို့နောက် အကြောင်းသိသွားသော ဟိုမှသည်မှဆွေမျိုးဆိုသူများမှာ ရောက်မလာကြတော့ချေ။

ဤသို့ဖြင့် တစ်ရက်တွင် ရဲရင့်တို့မောင်နှမ ကျောင်းတက်ရန်အတွက် အိမ်မှထွက်လာကြ၏။

လမ်းတစ်နေရာသို့အရောက်တွင် ရှာ၌ ကြေးရတတ်ချမ်းသာ





သော ဦးဘမြိုင်၏သားအကြီး ကိုဘတင့်ကိုတွေ့သဖြင့် ညီမဖြစ်သူ သွေးက ...

"အစ်ကိုကြီး ... ခဏ . အရေးကြီးလို့"

ပြောပြီး ကိုဘတင့်ရှိရာသို့ အပြေးတစ်ပိုင်းနှင့် သွား၏။ ကိုဘတင့်က တစ်ဖက်လမ်းချိုးသို့ ကွေ့ဝင်တော့မည်ဆဲဆဲ လှမ်းခေါ်လိုက်သည်။

"လေးလေးဘတင့် ... လေးလေးဘတင့်"

ကိုဘတင့်က ရပ်စောင့်နေသည်။ ညီမဖြစ်သူသွေးကို မြင်လိုက်ရသဖြင့် ကိုဘတင့် သိသိသာသာကြီး မျက်နှာပျက်သွား၏။

ရဲရင့်လည်း ညီမဖြစ်သူသွေးနောက်မှ အမီပြေးလိုက်ရာ ကိုဘတင့်အနားသို့အရောက်မှာ မီသွားသည်။

"ဘာကိစ္စလဲ သွေး"

ကိုဘတင့်က အသံခပ်မာမာနှင့်မေးသည်။

ထိုအခါ ညီမဖြစ်သူသွေးမှ စိုးရိမ်မကင်းသောလေသံနှင့် ..

"ဟို ... ဟို ... ဘဘမြိုင်ကို ဒီနေ့ ဆေးရုံမပို့ရင် ညနေသေလိမ့်မယ်"

"ဘာပြောတယ်။ တောက် ... နိမိတ်မရှိ၊ နမာမရှိကွာ။ ကလေးဖြစ်လို့ သည်းခံလိုက်တာ။ နို့မဟုတ်ရင် အသေပဲ။ သွား ... သွား ... အမင်္ဂလာကောင်မ"

ကိုဘတင့်မှ ကြိမ်းမောင်းလွှတ်သဖြင့် ညီမဖြစ်သူနှင့် ရဲရင့်နေရာမှ အမြန်ပြေးထွက်ခဲ့ကြ၏။

လမ်းရောက်တော့ ရဲရင့်မှ ညီမဖြစ်သူကို ...

"ညီမလေး ... ပြောထားလျက်သားနဲ့ကွာ။ ဘာကြောင့် ဒီလို



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ပတ်သက်ပြီး ပြောရတာလဲ''

ဟု အပြစ်တင်လိုက်သည်။

ထိုအခါ ညီမဖြစ်သူ သွေးမှာ မျက်နှာငယ်လေးနှင့် ဖြစ်သွားသည်။

''ညီမလေးက သူတို့ဒုက္ခရောက်မှာစိုးလို့ သတိပေးတာပါ''

''ရောက်ရောက်ကွာ။ တစ်ရွာလုံး လူမထင်တဲ့ဟာတွေ။ ပိုက်ဆံချမ်းသာတယ်ဆိုပြီး မရှိဆင်းရဲသားတွေအအပေါ် နိုင်ထက်စီးနင်းဆက်ဆံတာ။ ညီမလေးအသိမပေးလည်း သူတို့အဖေက သေမှာ''

မှန်ပေသည်။ ဦးဘမြိုင်တွင် ငွေကြေးချမ်းသာသော်လည်း လက်ရှိဖြစ်သော ရောဂါဝေဒနာကို မည်သည့်သမားတော်နှင့်မျှ ကုသ၍ မပျောက်ခဲ့ချေ။ နှစ်ရှည်လများ ငွေကုန်ကြေးကျသော အဖတ်တင်သည်။ ရောဂါက အမည်ဖော်မရဘဲ ငွေကုန်သံသရာလည်နေ၏။

ဦးဘမြိုင်သည် ယခင်က မကောင်းမှုမှန်သမျှ အကုန်လုပ်သည်။ မရှိဆင်းရဲသား ရွာသူရွာသားတို့အပေါ်မှာ ခေါင်းပုံဖြတ် နိုင်ထက်စီးနင်းပြုခဲ့သည်မှာ ကြာပြီ။ ထိုအကုသိုလ်အကျိုးကြောင့် ဦးဘမြိုင်လှည်းပေါ်မှလိမ့်ကျသည်။

ထိုအချိန်မှစ၍ လမ်းကောင်းကောင်းမလျှောက်နိုင်တော့။ သမားတော်များနှင့်ကုသသော်လည်း ရောဂါအမည်ကားဖော်မရဘဲ ကုသ၍မရခဲ့ချေ။ အရိုးကျိုးခြင်း၊ အကြောတင်ခြင်းလည်း မဟုတ်။

ထိုမှတစ်ဆင့် လပိုင်းကြာသောအခါ လည်ပင်းမှာ တဖြည်းဖြည်းကြီး၍ အစားမစား၊ ရေမသောက်နိုင်ဘဲ ဖြစ်လာ၏။

မြို့ပေါ်မှဆရာဝန်များနှင့် ကုသရန် ဘေးမှဝိုင်းအကြံပေးကြသော်လည်း ယုံကြည်မှုမရှိသဖြင့် ဆေးမြီးတိုများနှင့်သာ ကုသခဲ့၏။

သို့ရာတွင် ဘာမျှ ထူးခြားမှုမရှိဘဲ ရောဂါသာ တဖြည်းဖြည်းကျွမ်းလာ၏။

ထိုအချိန်မှာ ညီမဖြစ်သူသွေးမှ ပြောလိုက်သဖြင့် အနာပေါ်တတ်ကျသလိုဖြစ်ကာ ကိုဘတင့် အလွန်အမင်း ဒေါသထွက်သွားခြင်းပင်။

ပြီးတော့ ညီမဖြစ်သူ သွေးက လူဝင်စားဟူ၍လည်းကောင်း၊ စုန်းမဟူ၍လည်းကောင်း အမျိုးမျိုး ဝေဖန်သတ်မှတ်ချက်မျိုးရှိသဖြင့် ပို၍ဆိုးရွားသွားခြင်းပင်။

''ဒီလူကြီး မကြာခင် နောင်တရလိမ့်မယ်''

ညီမဖြစ်သူ သွေးက မကျေမနပ်ရေရွတ်လိုက်ခြင်း ဖြစ်သည်။

''ကဲပါ ...ညီမလေးရယ်။ ကိုယ်ပြောလျှက်သားနဲ့ သူတို့လက်မခံတာ သူတို့အလုပ်။ သွားကြမယ်။ ကျောင်းနောက်ကျနေပြီ''

ရဲရင့်တို့မောင်နှမနှစ်ယောက် ကျောင်းသို့ အမြန်သွားလိုက်ကြ၏။

ကျောင်းရောက်တော့ အချိန်မီပင်ဖြစ်သွားသည်။ ကျောင်းစာစသင်နေလေပြီ။

ဤသို့ဖြင့် ညနေကျောင်းမှ ကျောင်းပြန်လွှတ်ချိန်တွင် ထုံးစံအတိုင်း ရဲရင့်တို့မောင်နှမသည် အခြားကျောင်းသားတို့နည်းတူ အိမ်သို့ ဒရောသောပါး ပြန်ခဲ့ကြ၏။

သို့သော် အိမ်မရောက်မီ လမ်းတစ်ဝက်ရောက်သောအခါ ကိုဘတင့်၏သားနှစ်ယောက်က ရဲရင့်တို့မောင်နှမရှေ့တွင် ပိတ်ရပ်ပြီး ပြဿနာရှာတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



"လာခဲ့စမ်း ... စုန်းမ။ နင့်ကြောင့် ငါတို့အဘိုး ဆုံးသွားပြီ"

"ဟုတ်တယ်။ ငါတို့အဘိုးသေတာ နင့်ကြောင့်။ နင်ပြောလို့ သေသွားတာ။ နင့်ကို ပြန်သတ်မယ်"

ဒီတော့မှ ရဲရင့်နှင့်ညီမဖြစ်သူ သွေး သဘောပေါက်သွားကြသည်။

ထိုအခါ ရဲရင့်က မဟုတ်မခံသူပီပီ သူ၏ညီမကို ဤကဲ့သို့ ကြိမ်းဝါးဖို့မပြောနှင့်၊ လေသံအနည်းငယ် တင်းပြော၍တောင် မရ။ လွယ်ထားသောလွယ်အိတ်ကို ပြန်လွယ်ပြီး ညီမဖြစ်သူသွေးအား သူ၏ အနောက်သို့ အသာတွန်းပို့ကာ သူက အသင့်အနေအထားနှင့် ရင်ဆိုင် ရန်ပြင်လိုက်သည်။

"မင်းတို့က ငါ့ညီမကို ကြိမ်းဝါးရဲရအောင် ဘာကောင်တွေ မို့လို့လဲ။ ငါ့ညီမကို ထိရဲထိကြည့်။ လာခဲ့ကြစမ်း"

ကိုဘတင့်၏သား ကျော်ကြီးနှင့် ကျော်လေးမှာ နွားရိုင်းများ ကဲ့သို့ နှာတပူးပူးမှုတ်၍ ဒေါသကြောင့် ဘာမျှမြင်ပုံမရချေ။ ၎င်းတို့ သည် အမြဲတမ်းရှာ၍ ပြဿနာအမျိုးမျိုးရှာကြသူများဖြစ်သည်။ ရွယ်တူ များအပေါ်တွင်လည်း နိုင့်ထက်စီးနင်းပြုကြသူများဖြစ်၏။ ရဲရင့်ထက် အသက်အရွယ်ကြီးသော်လည်း ရဲရင့်ကား အခြားရွယ်တူများကဲ့သို့ ကြောက်တတ်သူမဟုတ်ချေ။ ထို့ကြောင့် ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင် ထားလိုက်ခြင်းဖြစ်သည်။

"အောင်မာ ... မင်းလို မလောက်လေး မလောက်စားကောင် ကများ စိန်ခေါ်လို့။ မင်းတို့မောင်နှမနှစ်ယောက်စလုံး အသေသတ်ပစ် မယ်"





အစ်ကိုဖြစ်သူ ကျော်ကြီးက ဒေါနှင့်မောနှင့်ပြောပြီး အရှိန် နှင့်ပြေးဝင်ကာ တိုက်ခိုက်သည်။ အရွယ်ချင်းမမျှသဖြင့် ရဲရင့်နှင့်ကျော် ကြီး လုံးထွေးမိသွားကြသည်။

ထိုအချိန်မှာ ညီဖြစ်သူကျော်လေးက ဝင်၍ သူ့အစ်ကိုဘက် မှ တိုက်ခိုက်သည်။ ရဲရင့်ကိုချုပ်ကိုင်ပြီး ထိုးကြိတ်ကြ၏။ ရဲရင့်ကလည်း ပြန်ချသည်။

သို့သော် နှစ်ယောက်တစ်ယောက်ဖြစ်သဖြင့် ရဲရင့်မှာ အရေး နိမ့်လာ၏။

ထို့ကြောင့် ညီမဖြစ်သူသွေးမှာ ဘာမျှစဉ်းစားမနေတော့ဘဲ အနီးတွင်တွေ့သော သစ်ကိုင်းခြောက်တစ်ခုယူ၍ ကျော်ကြီးနှင့်ကျော် လေးအား တစ်ချက်စီရိုက်လိုက်၏။

သို့ရာတွင် ကျော်ကြီးမှာ လဲကျသွားရာမှ ပြန်ထလာပြီး ညီမ ဖြစ်သူသွေးလက်ထဲမှ သစ်ကိုင်းခြောက်ကိုလုယူကာ ခေါင်းသို့ရိုက်ချ လိုက်တော့သည်။

ရဲရင့်အမြင်၌ ပြာခနဲဖြစ်သွားကာ နေရာမှကျုံးထပြီး ညီမ ဖြစ်သူအား ကာကွယ်ချိန်မရလိုက်ချေ။ နောက်ကျသွား၏။ ညီမဖြစ်သူ သွေးမှာ မျက်စိရှေ့မှောက်၌ ခွေခနဲ လဲကျသွားတော့၏။

ထိုအခါ ရဲရင့်သည် ညီမဖြစ်သူအတွက် လွန်စွာမှဒေါကန် သွားပြီး မည်သည့်အရာမျှ ဂရုမစိုက်တော့ဘဲ အိမ်ခြံစည်းရိုးကာရံထား သော ဝါးတစ်ချောင်းကို ခြေထောက်ဖြင့် 'ဖြောင်း'ခနဲကန်ချိုး၍ ယူ လိုက်ပြီး ကျော်ကြီးနှင့်ကျော်လေးအား အဆက်မပြတ် ရိုက်ချလိုက် လေတော့၏။

ကျော်ကြီးနှင့်ကျော်လေးမှာ ငယ်သံပါအောင် အော်ဟစ်၍



www.burmeseclassic.com

www.burmeseclassic.com



နေရာ၌ သွေးသံရဲရဲ ပုံကျသွားလေတော့သည်။

ထိုအချိန်၌ နှစ်ဖက်မိဘဆွေမျိုးသားချင်းများ၊ ရွာသူရွာသားများရောက်ချလာကြပြီး ထိုမြင်ကွင်းကြောင့် အံ့ဩထိတ်လန့်သွားကြလေတော့၏။

❖ ❖ ❖

[ ၁၂ ]

❑

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး နာရီပိုင်းအတွင်းမှာပင် ခေါင်းမှဒဏ်ရာကြောင့် သတိလစ်မေ့မြောနေခဲ့သော သွေးသည်ပြန်လည်သတိရလာသည့်အခါ အနားတွင် စိုးရိမ်မျက်ဝန်းများနှင့် ထိုင်နေကြသော မိခင်ဖြစ်သူနှင့် အစ်ကိုဖြစ်သူအား တွေ့လိုက်ရသည်။

"သမီးလေး ... သတိရလာပြီ။ သမီး ဖြစ်မှဖြစ်ရလေ သမီးလေးရယ်"

မိခင်ဖြစ်သူမှဖက်ပြီး စိတ်မကောင်းစွာငိုသည်။ သွေးသည်လည်း မျက်ရည်များကျလာ၏။ ခေါင်းမှ တစစ်စစ် ကိုက်ခဲနာကျင်မှုကြောင့် လှုပ်ရှားနိုင်ခြင်း မရှိချေ။

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



''ညီမလေး . . . ညီမလေး၊ ဘာမှမဖြစ်ဘူးနော်''

ညီမဖြစ်သူ သွေးမှ ခေါင်းညိတ်ပြသည်။

ထိုအချိန်၌ ယောဂီဝတ်အဘိုးအိုနှင့် မန်နေဂျာဦးသော်ကောင်း ရောက်လာကြ၏။

''ဘိုး . . . ဘိုး''

ယောဂီဝတ်အဘိုးအိုနှင့် ဦးသော်ကောင်းက ညီဖြစ်သူ သွေး ဘေး၌ ဝင်ထိုင်လိုက်ကြသည်။

''ဘိုးဘိုး . . . . သမီးဆီကိုလာတာလား''

ညီမဖြစ်သူသွေးက တိုးတိုးညင်းညင်း မေးလိုက်ခြင်းဖြစ်သည်။

ယောဂီဝတ်အဘိုးအိုက ခေါင်းညိတ်၍ ပြုံးကြည့်ပြီး . . .

''လာရတာပေါ့ မြေးရယ်။ ဘေးမသီရန်မခဘဲ ငါ့မြေးကို လာ တွေ့ရတာပဲ ကံကောင်းလှပြီ''

ယောဂီဝတ်အဘိုးအိုကပြောရင်း မျက်ရည်များ ရစ်ဝဲလာ၏။

မိခင်ဖြစ်သူနှင့်ရဲရင့်မှာ ယောဂီဝတ်အဘိုးအို၏ ရုတ်တရက် ပြောင်းလဲသွားမှုကိုကြည့်၍ အံ့သြနားမလည်နိုင်အောင် ဖြစ်နေသည်။

ထိုအခါ ယောဂီဝတ်အဘိုးအိုက သက်ပြင်းချ၍ . . .

''ငါ့မြေးတို့ ခုချိန်ကစပြီး အဘိုးရင်ခွင်နဲ့အဝေးဆုံးမှာ မနေ ရတော့ပါဘူးကွယ်''

ဆိုလာသော အဘိုးအို၏စကားကြောင့် သားအမိသုံးယောက် စလုံး ပို၍နားမလည်နိုင် အံ့သြသွားကြတော့၏။

''ဒီကငါ့သမီးနဲ့ ငါ့မြေးတို့အားလုံးရှင်းသွားအောင် အဘိုး အစအဆုံးရှင်းပြပါတော့မယ်ကွယ်''

အဘိုးအိုက စကားကိုခေတ္တဖြတ်၍ အဝေးသို့ကြေကွဲစွာကြည့်



BURMESE CLASSIC .com



သည်။ ပြီးမှ . . .

''တကယ်တော့ အဘိုးဟာ ဒီအရပ်ကိုရောက်လာတာ ဂန္ဓာရီ အမိဋ္ဌာန်သက်သက် မဟုတ်ခဲ့ပါဘူး။ ဒါက ငါ့မြေးနှစ်ယောက်နဲ့ ဟောဒီ က သမီးတို့ကို စောင့်ရှောက်ကူညီအောင် ကိုသော်ကောင်းနဲ့ ကြိုတင် စီစဉ်ခဲ့တာပါ''

အဘိုးအို၏စကားကြောင့် ရဲရင့်နှင့်အတူ မိခင်ဖြစ်သူရော၊ ညီမဖြစ်သူသွေးပါ တအံ့တသြ ရှိနေကြ၏။ အဘိုးအိုက ဆက်ပြော သည်။

''အရှင်းဆုံးပြောရရင် အဘိုးဟာ ဒီကမြေးလေးနှစ်ယောက် ရဲ့ အဘိုးအရင်းပါကွယ်''

''ရှင် . . . ကျွန်မသားနဲ့သမီးက အဘိုးရဲ့မြေးတွေဟုတ်လား။ ကျွန်မဘာယ်လိုမှ နားမလည်နိုင်တော့ဘူး''

မိခင်ဖြစ်သူက တအံ့တသြဆိုလိုက်သည်။

ထိုအခါ အဘိုးအိုက ခေါင်းညိတ်၍ . . .

''အဘိုး ဆက်ရှင်းပြပါ့မယ်ကွယ်။ ကားအက်ဆီးဒင့်ဖြစ်ပြီး ကွယ်လွန်သွားတဲ့ မောင်လှမောင်ဟာ အဘိုးရဲ့ ပထမအိမ်ထောင်နဲ့ရ တဲ့သားပါ။ နှစ်ပေါင်းများစွာကွဲကွာပြီး သူသေဆုံးချိန်မှပဲ ပြန်ဆုံခဲ့ကြ ရတယ်။ မောင်လှမောင် ကားအက်ဆီးဒင့်ဖြစ်တဲ့နေ့ ညကမှ အဘိုးရဲ့ သားအရင်းဖြစ်ကြောင်းသိရတာ။ အဲဒီညက ကားအက်ဆီးဒင့်ဖြစ်ဖြစ် ချင်း မြို့ကနေ အဘိုးကိုယ်တိုင်လာခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ ရှိတဲ့ အဘိုးရဲ့ပွဲရုံလက်ခွဲမှာ မောင်လှမောင် ကုန်ကားမောင်းဒရိုင်ဘာ အဖြစ် သက်တမ်းအကြာဆုံးနဲ့ တာဝန်အကျေဆုံး၊ သစ္စာအရှိဆုံး လက်ရုံး တစ်ဆူဖြစ်ခဲ့တယ်။ ဒါကြောင့် သူ့ရဲ့နာရေးကို အဘိုးကိုယ်တိုင်လာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့တာ။ ဒီရောက်မှအဖြစ်မှန်အားလုံးကို သိခွင့်ရလိုက်တာ။ စိတ်မကောင်းတာက မောင်လှမောင်ဟာ အဘိုးနဲ့သားအဖအဖြစ် သိမသွားခဲ့ရှာလို့ပဲ''

အဘိုးအိုက မောသွားဟန်နှင့် စကားကို ခေတ္တဖြတ်လိုက်၏။ ပြီးမှ ဆက်ပြောလာသည်။

''ဒါကြောင့် အဘိုးယူကျုံးမရဖြစ်ခဲ့တာ။ ဒီလိုနဲ့ ဒီကကိုသော်ကောင်းကို အဖြစ်မှန်ဖွင့်ပြောပြပြီး အားလုံးအစီအစဉ်ချခဲ့တယ်။ အဘိုးရဲ့ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့သား မောင်လှမောင်ရဲ့ဈာပနမြေချဖို့ကိစ္စကအစ ဒီက မြေးတို့မိသားစုကိုထောက်ပံ့ဖို့အထိ ကိုသော်ကောင်းကနေတစ်ဆင့် စီစဉ်နိုင်းခဲ့တာ။ အဲဒီအချိန်ကတည်းက အဘိုးဟာ အဖြစ်အမှန်အတိုင်းပြောပြီး တာဝန်ယူလိုက်ရင် ဘယ်သူမှ အယုံအကြည်မရှိမှာ စိုးတာရယ်၊ ပြီးတော့ ငါ့သမီးဟာ မာနကြီးပြီး ဘယ်သူ့အကူအညီကိုမှ မယူတတ်တာကို သိထားတာကြောင့် ဒီရွာကသချိုင်းမှာ ဂန္ဓာရီ၊ အဓိဋ္ဌာန်ဝင်သူအဖြစ်နဲ့ မြေးတို့မိသားစုကို စောင့်ရှောက်ခဲ့တာပါ။ အချိန်တန်မှ အဖြစ်မှန်အားလုံးကို ဖွင့်ပြောပြီး မြေးတို့မိသားစုကိုစောင့်ရှောက်ဖို့ အပြီးတိုင်ခေါ်သွားဖို့ ဆုံးဖြတ်ထားခဲ့တယ်''

''ဒါဆိုရင် သရက်ပင်ကြီးအောက်က တူးဖော်ရရှိတဲ့ ရတနာတွေကရော ဘိုးဘိုး''

ရဲရင့်က မေးလိုက်ခြင်းဖြစ်သည်။

''အဲဒါတွေက ငါ့မြေးတို့မိသားစုကို ထောက်ပံ့နိုင်အောင်လို့ အဘိုးကိုယ်တိုင် စီစဉ်ခဲ့တာ။ ဒီကိစ္စမပြောခင် အဘိုးရဲ့တပည့်တွေလွှတ်ပြီး သရက်ပင်ကြီးအောက်မှာ စာတစ်စောင်နဲ့ ရတနာတွေထည့်ထားတဲ့ သေတ္တာတစ်လုံး မြှုပ်နှံထားခိုင်းစေခဲ့တာ။ ပြီးမှ မြေးတို့ကိုပြောပြီး





တူးခိုင်းခဲ့တာ။ ဒီအတိုင်း မြေးတို့ကိုပေးရင် အလွယ်တကူ လက်မခံမှာစိုးတာနဲ့ တစ်ဖက်လှည့်နဲ့ ထောက်ပံ့ခဲ့တာဖြစ်တယ်။ ခုတော့ အဘိုးဟာ ပူန်းလျှိုးကွယ်လျှိုးလုပ်စရာ မလိုတော့ဘူး။ မြေးတို့သားအမိတစ်တွေကို ဒီအရပ်ကနေ အပြီးတိုင်ခေါ်သွားဖို့ အဘိုးဆုံးဖြတ်ပြီးပြီ။ အဘိုးနဲ့လိုက်ခဲ့ကြပါကွယ်''

အဘိုးအို၏စကားအဆုံးတွင် လုံးဝမယုံကြည်နိုင်သော အဖြစ်အပျက်တို့အတွက် အားလုံးရှင်းသွားပြီဖြစ်သလို၊ ဝမ်းသာခြင်းများလည်း သားအမိသုံးယောက်စလုံး ခံစားကြရတော့သည်။

''ဟုတ်ပါတယ် တူမကြီး။ ဒီကမြေးလေးတို့ရဲ့ အဘိုးဆန္ဒကို လက်ခံလိုက်ကြပါ။ အဘိုးမှာ လုပ်ငန်းပေါင်းများစွာပိုင်ဆိုင်ပြီး ငွေကြေးပြည့်စုံပေမဲ့ မျိုးဆက်သစ်ဆိုတာ မရှိခဲ့ဘူး။ ပြီးတော့ အဘိုးက လုပ်ငန်းအားလုံးကိုစွန့်ပြီး တရားဓမ္မအရိပ် ဝင်ရောက်တော့မှာဖြစ်လို့ ငါ့တူမကြီးတို့သားအမိ ပါရမီဖြည့်သင့်တယ်လို့ ထင်တယ်။ အဆိုးထဲက အကောင်းလို့ပဲ မှတ်လိုက်ပါတော့ကွယ်''

ဦးသော်ကောင်းကပါ ဝင်ရောက်၍ အကျိုးအကြောင်း ရှင်းပြသည်။

အဘိုးအိုအား သွေးသားတော်စပ်သူအဖြစ် ခုမှသိရသော်ငြားမမြင့်ရင်ထဲ၌ နွေးထွေးမှုအရိပ်အငွေ့ကို နီးကပ်စွာခံစားရသည်။

ထို့ကြောင့် အဘိုးအို၏ဆန္ဒအား လက်ခံခေါင်းညိတ်လိုက်လေတော့၏။

''အဘိုးဝမ်းသာလိုက်တာ သမီးရယ်။ ဒီအရပ်ဒေသမှာ သမီးတို့မိသားစုဆက်ရှိနေရင် အန္တရာယ်ကြုံရဦးမှာ။ ခုချိန်ကစပြီး ငြိမ်းချမ်းပြီလို့သာ သတ်မှတ်လိုက်တော့''



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ညီမဖြစ်သူ သွေးနေကောင်းသောနေ့တွင် အဘိုးအိုနှင့်အတူ ရဲရင့်တို့သားအမိသုံးယောက် ပျော်ရွှင်စွာလိုက်ပါသွားကြလေတော့၏။

ထိုအချိန်၌ မိခင်ဖြစ်သူ မမြင့်သည် လူသားအားလုံးအပေါ် မေတ္တာမပျက်၊ စေတနာထားခဲ့သော လက်တွေ့အကျိုးတရားဖြစ်လိမ့်မည်ဟူ၍လည်း တွေးမိလိုက်ပါလေတော့သတည်း။

နွယ်ရှင် (ရွှေကျင်မြို့)

BURMESE CLASSIC .com


[redacted]

NEW IDEA

စိတ်ကူးသစ်စာပေ




စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၆၃၀၄၁၀


www.burmeseclassic.com